Student Guide to Japan

2019-2020

Independent Administrative Institution
独立行政法人
日本学生支援機構
JASSO Japan Student Services Organization

STUDY in JAPAN

Myanmar Version

CONTENTS - Student Guide to Japan 2019 - 2020

Chapter 1 ဂျပန်ပညာတော်သင်နှင့်ပတ်သက်ပြီး သိရှိခြင်း။

01 ဂျပန်ပညာတော်သင်အတွက် ဆွဲဆောင်မှု

02 ဂျပန်နိုင်ငံသည် မည်သို့သောနိုင်ငံဖြစ်သနည်း။

04 ဘာကြောင့် ဂျပန်ကို ပညာတော်သင်သွားချင်တာလဲ။

05 ဂျပန်ပညာတော်သင်သွားရန်အတွက် ရွေးချယ်ရသည့် အကြောင်းအရင်း

06 Campus Diary (1)

07 ဂျပန်ပညာတော်သင်အစီအစဉ်

08 Schedule

Chapter 2 ကျောင်း၊ စာမေးပွဲအကြောင်းကို သိရှိခြင်း။

10 ဂျပန်နိုင်ငံ၏ပညာရေးစနစ်

12 တက္ကသိုလ်နှင့်ဥပစာကောလိပ်

14 ဘွဲ့လွန်တက္ကသိုလ်

17 အင်္ဂလိပ်ဘာသာဖြင့် ဒီဂရီရရှိနိုင်သည့်အတန်း

18 ကာလတိုပညာသင်ခြင်းနှင့် ကျောင်းပြောင်းခြင်း

19 နည်းပညာ(ဥပစာကောလိပ်)

20 သက်မွေးပညာသင်(ဥပစာကောလိပ်)

22 ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းများ

24 ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)

26 ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန်အတွက် စာမေးပွဲများ

27 Campus Diary (2)

Chapter 3 နေထိုင်မှုအကြောင်း သိရှိခြင်း။

28 လူဝင်မှုကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများ

32 ပညာတော်သင်အတွက် လိုအပ်သောကုန်ကျစရိတ်

33 နေထိုင်မှုကုန်ကျစရိတ်၊ ကုန်ဈေးနှုန်း

34 ကျောင်းစရိတ်

36 ပညာသင်ဆု

38 အချိန်ပိုင်းအလုပ်

39 နေရာထိုင်ခင်း

40 ကျန်းမာရေးအာမခံ၊ မတော်တဆထိခိုက်မှုအာမခံ

41 အလုပ်သင်၊ အလုပ်အကိုင်ရှာဖွေခြင်း

42 ဂျပန်တွင် ကုမ္ပဏီအလုပ်ရခြင်း

Chapter 4 ထပ်မံသိရှိစေသည့်အချက်များ။

43 စာရင်းဇယား

44 ဂျပန်နိုင်ငံတွင်ပညာသင်ကြားခြင်းQ & A / ဂျပန်ပညာတော်သင်သွားရောက်ရန်အတွက် ချိတ်ဆက်ထားသောလုပ်ငန်းများ

45 သတင်းအချက်အလက်စုစည်းထားခြင်း

Photo Courtesy of Ministry of Economy, Trade and Industry , Kyoto University , Ochanomizu Women`s University, Sophia University, Tokai University, Anabuki College Group, Laugh & Peace Entertainment School Okinawa, Ajinomoto do Brasil

ဂျပန်ပညာတော်သင်အတွက် ဆွဲဆောင်မှု

Why Study in Japan?

ကမ္ဘာ့အဆင့်မြင့်ဆုံးပညာရေးအဆင့်

ဂျပန်ပညာတော်သင်၏ အမြင့်ဆုံးဆွဲဆောင်မှုမှာ နောက်ဆုံးပေါ်နည်းပညာနှင့် ဗဟုသုတများကို လေ့လာနိုင်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် နည်းပညာနယ်ပယ်တွင် ကမ္ဘာကို ဦးဆောင်နေပြီး၊ အရင်နှစ်များ၌ နှစ်စဉ်လိုလို နိုဗယ်ဆုများကို ဆွတ်ခူးနိုင်ခဲ့ပါသည်။ မော်တော်ကား၊ ဒီဂျစ်တယ်ကင်မရာ၊ Optical fiber ၊ လူလုပ်နှလုံးစသည့် ထူးချွန်ပြောင်မြောက်လှသောသိပ္ပံနည်းပညာဖြင့် တီထွင်ဖန်တီးထားသောပစ္စည်းများသည် ကမ္ဘာ့အလယ်တွင် အသိအမှတ်ပြုခံရပြီး၊ လူတွေ၏ နေထိုင်မှုကို ပံ့ပိုးပေးနေပါသည်။ တစ်ဖန်၊ ဂျပန်ရှိကျောင်းများ၌ အတတ်ပညာအရည်အချင်းသာမကဘဲ ယဉ်ကျေးသော အမူအကျင့်ကို စွဲမြဲစေခဲ့သည့်အတွက်၊ လူ့ဘောင်အဖွဲ့အစည်းသို့ ဝင်ရောက်သည့်အခါတွင် အကျိုးသက်ရောက်မှုရှိသည်ဟု ပညာတော်သင်ကျောင်းသားထံမှ ချီးကျူးခံရလျက်ရှိပါသည်။

သင့်တင့်လှသည့်ကျောင်းစရိတ်

ဂျပန်နိုင်ငံ၏ကျောင်းစရိတ်သည် အမေရိကန်နဲ့ အင်္ဂလန်နိုင်ငံတို့ဖြင့် နှိုင်းယှဉ်ပါက သက်သာလှပါသည်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံရှိနိုင်ငံပိုင်တက္ကသိုလ်၏ကျောင်းစရိတ်သည်၊ အမေရိကန်နိုင်ငံရှိ ပုဂ္ဂလိကပိုင်တက္ကသိုလ်ကျောင်းစရိတ်၏ ၃ပုံ၁ပုံခန့်ဖြစ်ပါသည်။ ထို့အပြင် ဂျပန်နိုင်ငံတွင် ပညာတော်သင်ကျောင်းသားများအတွက် ပညာသင်ဆုနှင့် ကျောင်းလခကင်းလွတ်ခြင်း၊ လျှော့ပေးခြင်းစနစ်များလည်း ရှိပါသည်။

နိုင်ငံတကာဆန်သည့်ပတ်ဝန်းကျင်

လက်ရှိ ကမ္ဘာပေါ်ရှိ နိုင်ငံ၊ ဒေသ ၁၈၀ ကျော်မှလာသော ပညာတော်သင်ကျောင်းသား ၃သိန်းခန့်သည် ဂျပန်နိုင်ငံရှိတက္ကသိုလ်နှင့် ဂျပန်ဘာသာစကားကျောင်းတို့တွင် ပညာသင်ယူလျက်ရှိပါသည်။ အရှိန်အဟုန်အပြည့်နှင့် တိုးတက်လျက်ရှိသော အာရှနိုင်ငံကို၊ ကမ္ဘာကလည်း စိတ်ဝင်စားလျက်ရှိပါသည်။ ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်ခြင်းသည်၊ ဂျပန်တစ်နိုင်ငံသာမဟုတ်ဘဲ တစ်ကမ္ဘာလုံးကို လေ့လာနိုင်ရန်အတွက်လည်း ဆက်နွယ်လျက်ရှိပါသည်။ တစ်ဖန်၊ ဂျပန်စာမရရှိခြင်းဟာ အဟန့်အတားတစ်ခုဖြစ်မနေဘဲ၊ အင်္ဂလိပ်ဘာသာဖြင့် ဒီဂရီရရှိနိုင်သည့်အတန်းများလည်း တိုးပွါးလာလျက်ရှိပါသည်။

သဘာဝတရားနှင့် ယဉ်ကျေးမှုပေါကြွယ်ဝခြင်း

နွေဦးရာသီ၊ နွေရာသီ၊ ဆောင်းဦးရာသီ၊ ဆောင်းရာသီစသည့် ရာသီဥတုကို ပျော်ရွှင်စွာခံစားနိုင်မည့် သဘာဝတရားပေါကြွယ်ဝလှသည့်ဂျပန်နိုင်ငံ။ တစ်ဖန်၊ ပင်လယ်ဝန်းရံလျက်ရှိသော ဂျပန်နိုင်ငံတွင်၊ ရှေးကျလှသည့် ယဉ်ကျေးမှုများလည်း ရှိပါသည်။ လက်ရှိတွင်၊ လက်ဖက်ရည်ကြမ်းတည်ခင်းခြင်းအနုပညာ (Chado)၊ ပန်းအလှပြင်ခြင်း (Ikebana) စသည့် ရိုးရာယဉ်ကျေးမှုနဲ့၊ Anime ၊ Manga စသည့် လူသိများလှသောယဉ်ကျေးမှုများလည်း ရှိပါသည်။ UNESCO Intangible cultural heritage အနေဖြင့် စာရင်းသွင်းခံရသည့် ဂျပန်ရိုးရာအစားအစာသည် ရာသီအလိုက် အစားအစာ ကုန်ကြမ်းကို အသုံးပြုပြီး၊ အရောင်အသွေးကြွယ်ဝလှကာ ကျန်းမာရေးနဲ့ညီညွတ်သော အစားအစာအဖြစ် ကမ္ဘာ့အလယ်တွင် အာရုံစိုက်ခံရပါသည်။

ဂျပန်နိုင်ငံတွင် အလုပ်ဝင်ခြင်း

ဂျပန်နိုင်ငံတွင် နိုင်ငံသားခွဲခြားခြင်းမရှိဘဲ ထူးချွန်လှသောနိုင်ငံခြားသားပညာတော်သင်ကျောင်းသားများကို အလုပ်ခန့်အပ်မှုလည်း များလာပါသည်။ ၎င်းတို့သည်လည်း ကမ္ဘာနဲ့ချိတ်ဆက်ပေးသည့်တံတားအနေဖြင့် အမျိုးမျိုးသောအတွေးအခေါ်များဖြင့် အဖွဲ့အစည်းများတွင် လှုပ်ရှားလျက်ရှိပါသည်။ ဂျပန်တွင် လုပ်ငန်းကြီးများသာမကဘဲ အသေးစား၊ အလတ်စားလုပ်ငန်းတွင်လည်း ကမ္ဘာ့အဆင့်နံပါတ်(၁)ဖြစ်သည့် နည်းပညာနှင့် ရှယ်ယာဈေးမြင့်မားလျက်ရှိသော ခိုင်မာသည့်လုပ်ငန်းတွေလည်း အများကြီးရှိပါသည်။ ဂျပန်နိုင်ငံတွင် အလုပ်ဝင်ခြင်းသည် အနာဂါတ်အတွက်လည်း ဗဟုသုတနဲ့ အတွေ့အကြုံများ များစွာရရှိနိုင်စေမည့် အခွင့်အရေးလည်းဖြစ်ပါသည်။

ဂျပန်နိုင်ငံသည်မည်သို့သော နိုင်ငံဖြစ်သနည်း။

1 ပျမ်းမျှအသက် - ကမ္ဘာ့အဆင့် (၁)

1 လုပ်ငန်းသုံးစက်ရုပ်အသုံးချမှုအရေအတွက် - ကမ္ဘာ့အဆင့် (၁)

3 UNအတွက်ထောက်ပံ့မှု - ကမ္ဘာ့အဆင့် (၃)

3 ပြည်သူ့ဝင်ငွေရရှိမှု (GNI) - ကမ္ဘာ့အဆင့် (၃)

3 ကားထုတ်လုပ်မှုအရေအတွက် - ကမ္ဘာ့အဆင့် (၃)

ဂျပန်လူမျိုးနိုဘဲလ်ဆုရှင်ဦးရေ - ၂၆ဦး။ ကမ္ဘာ့အဆင့် ၇ (အာရှတွင်နံပါတ်-၁)

ကမ္ဘာတွင်ငြိမ်းချမ်းမှုအဆင့် - ကမ္ဘာ့အဆင့် (၉) (အာရှတွင်အဆင့် -၂)

လူဦးရေ - ကမ္ဘာ့အဆင့် (၁၀)

ရှေးဟောင်းအမွေအနှစ်အရေအတွက် - ကမ္ဘာ့အဆင့် (၁၂) (အာရှတွင်အဆင့် - ၄)

ကိုးကား - Ministry of Foreign Affairs of Japan
ကိုးကား - Global Peace Index 2018
ကိုးကား - Education, Culture, Sports, Science and Technology of Japan, 2018
ကိုးကား - Nobel Foundation

ဂျပန်နိုင်ငံ၏အခြေခံအချက်အလက်များ

ဧရိယာ : ပျမ်းမျှ 378,000 km²

လူဦးရေ : 126,420,000 ဦးရေ

မြို့တော် : တိုကျို

ဘာသာစကား : ဂျပန်စကား

ငွေကြေး : ယန်း (¥)

ကိုးကား - Statistic Bureau, Ministry of Internal Affairs and Communications (2018 December)

သဘာဝတရား ပေါကြွယ်ဝသော . . .

အရသာရှိအစားအစာများ များပြားသော . . .

သမိုင်းကြောင်းအစဉ်အလာ ပြည့်ဝသော . . .

Introduction of Japan Website

- Web Japan (Ministry of Foreign Affairs) OF JAPAN
  https://web-japan.org/
- Japan National Tourism Organization (JNTO)
  https://www.jnto.go.jp/
- Attractive Regions of Japan (Japan Trourism Agency)
  http://www.mlit.go.jp/kankocho/cruise/jp/introduction/index.html

ဘာကြောင့်ဂျပန်မှာ ပညာသင်ယူချင်ရတာလဲ။

ယခုလက်ရှိပညာသင်ယူနေသူများကို မေးမြန်းခဲ့ပါသည်!!!

Q ဘာကြောင့်ဂျပန်နိုင်ငံကို ပညာသင်သွားရောက်ဖို့ ရွေးချယ်ခဲ့သနည်း။ (အဖြေအရေအတွက်များ)

A

၁။ ဂျပန်လူ့ဘောင်အဖွဲ့အစည်းကို စိတ်ဝင်စားမိကာ၊ ဂျပန်တွင် နေထိုင်ကြည့်ချင်မိသောကြောင့် . . . **60.8%**

၂။ ဂျပန်စာ၊ဂျပန်ယဉ်ကျေးမှုကို သင်ယူချင်သောကြောင့် . . . **48.2%**

၃။ ဂျပန်တက္ကသိုလ်များမှ ပညာရေး၊ သုတေသနလုပ်ငန်းများဟာ ဆွဲဆောင်မှုရှိသည်ဟု ထင်မိသောကြောင့် . . . **34.1%**

၄။ ဂျပန်နှင့်ဆက်စပ်နေသောလုပ်ငန်းများတွင် အလုပ်ဝင်လိုသောကြောင့် . . . 24.5%

၅။ မတူညီတဲ့ယဉ်ကျေးမှုကို ထိတွေ့လိုခြင်းကြောင့် . . . 23.7%

၆။ စိတ်ဝင်စားသည့်အထူးပညာရပ်နယ်ပယ်ရှိသောကြောင့် . . . 23.6%

၇။ သူငယ်ချင်း၊ အသိ၊ မိသားစုတို့ မှ တိုက်တွန်းသောကြောင့် . . . 18.4%

၈။ ပထဝီအနေအထားအရနီးသောကြောင့် . . . 17.5%

၉။ တခြားနိုင်ငံများကိုလည်း စဉ်းစားခဲ့သေးပေမယ့်၊ ပညာအရည်အချင်းနှင့်ကုန်ကျစရိတ်စတဲ့အချက်တွေက အကိုက်ညီဆုံးနေရာဖြစ်သောကြောင့် . . . 16.8%

၁၀။ ပညာသင်ဆုရရှိခဲ့သောကြောင့် . . . 5.5%

Q ဂျပန်တွင်ပညာသင်ယူနေတဲ့ပုံရိပ်ကတော့???

A



ကိုးကား- ၂၀၁၇ ခုနှစ် မိမိစရိတ်ဖြင့်နိုင်ငံခြားပညာသင်ကျောင်းသား၏ နေထိုင်မှုအခြေအနေစစ်တမ်းအရ။ (JASSO)

ဂျပန်လူမျိုးနှင့် အခြားနိုင်ငံခြားသား သူငယ်ချင်းများနှင့် မိတ်ဖွဲ့ကာ တက်တက်ကြွကြွ ပေါင်းသင်းဆက်ဆံသွယ်မှုပြုလုပ်ခြင်း။ သင်ရိုးပြင်ပလှုပ်ရှားမှုများတွင် အစွမ်းကုန်ပါဝင်ခြင်းဖြင့် ကျေနပ်အားရဖွယ်ကောင်းသည့် လူနေမှုဘဝကို ရရှိခဲ့ပါသည်။

ထူးချွန်ပြောင်မြောက်လှတဲ့ သုတေသနပညာရှင်နှင့် ပညာရှင်ပတ်ဝန်းကျင်တွေနဲ့ ဝန်းရံလျက်ရှိပြီး၊ ကျေနပ်စရာကောင်းလှတဲ့ သုတေသနပြုလုပ်မှုကိုဖန်တီးနိုင်ပါတယ်။ ပြတ်ပြတ်သားသားရှိလှတဲ့ စံနှုန်းတွေကို ထားရှိကာ၊ သုတေသနမှာ အာရုံစိုက်လုပ်ကြည့်ပါ။

ဂျပန်နိုင်ငံရဲ့ထူးခြားမှုတစ်ခုဖြစ်တဲ့ အလုပ်ဝင်ဖို့ ကြိုးပမ်းမှုဟာ ပင်ပန်းလှပေမယ့်၊ မိမိကိုယ်ကိုပြန်လည်သိရှိစေကာ၊ တကယ့်ကိုတိုးတက်လာစေဖို့အတွက် အဖိုးတန်လှတဲ့ အတွေ့အကြုံဖြစ်ခဲ့တယ်။

စီနီယာများရဲ့ အတွေ့အကြုံတွေကို နားထောင်ကြည့်ရအောင်

ဂျပန်ပညာတော်သင်သွားရောက်ရန် ဆုံးဖြတ်ရသည့်အကြောင်းရင်း

Venezuela

ဗင်နီဇွဲလားနိုင်ငံမှ ပညာသင်ကျောင်းသား
Tokyo Japanese Education Center

ကျွန်တော်၊ ဂျပန်နိုင်ငံရဲ့ယဉ်ကျေးမှုကို စိတ်ဝင်စားလာရတဲ့အကြောင်းအရင်းကတော့၊ အခြားကျောင်းသားတော်တော်များများလိုပဲ Anime ကြောင့်ပဲဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ Anime ဟာ ကလေးတွေအတွက် အပန်းဖြေစရာကာတွန်းတေင်မက၊ လက်ရှိလူ့အဖွဲ့အစည်းပြဿနာကို ဖော်ထုတ်ခြင်းနဲ့ သူငယ်ချင်းသံယောဇဉ်ကြီးမားပုံကို ခေါင်းစဉ်အနေနဲ့ ဖော်ပြထားလေ့ရှိပါတယ်။ ကိုယ်အကြိုက်ဆုံးအနေနဲ့ဆို၊ Anime ကတော့ Detective Conan ဆိုတဲ့ကာတွန်းပဲဖြစ်ပါတယ်။

အဲဒါကြောင့်ပဲ ဂျပန်စာနဲ့ ဂျပန်ယဉ်ကျေးမှုကို ပိုမိုစိတ်ဝင်စားမိပြီး အထက်တန်းကျောင်းသားဘဝမှာ ဂျပန်စာကိုလေ့လာချင်စိတ်ဖြစ်ပေါ်လာတာကြောင့်၊ လက်ရှိ ဗင်နီဇွဲလားနိုင်ငံရဲ့ ဂျပန်သံရုံးမှာသွားရောက်မေးမြန်းကြည့်တဲ့အခါ ဂျပန်လူမျိုး အိမ်ထိုင်သင်တဲ့ ဆရာနဲ့မိတ်ဆက်ပေးခြင်းခံခဲ့ရပါတယ်။ ထို့နောက်ပိုင်းတွင်၊ National University of Los Andes မှာ တစ်ပတ် ၃ကြိမ်၊ ဂျပန်စာကိုသင်ယူခဲ့တဲ့အပြင်၊ ဂျပန်ရဲ့လူမှုပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ အစိုးရစနစ်အပြင်၊ အလုပ်ကြိုးစားလုပ်ကိုင်တဲ့နိုင်ငံသားစိတ်ဓာတ်တို့ကိုလည်း လေ့လာနိုင်ခဲ့ပါတယ်။

တက္ကသိုလ်တွင် ကျွန်တော်အထူးပြုလုပ်ထားတဲ့မေဂျာကတော့ System Engineering ဖြစ်ပေမယ့်၊ ဗင်နီဇွဲလားနိုင်ငံရဲ့စီးပွားရေးအခြေအနေက ဆုတ်ယုတ်လာတာကြောင့်၊ ဗင်နီဇွဲလားမှာ ပညာဆက်လက်ဆည်းပူးရန်ခက်ခဲလာခဲ့ပါတယ်။ အဲဒါကြောင့်၊ System Engineering မှာ အဆင့်အတန်းမြင့်မားပြီး၊ ဖွံ့ဖြိုးတိုးတက်ခြင်း အစဉ်အလာရှိတဲ့ဂျပန်နိုင်ငံမှာ ပညာဆက်လက်သင်ယူဖို့ စဉ်းစားခဲ့ပါတယ်။ ထို့အပြင်၊ ဂျပန်ယဉ်ကျေးမှုနဲ့ ဂျပန်လူမျိုးတွေနဲ့ တိုက်ရိုက်ဆက်ဆံဖို့လည်း ဆန္ဒရှိသလို ဂျပန်စာ မြန်လည်တိုးတက်စေဖို့အတွက် ကန့်ကွက်နေတဲ့အသများကို ကျော်ဖြတ်ပြီး ဂျပန်ပညာတော်သင်သွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

အနာဂတ်မှာလည်း နိုင်ငံမှာ အင်တာနက်ရှင်နယ်ကျတဲ့ အိုင်တီနည်းပညာရှင် သို့မဟုတ် သုတေသနပညာရှင်အနေနဲ့ လူသားနောက်အတွက်တဲ့ နည်းပညာတိုးတက်မှုမှာ အားပေးထောက်ပံ့မှုပြုလုပ်ချင်ပါတယ်။ မိမိကိုယ်တိုင် ကမ္ဘာ့ကောင်းကျိုးအကိုးမှာ အနာဂတ်ကိုလည်းရှိပါတယ်။ ဂျပန်နိုင်ငံဟာ ကတယ်ကို စိတ်ချရတဲ့နိုင်ငံဖြစ်ပြီး၊ လူနေမှုအဆင့်အတန်းမြင့်မားကာ ကလေးတွေအတွက် ပညာရေးပတ်ဝန်းကျင်ကလည်း သင့်တော်တဲ့အတွက်၊ ကျောင်းပြီးပြီး နောက်ပိုင်းတွင်လည်း ဆက်လက်နေထိုင်လည်း ဆန္ဒရှိပါတယ်။ အဲဒီအချိန်ဂျပန်နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို ကြည့်ပြီးဆုံးဖြတ်ချင်ပါတယ်။ ဂျပန်နိုင်ငံဟာ၊ တိုးတက်တဲ့နိုင်ငံဖြစ်ပေမယ့် ငွေကြေးမကိုင်ဘဲ Cardless သုံးစွဲတဲ့စနစ်မှာနောက်ကျနေတဲ့အတွက်၊ Cardless Society တိုးတက်လာစေဖို့လည်းမျှော်လင့်ပါတယ်။

India

အိန္ဒိယနိုင်ငံမှ ပညာသင်ကျောင်းသား
Shizuoka University

ကျွန်တော်၊ ဂျပန်နိုင်ငံကို ပညာတော်သင်သွားရောက်ဖို့ ရွေးချယ်လိုက်ရတဲ့ အကြောင်းရင်းကတော့၊ အရင်ကတည်းက နိုင်ငံခြားမှာကျောင်းတက်ဖို့ကို စဉ်းစားထားနဲ့ပြီး၊ အဲဒီလိုစဉ်းစားမိတဲ့အချိန်မှာ ဂျပန်နိုင်ငံဟာ Computer Science စတဲ့ စက်မှုနည်းပညာမှာ အခြားနိုင်ငံနဲ့ယှဉ်ပါက တိုးတက်တယ်လို့ခံစားမိတာကြောင့်ဖြစ်ပါတယ်။

အဲဒီအတွက် ဂျပန်ကိုလာရောက်ပြီး အဲဒီလိုပေဟုသုတတွေကို လေ့လာသင်ယူ နိုင်ဖို့ ဂျပန်ပညာတော်သင်ကိုဆုံးဖြတ်ခဲ့ပါတယ်။

ထို့အပြင်၊ ကျွန်တော်က ဂျပန်ကာတွန်းနဲ့ Anime တွေကို နှစ်သက်ပြီး၊ လက်တွေ့ဂျပန်ကို သွားရောက်ပြီး ဂျပန်ကာတွန်းနဲ့ Anime ရဲ့ ဇာတ်ဝင်ခန်းနေရာတွေကို သွားရောက်လေ့လာချင်ခဲ့ပါတယ်။ အဲဒါဟာလည်း ဂျပန်နိုင်ငံကို ပညာတော်သင်သွားရောက်ဖို့ ဆုံးဖြတ်ရတဲ့အကြောင်းအရင်းဖြစ်ပါတယ်။

ရှိုးအိုကာတက္ကသိုလ်ရှိတဲ့ ဟာမမာဆုမြို့ဟာ ဂျပန်နိုင်ငံရဲ့ Silicon Valley လို့ ထင်ရှားပေါ်ကြပြီး သိပ္ပံနည်းပညာကို သင်ယူနိုင်သလို နေလို့ကောင်းတဲ့ပတ်ဝန်းကျင်လည်း ဖြစ်ပါတယ်။

ရှိုးအိုကာတက္ကသိုလ်ရဲ့ Asia Bridge Program (ABP) ဖြင့် ဂျပန်နိုင်ငံသို့ ပညာတော်သင်လာရောက်နိုင်သလို ဂျပန်ဘာသာစကားစွမ်းရည်ကို မြှင့်တင်နိုင်ပြီး ဂျပန်နိုင်ငံရှိနာမည်ကြီးကုမ္ပဏီတွင်လည်းအလုပ်ဝင်နိုင်ပါတယ်။

ပညာတော်သင်စနစ်ဟာလည်း ကောင်းမွန်ပြည့်စုံတဲ့အပြင် လွတ်လွတ်လပ်လပ် ဂျပန်စာလေ့လာမှုကိုလည်းပြုလုပ်နိုင်ခဲ့ပါတယ်။

Kyrgyzstan

ကာဂျစ္စတန်နိုင်ငံမှ ပညာသင်ကျောင်းသူ
Rikkyo University

ကျွန်မ၊ ဂျပန်နိုင်ငံကို ပညာသင်ဖို့သွားရန်ဆုံးဖြတ်ရတဲ့အကြောင်းအရင်းကတော့၊ [Onsen-Hot Spring] ကြောင့်ဖြစ်ပါတယ်။ အမိနိုင်ငံဖြစ်တဲ့ Kyrgyzstan နိုင်ငံရဲ့ Bishkek Humanities University ၊ International Relation Department မှာ ဂျပန်စာကို ကြိုးစားသင်ယူပြီး ဂျပန်နိုင်ငံကို သွားချင်တဲ့အိပ်မက် ရှိနေခဲ့ပါတယ်။ အဲဒီလိုနဲ့ တက္ကသိုလ်စရောက်တဲ့အခါမှာ Japan-Eurasia Society Shimizu Branch Department ကနေပြီး ဂျပန်နိုင်ငံသို့ နှစ်ပတ်တာ Home-Stay နေဖို့အခွင့်အရေးရရှိခဲ့တာ၊ အမျိုးမျိုးသော ဂျပန်ယဉ်ကျေးမှုကို တွေ့ကြုံ ခံစားခဲ့ရပါတယ်။

အဲဒီအထဲမှာ၊ အံ့သြဆုံးကတော့၊ Hot Spring ကိုပျော်ရွှင်စွာသွားကြခြင်းပဲ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ Kyrgyzstan နိုင်ငံရဲ့ Hot Spring ဟာ ဆိုဗီယက်ခေတ်ကတည်းက (ဆေးကုသခြင်းနဲ့ ရောဂါကာကွယ်ခြင်း)အတွက် ရည်ရွယ်တာကြောင့်ဖြစ်တယ်။ ပြီးတော့၊ ဂျပန်နိုင်ငံမှာ မြင်ခဲ့ရတဲ့ မိသားစုနဲ့ မိတ်ဆွေတွေအတူ ပျော်ရွှင်ခံစားနိုင်တဲ့ [Hot Spring Culture] ဟာ၊ အရမ်းကို ထူးခြားလှတယ်လို့တွေးမိသလို၊ Kyrgyzstan နိုင်ငံ ရဲ့ Hot Spring အသုံးပြုခြင်းကိုလည်း ပြောင်းလဲစေချင်မိတဲ့ အိပ်မက်ကို ပွေ့ပိုက်ရင်း Rikkyo University ရဲ့ Graduate School of Tourism ဌာနမှာတက်ရောက်ခဲ့ပါတယ်။

ဂျပန်မှာတော့ Kusatsu Hot Spring နဲ့ Arima Hot Spring တို့ကို နှစ်သက် ပါတယ်။ ကျွန်မ ဂျပန်နိုင်ငံမှာသင်ယူခဲ့တဲ့ ဗဟုသုတနဲ့ အတွေ့အကြုံတွေကို အသုံးချပြီး Kyrgyzstan နိုင်ငံဟာ Centeral Asia ရဲ့ Hot Spring နိုင်ငံကြီးဖြစ်ကာ အပန်းဖြေလေ့လာရေးလုပ်ငန်းမှာ တိုးတက်လာစေဖို့ ကူညီပံ့ပိုးမှုဖြစ်သလို ဂျပန်နဲ့ Kyrgyzstan ၂နိုင်ငံကြား ချစ်ကြည် ရင်းနှီးမှု ထိတွေ့ဖြစ်လာစေဖို့ တစ်ဖက်တလမ်းကနေ ကြိုးစားအားထုတ်သွားမယ်လို့ တွေးထားမိပါတယ်။

Thailand

ထိုင်းနိုင်ငံမှ ပညာသင်ကျောင်းသူ
Shibaura Institute of Technology

ကျွန်မကလေးဘဝကတည်းက ဂျပန်နိုင်ငံရဲ့ တီဗွီဇာတ်လမ်းကို ကြိုက်နှစ်သက်ခဲ့ပါတယ်။ ကြည့်ခဲ့ရတဲ့တီဗွီဇာတ်လမ်းအထဲကနေ ဂျပန်အစားအစာနဲ့ နည်းပညာကို သင်ယူရင်း တဖြေးဖြေးနဲ့ ဂျပန်နိုင်ငံကို စိတ်ဝင်စားလာခဲ့ပါတယ်။

ဂျပန်နိုင်ငံကို ပညာတော်သင်လာရောက်ရတဲ့ အကြောင်းအရင်းကတော့ အထက်တန်း ပထမနှစ်အချိန်တုန်းက၊ ထိုင်းကိုယ်စားပြုအနေနဲ့ ဂျပန်မှာကျင်းပပြုလုပ်တဲ့ ကမ္ဘာ့အဆင့် အမျိုးသား၊ အမျိုးသမီး ကင်းထောက်လူငယ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ရခြင်းကြောင့်ပဲဖြစ်ပါတယ်။ လက်တွေ့ ဂျပန်ယဉ်ကျေးမှုကို ခံစားလာခဲ့ပြီး ဂျပန်မှာနေထိုင်ကြည့်ချင်စိတ်လည်း ဖြစ်လာခဲ့ပါတယ်။

အထက်တန်းတတိယနှစ်မှာတော့၊ ထိုင်းအစိုးရရဲ့ပညာသင်ဆုကို ရရှိခဲ့တာကြောင့် ဂျပန်နိုင်ငံကိုပညာတော်သင်သွားဖို့ဆုံးဖြတ်ခဲ့ပါတယ်။

ပညာတော်သင်သွားရောက်မယ့်နေရာအနေနဲ့ Shibaura Institute of Technology ကို ရွေးချယ်ခဲ့တဲ့အကြောင်းအရင်းကတော့၊ Computer Science နယ်ပယ်တွင် ရေ့ပြေး ဖြစ်နေခြင်း။ ထို့အပြင် စီနီယာများမှလည်း အင်တာနေရှင်နယ်ပုံစံဖြစ်ဖို့ လုပ်ဆောင်နေတဲ့ Super Global University ဖြစ်တယ်လို့ ပြောပြခဲ့တာကြောင့်ဖြစ်ပါတယ်။

လက်ရှိ Shibaura Institute of Technology တွင် တက်ရောက်နေပြီး Computer Science ကိုလေ့လာနေဆဲဖြစ်ပေမယ့်၊ ကျောင်းပြီးသွားတဲ့အခါ ဂျပန်နိုင်ငံနဲ့ Shibaura Institute of Technology မှာ သင်ယူခဲ့တာကို ထိုင်းနိုင်ငံမှာ ပြန်လည်အသုံးချ သွားချင်တယ်လို့စဉ်းစားထားပါတယ်။

Campass Diary (1)

နိုင်ငံခြားသားကျောင်းသားများ၊ နေ့စဉ်ဘယ်လိုနေထိုင်ကြပါလဲ။ အားလုံးရဲ့ မေးခွန်းတွေကို ဖြေကြားဖို့အတွက် စီနီယာတွေရဲ့ ကျောင်းသားဘဝနေထိုင်မှုပုံစံကို ကြည့်ကြည့်ရအောင်။ အိမ်မက်ဆီသို့ အရောက်လှမ်းနိုင်ဖို့ ကြိုးစားနေတဲ့ ပညာသင်ကျောင်းသားရဲ့အသံကိုလည်း နားထောင်ကြည့်ရအောင်။

အခုလက်ရှိ Kosen မှာ သင်ယူနေပေမယ့် ဘွဲ့ရပြီးပါက တက္ကသိုလ်ဝင်ပြီး ဖြစ်နိုင်ရင် ဘွဲ့လွန် တက္ကသိုလ်အထိ သွားချင်ပါတယ်။

National Institute of Technology, Maizuru College
Department of Civil Engineering

Rwanda နိုင်ငံမှ ပညာတော်သင်ကျောင်းသား

ကျွန်တော်တို့နိုင်ငံမှာတော့၊ Infrastructure ကို ကောင်းမွန်အောင်လုပ်ဆောင်ကြမယ်ဆိုတဲ့ စကား ရှိပေမယ့်လည်း ဗိသုကာပညာရှင်နဲ့ မြို့ပြအင်ဂျင်နီယာတွေက မလုံလောက်တဲ့ ပြဿနာလည်း ရှိနေပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့တိုးတက်မှုမှာ ပါဝင်အားဖြည့်ချင်တာကြောင့် Civil Engineering ဘာသာရပ်ကို လေ့လာဖို့ စဉ်းစားခဲ့ပါတယ်။ ဂျပန်နိုင်ငံဟာ ပညာရေးအဆင့်အတန်းသာမက နည်းပညာအဆင့်အတန်းလည်း မြင့်မားတဲ့ နိုင်ငံဖြစ်တဲ့အတွက် ဂျပန်နိုင်ငံမှာ ထိုပညာရပ်ကို သင်ယူနိုင်ပါက ထူးခြားပြောင်မြောက်လှတဲ့ Civil ပညာရပ်ရဲ့ အသိပညာများကို ရရှိနိုင်မယ်လို့ ထင်မိတာကြောင့်၊ ဂျပန်နိုင်ငံကို လာရောက်ခြင်းဖြစ်ပါတယ်။

မိသားစုနဲ့ ခွဲခွာရတာကလည်း ပထမဆုံးဖြစ်တဲ့အတွက်၊ သောကရောက်ရတာတွေ၊ ဒုက္ခရောက်ရတာမျိုးတွေများပေမယ့်၊ အဲဒီအချိန်မှာ ဆရာတွေက ကူညီပေးတဲ့အတွက် အဆင်ပြေပြေနဲ့ Tokyo Japanese Education Center မှာ ပြီးဆုံးအောင် တက်ရောက်နိုင်ခဲ့ပါတယ်။

နောက်ပိုင်းမှာလည်း၊ နည်းပညာကောလိပ် သို့ ကျောင်းပြောင်း ခဲ့တဲ့အခါ ဆရာ(၂)ဦးမှ ကြိုကြိုပေးပြီး နားမလည်တာ တွေ့ရှိတဲ့အခါတွင်လည်း ကူညီပေးခဲ့ပါတယ်။ ဒုက္ခကြုံတွေ့ရပေမယ့်လည်း သေချာပေါက် ကူညီပေးသူတွေရှိတဲ့ အတွက်စိတ်လျှော့ရှားမိပါတယ်။

အခု နည်းပညာကောလိပ်မှာ Civil Engineering ဘာသာရပ်ကို ဆည်းပူးနေပေမယ့် ကျောင်းပြီးတဲ့အခါ တက္ကသိုလ်ကို ပြန်လည်တက်ရောက်ဖို့လည်း ရည်ရွယ်ထားပါတယ်။ ပြီးတော့၊ ဖြစ်နိုင်မယ်ဆိုရင်၊ ဘွဲ့လွန်အတန်းကိုလည်း သွားချင်ပါတယ်။ ကျွန်တော့်ရဲ့ အိပ်မက်ကတော့ ကိုယ့်နိုင်ငံမှာ ကိုယ်ပိုင်ဆောက်လုပ်ရေးကုမ္ပဏီကို ဖွင့်ပြီး ဂျပန်မှာသင်ယူခဲ့တဲ့ နည်းပညာနဲ့ ဂျပန်စာ၊ ဂျပန်ယဉ်ကျေးမှုတတွေကို သိနိုင်ဖို့ လူငယ်လူရွယ်များကို ပြန်လည်လက်ဆင့်ကမ်း သင်ပေးချင်ပါတယ်။

တစ်ရက်တာအချိန်ဇယားနည်း

8:00 မနက်စာ
နေ့စဉ် ပေါင်မုန့်နဲ့ နွားနို့ ဖြစ်ပါတယ်။

8:45~16:05 စာသင်ချိန်
နှစ်သက်တဲ့ဘာသာရပ်ကတော့ Maths နဲ့ Soil Mechanics ၊ အခက်ခဲဆုံးဘာသာရပ်ကတော့ Architectural Theory နဲ့ Architectural Plan ဖြစ်ပါတယ်။ (မှတ်သားစရာတွေကလည်း အများကြီးပါ...)

16:10 ထမင်းချက်ခြင်း
အဆောင် ပြန်ရောက်ပါက ညစာအတွက် ချက်ပြုတ်ပါတယ်။

18:30 ရေချိုးခြင်း
တခါတလေ ရေချိုးခန်းမှာ ကြွက်သားလေ့ကျင့်ခန်း ပြုလုပ် ပါတယ်။

19:00 ညစာ
အမြဲတမ်းတော့မဟုတ်တည်းတော့မဟုတ်ပေမယ့်၊ ထမင်းနဲ့ အသား ပဲ ဥ အားလုံးကြော်ကို စားပါတယ်။

19:30 စာလေ့လာခြင်း
ရီဝိုးစစ်ရေးခြင်းနဲ့ အိမ်စာတို့ကို ပြုလုပ်ပါတယ်။

20:00 လှုစစ်ခြင်း
အဆောင်မှာ လှုစစ်ခြင်းရှိပါတယ်။ ၂၁:၀၀နာရီမှာ စီးဖိတ်တဲ့အတွက် အိပ်ရာဝင်ပါတယ်။

အခွင့်ကုန် ယဉ်ကျေးမှု အတွေ့အကြုံတွေကို ယူနိုင်ဖို့ တိုက်တွန်းပါတယ်။

Ritsumeikan University
Community and Regional Policy Studies

မလေးရှားနိုင်ငံမှ ပညာတော်သင်ကျောင်းသား

ဂျပန်ပညာတော်သင်သွားဖို့ဖြစ်လာတဲ့အတွက် အရမ်းကို အဆင်ပြေတယ်လို့တွေးမိပါတယ်။ ဘာသာစကားအခက်အခဲတွေကြောင့် စိတ်ပင်ပန်းတာတွေရှိခဲ့ပေမယ့် တက္ကသိုလ်မှမိတ်ဆွေနဲ့ အိမ်နားနီးချင်းလူတွေက အရမ်းကို ဖော်ဖော်ရွေရွေနဲ့ ကူညီပေးခဲ့ကြပါတယ်။ အဲဒါကြောင့်လည်း ဒီထက်ပိုကောင်းတဲ့ ပညာတော်သင်အတွေ့အကြုံမရှိနိုင်လောက်ဘူးလို့လည်း တွေးမိပါတယ်။

ကျွန်မဂျပန်ကို ပညာတော်သင်သွားဖို့ဆုံးဖြတ်ခဲ့တာက (မလေးရှားနဲ့ ဂျပန် ရဲ့ အရင်းအမြစ်ကို သိနေတဲ့အတွက်) ကိုယ့်ရဲ့အရင်းအမြစ်အကြောင်းအရာကိုလည်း ပိုပြီး သိချင်မိတယ်။

ကျွန်မ တက်ခဲ့တဲ့ Ritsumeikan University မှာ၊ အမျိုးမျိုးသော ပွဲတွေနဲ့ ယဉ်ကျေးမှုဆိုင်ရာအတွေ့အကြုံတွေမှာ ပါဝင်နိုင်မယ့်အခွင့်အရေးတွေ ပညာတော်သင်ကျောင်းသားများကို ပေးပါတယ်။ ဒိုဆာကာမြို့ရဲ့ အကြီးဆုံးနတ်ဘုရားကျောင်းတွင်ရှိ လုပ်ငန်း အတွေ့အကြုံ၊ လယ်ယာလုပ်တဲ့ရွာတွေမှာ လယ်ကွင်းအတွေ့အကြုံ၊ စိုက်ပျိုးရေးအတွေ့အကြုံ၊ နွေရာသီ Internship ၊ ဂျပန်မူလတန်းကျောင်းမှ ကလေးများနဲ့ ယဉ်ကျေးမှုဖလှယ်ခြင်း၊ စသည်တို့ဖြစ်ပါတယ်။ အဲဒီလိုအတွေ့အကြုံကနေတစ်ဆင့် ဂျပန်အကြောင်းကို ပိုမိုသိရှိစေရုံသာမက မိမိကိုယ်ကိုလည်း ပြန်လည်ဆန်းစစ်နိုင်ခဲ့ပါတယ်၊

၄နှစ်ကြာပညာသင်သွားရောက်ခဲ့ပြီး၊ ဂျပန်လူမျိုးတွေရဲ့ အလုပ်အပေါ် ခံယူချက်နဲ့ ထူးခြားလှတဲ့အတွေ့အကြုံများကို သိရှိပြီး၊ သည်းခံနိုင်စွမ်းနဲ့ တစ်ယောက်ထဲ နေထိုင်မှု အတွေ့အကြုံကို ခံစားသိမြင်နိုင်ပါတယ်၊ အဲဒါဟာ ပညာတော်သင်မသွားခဲ့ဘူးကတော့ တွေးတောင် မထားမိတဲ့ကိစ္စပါပဲ။ ဂျပန်တွင်ပညာသင်ယူနေဆဲသူများ၊ ပြီးတော့ ဂျပန်ပညာတော်သင်လာရောက်မယ့်သူများလည်း တတ်နိုင်သမျှမိမိရဲ့စိတ်ကိုလျှော့ချပြီး အတွေ့အကြုံ အမျိုးမျိုးကို ခံစားကြည့်ပါ။

တစ်ရက်တာအချိန်ဇယားနည်း

7:15~8:15 ကိုယ်လက်သန့်စင်ခြင်း
မျက်နှာသစ်ပြီး အဝတ်အစားလဲပါတယ်။ နံနက်စာကို အများကြီးစားပါတယ်။

8:15~9:00 ကျောင်းသွားခြင်း
အိမ်မှအနီးဆုံးဘူတာအထိ စက်ဘီးစီးသွားပါသည်၊ ရထားစီးပြီး တက္ကသိုလ်နဲ့ အနီးဆုံးဘူတာကနေ Campus အထိ လမ်းလျှောက်ပါတယ်။

9:00~12:10 စာသင်ချိန်
စာသင်ချိန်မှာ မိနစ်(၉၀)ဖြစ်ပြီး ကြားတွင် (၁၀)မိနစ် နားချိန် ရှိပါတယ်။

12:10~13:00 နေ့လည်စာ
အများအားဖြင့် ကျောင်းကန်တင်းမှာပဲ စားတာ များပါတယ်။ တစ်ခါတစ်လေတော့ ထမင်းဘူးထည့်ပါတယ်။

13:00~14:00 အားလပ်ချိန်
ထမင်းစားပြီးနောက်၊ မိတ်ဆွေနဲ့ကော်ဖီ၊ အချိုပွဲ တို့ကို စားသောက်ပြီး အတန်းရှိသင်ခန်းစာအကြောင်းကို ပြောဆိုကြတာက ပျော်စရာကောင်းလှပါတယ်။

14:00~16:00 Gym
GYM မှာ အားကစားလုပ်ပြီး စိတ်ခံစားမှုကို ဖြေဖျောက်ပါတယ်။ တစ်နေ့တာအတွင်းမှာ အကြိုက်ဆုံးအချိန်ပါ။

16:00~17:00 အိမ်ပြန်ခြင်း
စောစောကျောင်းဆင်းတဲ့အချိန်မှာတော့ အိမ်အပြန် လမ်းရှိ စူပါမားကတ်တွင် ဈေးဝယ်ပြီး ညစာချက် ပါတယ်။ ညစာစားပြီးနောက်ပိုင်းတွင် စာလေ့လာပါ တယ်။

ပညာသင်ယူရန်အစီအစဉ် - အစီအစဉ်ရေးဆွဲခြင်း

အစီအစဉ်ရေးဆွဲခြင်းသည် အောင်မြင်မှု၏ သော့ချက်ဖြစ်သည်။

Why? ဘာလို့လဲ

ပညာသင်ယူချင်ရတဲ့ ရည်ရွယ်ချက်?
သင်ရည်မှန်းထားတဲ့ အနာဂါတ် အလုပ်အကိုင်မှာဘယ်လိုမျိုး အရည်အချင်း၊ စွမ်းရည်တွေ လိုအပ်ပါသလဲ???

What? ဘာလုပ်မလဲ

ဘာကို သင်ယူချင်တာလဲ?
အထူးပြုဘာသာရပ်များမှာ???

Where? ဘယ်မှာလဲ

ဘယ်လို ပညာရေး အဖွဲ့အစည်းမှာ သင်ယူတာ ကောင်းသလဲ?

How long? ဘယ်လောက် ကြာမလဲ

ဘယ်လောက် ကြာကြာ သင်ယူဖို့ လိုအပ်သလဲ?

1 DegreeTitle	Bachelor's Degree	Economic? Education? Physics? Engineering? Information Science? Medicine? Agriculture? Design Art? Fashion? Anime?	University	4 years (**Some are 6 years)
	Master Degree		Graduate School	2 years ~
	Doctoral Degree		Graduate School	3 years ~
	Associate Degree		Junior College	2 years (**Some are 3 years)
	Associate Degree		College of Technology	3 years (**Some are 3.5 years)
	Diploma		Professional Training College	2 ~ 3 years
	Advanced Diploma		Professional Training College	4 years
2 Short-Term Studying Experience	Short-Term Study	・Japanese Language ・Japanese Culture ・Comparative Culture	Japanese Language Institute, University's Short-term Program	Several Months ~ 1 year
	Student Exchange Program		University	Within 1 year
3 Japanese Language Studying	Language Acquisition	・University Entry ・Japanese Conversation ・Business Japanese	Japanese Language Institute	~ 2 years
	University Entry		Japanese Language Institute	~ 2 years
			Preparatory Japanese Language Programs offered of private universities and Junior colleges	1 ~ 2 years

When? ဘယ်တော့လဲ

ဘယ်တော့သွားမှာလဲ?
ဘယ်အချိန်ကနေစလို့ရပြီလဲ? ပြင်ဆင်ဖို့ဘယ်လောက်အချိန် ကာလလိုအပ်သလဲ?

စာမျက်နှာ 8 ~ 9 မှ [Schedule]ကို ကြည့်ပြီး အစီအစဉ်ဆွဲကြရအောင်!!!

How much? ဘယ်လောက်လဲ

ဘယ်လောက်ကုန်ကျမလဲ?
လေယာဉ်စရိတ်? စားသောက်စရိတ်? ငွေစုထားတာနဲ့လောက်ပါ့မလား? မိဘဆီကငွေပို့တာကရော? အချိန်ပိုင်း အလုပ်ကရော? ပညာသင်ဆုကရော?

စာမျက်နှာ32 ~ 40 ကို ကြည့်ပြီး အကြမ်းဖျင်းတွက်ချက်ကြည့်ရအောင်!!!

Schedule

နိုင်ငံခြားပညာသင်ဖို့ အစီအစဉ်ဆွဲပြီးပြီလား?
ရွေးချယ်ပြီး ထယ်လိုဆိုရိုးဖြစ်ဆင်မှုတွေကို လုပ်ဆောင်သွားမလဲ၊
ခန့်မှန်းခြေ အချိန်ဇယားကို ကြည့်ကြည့်ရအောင် . . .

● မိမိနိုင်ငံတွင် လုပ်ရမည့်လုပ်ငန်းဆောင်တာများ
● ဂျပန်တွင်လုပ်ရမည့်လုပ်ငန်းဆောင်တာများ

နိုင်ငံခြားပညာသွားရောက်သင်ယူဖို့အစီအစဉ်မှ ဂျပန်သွားတဲ့အထိ



plan 1 ဂျပန်စာကိုပဲသင်ယူချင်သောသူ

1 မှ 8 အထိ မိမိနိုင်ငံတွင် ပြင်ဆင်ပြီး 9 ကိုတော့ဂျပန်မှာပြင်ဆင်ကာ 10 တွင် ဂျပန်စာသင်ကျောင်းသို့ကျောင်းဝင်ပြီး 11 တွင် ဂျပန်စာသင်ကျောင်းပြီးဆုံးပါမည်။

plan 2 ဂျပန်စာသင်ယူပြီးနောက် တက္ကသိုလ်နှင့် သက်မွေးပညာသင်ကျောင်းတွင် ပညာဆက်လက်သင်ယူလိုသူ

1 မှ 8 အထိ မိမိနိုင်ငံတွင် ပြင်ဆင်ပြီး 9 ကိုတော့ဂျပန်မှာပြင်ဆင်ကာ 10 တွင် ဂျပန်စာသင်ကျောင်းတွင်ကျောင်းတက်နိုင်ပါပြီ။ ဂျပန်စာသင်ကျောင်းတွင် သင်ယူနေစဉ်အတွင်းတွင် 12 ~ 22 အထိပြင်ဆင်ထားကာ 23 တွင်ကျောင်းပြီးဆုံးပါပြီ။
24 တွင် တက္ကသိုလ်၊ သက်မွေးပညာသင်ကျောင်းတွင် ကျောင်းဝင်နိုင်ပါပြီ။

plan 3 အမိနိုင်ငံမှနေပြီးတိုက်ရိုက် ဂျပန်တက္ကသိုလ်သက်မွေးပညာသင်ကျောင်းများသို့ ကျောင်းဝင်လိုသူများ

ဂျပန်စာအရည်အချင်းရှိနှင့်ပြီးသားသူ၊ အင်္ဂလိပ်စာဖြင့်သင်ယူနိုင်သည့် ဘာသာရပ်ကို ယူလိုသူများ။
2 မှ 11 အထိကိုအဆင့်ကျော်ပြီး 12 စာရွက်စာတမ်းတောင်းခံမှုကနေ စတင်လိုက်ကြရအောင်! ကျောင်းဝင်ခွင့်စာမေးပွဲ ကို အောင်မြင်ပါက လုပ်ငန်းစဉ်အတိုင်းဆက်လက်လုပ်ဆောင်ကာ 24 တွင် တက္ကသိုလ်၊ သက်မွေးပညာသင်ကျောင်းတွင် ကျောင်းဝင်နိုင်ပါပြီ။

နိုင်ငံခြားပညာတော်သင်သွားလိုသူများ ဝန်ဆောင်မှုအေဂျင်စီကို အသုံးပြုခြင်းနှင့်ပတ်သက်ပြီး

မိမိဘာသာနိုင်ငံခြားပညာတော်သင်သွားရန်လုပ်ဆောင်ခြင်းသည်၊ စီမံစရာအရေးအရလည်း သင့်တော်သလို၊ မိမိဘာသာဆုံးဖြတ်နိုင်စွမ်း ရှိစေခြင်း၊ ဘာသာစကားစွမ်းရည်တိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးတွေများသော်လည်း အလုပ်များနေခြင်း၊ ဘာသာစကားစွမ်းရည်ကိုစိတ်မချနိုင်သေးသည့်အခြေအနေမျိုးတွင်၊ နိုင်ငံခြားပညာတော်သင် ဝန်ဆောင်မှုအေဂျင်စီကို သုံးကာ ဂျပန်ပညာတော်သင်သွားရောက်မှုကို ပြုလုပ်ခြင်းသည်လည်း ရွေးချယ်စရာနည်းလမ်းတစ်ခုပဲဖြစ်ပါသည်။

ရွေးချယ်ရမည့်အဓိကအချက်!!!

① ကုန်ကျစရိတ် — နေရာသုံး၊ လေးနေရာ ယှဉ်ကြည့်ပြီး အဆင်ပြေလောက်တဲ့ ဈေးနှုန်းဖြစ်ရဲ့လား။ ဂျပန်တွင် အချိန်ပိုင်းအလုပ်လုပ်ပြီး ကျောင်းစရိတ်နှင့် နေထိုင်စားသောက်စရိတ်အားလုံးကိုရှာနိုင်မယ်လို့ တိုက်တွန်းနေသလား။ ကုန်ကျစရိတ်အသေးစိတ်နှင့် ဝန်ဆောင်မှုအကြောင်းအရာများကို စာချုပ်အနေနဲ့ ပြုလုပ်ထားသလား။

② လုပ်ဆောင်ပေးမှု — နိုင်ငံခြားပညာတော်သင်လိုသည့်စံနှုန်းနှင့်ကိုက်ညီသည့်ကျောင်းကို မိတ်ဆက်ပေးရဲ့လား။ စာရွက်စာတမ်းအတုနဲ့ပြည့်ဝင်ဖို့တိုက်တွန်းနေသလား။ မေးခွန်းတွေနဲ့လုပ်ငန်းစဉ်များရဲ့ တိုးတက်မှုနှင့် ပတ်သက်ပြီး တိကျတဲ့အဖြေရှိရဲ့လား။ လျှောက်လွှာတင်ဖို့အလျင်လိုနေသလား။ ပညာသင်သွား ရောက်တာနဲ့ပတ်သက်တဲ့ကောင်းတဲ့အချက်တင်မကဘဲ စိတ်ပူပန်စေနိုင်တဲ့အချက်တွေကိုလည်း ရှင်းပြရဲ့လား။

③ အောင်မြင်မှုများ — ဂျပန်သို့ကျောင်းသားပို့ပေးမှုတွင်ရလဒ်ကောင်းတွေရှိနေရဲ့လား။

အဆင့်	ဆက်စပ် စာမျက်နှာ	ကာလ		လုပ်ဆောင်မှု
1 အစီအစဉ်ဆွဲခြင်းနှင့် အချက်အလက် စုဆောင်းခြင်း	P.7、P.32～35			နိုင်ငံခြားပညာတော်သင်သွားမည့်ရည်ရွယ်ချက်ကို ထင်ရှားအောင် လုပ်ရမည်။ လိုအပ်သည့် ဘာသာစကားစွမ်းရည်နှင့် ပညာသင်စရိတ်ကို စစ်ဆေးကြည့်ပါ။
2 ဂျပန်စာသင်ကျောင်း၏စာရွက်စာတမ်းအား တောင်းယူခြင်း	P.22・23	April ~ June	Oct ~ Dec	တက်ရောက်လိုသည့် ကျောင်း၃၊ ၄ကျောင်း၏ ကျောင်းမိတ်ဆက်၊ ကျောင်းဝင်ခွင့်လျှောက်လွှာကို ရယူထားရမည်။ လျှောက်လွှာတင်ရမည့် အသေးစိတ်အချက်ကို စစ်ဆေးကြည့်ပါ။
3 ကျောင်းရွေးချယ်ခြင်း	P.22・23	~ Sept	~ Feb	ကျောင်းမိတ်ဆက်စာရွက်စာတမ်းများကို အခြေခံ၍ ဆန္ဒရှိသည့်ကျောင်းကို ရွေးပါ။
4 စာရွက်စာတမ်းတင်ခြင်း	P.22・23	Sept ~ Nov	Feb ~ April	ကျောင်းဝင်ခွင့်လျှောက်လွှာတင်ခြင်း။ လိုအပ်သောစာရွက်စာတမ်းကို ဆန္ဒရှိသည့်ကျောင်းသို့ ပို့ပါ။
5 ကျောင်းဝင်ခွင့်ရခြင်း		Jan ~ Mar	July ~ Sept	ကျောင်းဝင်ခွင့်ပြုခြင်း စာလွှာကို လက်ခံရရှိခြင်း။ ကျောင်းစရိတ်ကို ပေးပို့ခြင်း။
6 ပြည်ဝင်ခွင့်လုပ်ငန်းစဉ်	P.28～31			COE လက်ခံရရှိပြီး ဗီဇာတင်ခြင်း။
7 ပညာသင်သွားရောက်ရန်ပြင်ဆင်ခြင်း				နေထိုင်မည့်နေရာကို ရှာဖွေခြင်း။
8 ပြည်ပထွက်ခွာရန်လုပ်ငန်းစဉ်များ၊ ပြည်ပထွက်ခွာခြင်း။				လေယာဉ်လက်မှတ်၊ အာမခံများကို စီစဉ်ထားရမည်။
9 ကျောင်းဝင်ခွင့်လုပ်ငန်းစဉ်				
10 ကျောင်းဝင်ခြင်း၊ စာသင်ယူမှုစတင်ခြင်း။		April (1 or 2years Course)	Oct (1½ years Course)	
11 ဂျပန်စာကျောင်း ပြီးဆုံးခြင်း				

12 တက္ကသိုလ်၊ အထူးပြုကျောင်းစာရွက်စာတမ်းများကို တောင်းယူခြင်း	P.12～21	April ~ May / Sept ~ Oct	တက်ရောက်လိုသည့် ကျောင်း ၃၊ ၄ကျောင်း၏ ကျောင်းမိတ်ဆက်၊ ကျောင်းဝင်ခွင့်လျှောက်လွှာကို ရယူထားရမည်။ လျှောက်လွှာတင်ရမည့်အသေးစိတ်အချက်ကို စစ်ဆေးကြည့်ပါ။
13 ကျောင်းရွေးချယ်ခြင်း	P.12～21	~ June / ~ Nov	ကျောင်းမိတ်ဆက်စာရွက်စာတမ်းများကို အခြေခံ၍ ဆန္ဒရှိသည့် ကျောင်းကို ရွေးပါ။
14 ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)လျှောက်လွှာတင်ခြင်း၊ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ(JLPT)၊ TOEFL ၊ IELTS ၊TOEIC ဝင်ခွင့် (လိုအပ်ချက်အပေါ်မူတည်၍ကာဖြေရသည်)	P.24～25	~ July / ~ March	ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) လျှောက်လွှာတင်ခြင်း။ Japanese Professtional Test（JLPT） TOEFL®、IELTS、T OEIC® စသည့်လိုအပ်သောစာမေးပွဲ ကို ဖြေဆိုခြင်း။
15 လျှောက်လွှာတင်ခြင်း	P.12～21	Aug ~ Oct / Jan ~ Nov	ကျောင်းဝင်ခွင့်လျှောက်လွှာတင်ခြင်း။ လိုအပ်သောစာရွက်စာတမ်းကို ဆန္ဒရှိသည့်ကျောင်းသို့ ပို့ပါ။
16 ဝင်ခွင့်ဖြေခြင်း		Nov ~ Feb/ March ~ Aug	စာရွက်စာတမ်းကိုးကားခြင်း၊ ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ဖြေဆိုထားခြင်း၊ တက်ရောက်လိုသည့်ကျောင်း၏ ကျောင်းဝင်ခွင့် စာမေးပွဲ ကို ဖြေဆိုခြင်းစသည် ..
17 ကျောင်းဝင်ခွင့်ရခြင်း		Jan ~ March/ Jun~Aug	ကျောင်းဝင်ခွင့်လွှာ ရရှိခြင်း။ ကျောင်းစရိတ်ငွေလွှဲ ပို့ခြင်း
18 ပြည်ဝင်ခွင့်လုပ်ငန်းစဉ်	P.28～31		COE လက်ခံရရှိပြီး ဗီဇာတင်ခြင်း။
19 ပညာသင်သွားရောက်ရန်ပြင်ဆင်ခြင်း			နေထိုင်မည့်နေရာကို ရှာခြင်း။
20 နေထိုင်ခွင့်အခြေအနေပြောင်းလဲမှု လုပ်ငန်းစဉ်			
21 ပြည်ပထွက်ခွာရန်လုပ်ငန်းစဉ်များ၊ ပြည်ပထွက်ခွာခြင်း။			လေယာဉ်လက်မှတ်၊ အာမခံများကို စီစဉ်ထားရမည်။
22 ကျောင်းဝင်ခွင့်လုပ်ငန်းစဉ်			
23 ဂျပန်စာသင်ကျောင်းမှအတန်းပြီးဆုံးခြင်း			
24 ကျောင်းဝင်ခြင်း		April/ Sept or Oct	
25 ကျောင်းပြီးဆုံးခြင်း		March/ Aug or Sept	

- အချို့ကျောင်းများမှာ (၉လပိုင်း သို့ ၁၀လပိုင်း)တွင် တက်လို့ရတာလည်း ရှိပါသည်။
- လျှောက်လွှာတင်သည့်အချိန်မှ ကျောင်းဝင်ခွင့်ရသည့်လုပ်ငန်းစဉ်မှာ ကျောင်းအပေါ်မူတည်ကာ ကွာခြားပါသည်။ ကျောင်းမှပေါ်စာအချက်အလက်ကို သေချာစစ်ဆေးပြီး လုပ်ငန်းစဉ်တွင်အမှားမရှိအောင် သတိပြုပါ။

ဂျပန်နိုင်ငံ၏ပညာရေးစနစ်

ဂျပန်နိုင်ငံ၏အဆင့်မြင့်ပညာရေးသည် မူလတန်းပညာရေး (မူလတန်းကျောင်း ၆ နှစ်) နှင့် အလယ်တန်းပညာရေး (အလယ်တန်းကျောင်း ၃ နှစ်၊ အထက်တန်းကျောင်း ၃ နှစ်) ဖြင့် စုစုပေါင်း ၁၂ နှစ်ကြာတက်ရောက်ပြီးဆုံးချိန်မှစတင်သည်။ နိုင်ငံတကာကျောင်းများ ကျောင်းဝင်ခွင့်ရှိသော အဆင့်မြင့် ပညာရေးအဖွဲ့အစည်းများမှာ (၁) နည်းပညာ (ဥပစာ) ကောလိပ် (၂) သက်မွေးပညာသင်ဥပစာကောလိပ် (အထူးပြုသင်တန်းကျောင်း အထူးပြုသင်တန်း)၊ (၃) ဥပစာကောလိပ်၊ (၄) တက္ကသိုလ် (ပထမဘွဲ့သင်တန်း)၊ (၅) ဘွဲ့လွန်တက္ကသိုလ် ဟူ၍ (၅)မျိုးရှိပြီး ဖွဲ့စည်းတည်ထောင်သူ အပေါ်မူတည်၍ နိုင်ငံပိုင်၊ ဒေသပိုင်၊ ပုဂ္ဂလိက ပိုင်ဟူ၍ ခွဲခြားထားသည်။



သင်တန်းကာလနှစ် ＊ အမှတ်သည် အဆင့်မြင့်သင်တန်းများကို ဖော်ညွှန်းသည်။

(→) အနီရောင်မြားသည် ကျောင်းဆက်တက်ခြင်းဥပမာဖြစ်သည်။
(→) အပြာရောင်မြားသည် ကျောင်းပြောင်းခြင်းဥပမာဖြစ်သည်။

1. ပညာသင်နှစ်နှင့် ပညာသင်ကာလကို စစ်ဆေးကြည့်ကြရအောင်

ဂျပန်နိုင်ငံရှိကျောင်းများသည် ပုံမှန်အားဖြင့် ဧပြီလ မှ နောက်နှစ် မတ်လအထိကို ပညာသင်နှစ် (၁)နှစ်ဟု သတ်မှတ်ထားသည်။ ဂျပန်နိုင်ငံ၏ တက္ကသိုလ်အားလုံးနီးပါးသည် ဆီမက်စ်တာစနစ်ကို လက်ခံ ကျင့်သုံးနေပြီး ပထမဆီမက်စ်တာမှာ ဧပြီ မှ စက်တင်ဘာ၊ ဒုတိယဆီမက်စ်တာမှာ အောက်တိုဘာ မှ မတ်ဖြစ်သည်။ ဆီမက်စ်တာ (၃)ခုစနစ်နှင့် (၄)ခုစနစ်ကို ကျင့်သုံးသောတက္ကသိုလ် များလည်းရှိသည်။ ဂျပန်နိုင်ငံတွင် ဧပြီလ၌ ကျောင်းစတင်တက်ရောက်ခြင်းမှာ ပုံမှန်ဖြစ်သော်လည်း အထူးသဖြင့် ဘွဲ့လွန်တက္ကသိုလ်များတွင်မူ စက်တင်ဘာလ နှင့် အောက်တိုဘာလ၌ လက်ခံသည့် တက္ကသိုလ်က များပါသည်။

ဧပြီလ ကျောင်းစတင်တက်ရောက်ခြင်း၊ ဒုတိယဆီမက်စ်တာ တက်ရောက်မည့်ကျောင်းသားများ၏ တစ်နှစ်တာ



၂. ဂျပန်နိုင်ငံ၏ပညာရေးစနစ်

ဂျပန်နိုင်ငံတွင် တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေးဝမ်းကျောင်းကို ဝင်နိုင်ရန်အတွက် မူအားဖြင့် ကျောင်းပညာကို ပညာသင်နှစ် (၁၂)နှစ် အထိ တက်ခဲ့ဖူးရမည်။ နည်းပညာကောလိပ် (Kosen) အတွက် (၁၀)နှစ်၊ ဘွဲ့လွန်တက္ကသိုလ် (မဟာတန်း)အတွက် ကျောင်းပညာသင်နှစ် (၁၆) နှစ်အထိ တက်ခဲ့ဖူးရမည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ ပညာရေး ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ မြန်မာနိုင်ငံရှိကျောင်းများတွင် အထက်တန်းအောင်မြင်ပြီးဆုံးသူများ ဂျပန် တက္ကသိုလ်ဝင်ခွင့်လျှောက်ရာတွင် ဂျပန်နိုင်ငံ ၏ အထက်တန်းအောင်မြင်ပြီးသူများနှင့်တူညီသော ပညာအရည်အချင်းရှိသည်ဟု သတ်မှတ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပါသည်။
(၁) မြန်မာနိုင်ငံတွင် အထက်တန်းအောင်မြင်ပြီးသောကျောင်းသားမှာ ဂျပန်ပညာရေး၏ ပညာသင်နှစ် အရည်အချင်း (၁၂)တန်းနှင့်ညီသည်ဟု သတ်မှတ်ခြင်း ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာတွင် အထက်တန်းအောင်မြင်ပြီးသူကို ဂျပန်တက္ကသိုလ်များတွင် ကျောင်းဝင်ခွင့် လျှောက်ထားခွင့်ပြုမှာဖြစ်ပါသည်။
(၂) ထို့အတူ မဟာတန်းဝင်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍လည်း မြန်မာတက္ကသိုလ်၏ ဘွဲ့ကြိုတန်းပြီးဆုံးကာ အနည်းဆုံးပညာသင်နှစ်အရေအတွက် (၁၅)နှစ်ရှိပါက လျှောက်ထားနိုင်မှာဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဂျပန်တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန်အတွက် မြန်မာတွင် အထက်တန်းအောင်မြင်ပြီးဆုံးသူသည် Preparatory Education Curriculum တွင် တက်ရောက်နေရန်မလိုဘဲ ဂျပန်ဘွဲ့ကြိုတက္ကသိုလ်ဝင်ခွင့်ကို ဖြေဆိုနိုင်မှာဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဘွဲ့ကြိုတန်းပြီးဆုံးပါက ဂျပန်တက္ကသိုလ်၏မဟာတန်းဝင်ခွင့်ကိုဝင်ရောက်ဖြေဆိုနိုင်မှာ ဖြစ်ပါသည်။

သို့သော်လည်း ဂျပန်တက္ကသိုလ်များ၏ ဝင်ခွင့်လျှောက်ထားနိုင်သော အရည်အချင်းတွင် အသက်ကန့်သတ်ထားသော ကျောင်းများလည်းရှိပါသည်။ ကျောင်းဝင်ခွင့်လျှောက်လွှာ မတင်မီတွင် မိမိလျှောက်ထားလိုသော ကျောင်းနှင့်ဆက်သွယ်၍ ဝင်ခွင့်လျှောက်ထားနိုင်သောအရည်အချင်းကို မေးမြန်းပါ။ သို့မဟုတ် OJEIC နှင့် ဆွေးနွေးတိုင်ပင်ပါ။

ပညာရေး ယဉ်ကျေးမှု အားကစား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် " ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း "
https://www.jasso.go.jp/ryugaku/study_j/search/nihongokyouiku.html

ပညာရေးယဉ်ကျေးမှုအားကစားသိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာန "သတ်မှတ်ထားသည့် ၁၁ နှစ် အထက်ပညာရေးအတွက် အတန်း"
http://www.mext.go.jp/a_menu/koutou/shikaku/1380756.htm

၃. ရယူနိုင်သော ဒီဂရီ၊ ဘွဲ့နှင့် သင်တန်းကာလ

	သင်တန်း	ရယူနိုင်သော ဒီဂရီ၊ ဘွဲ့	သင်တန်းကာလ
ဘွဲ့လွန်တက္ကသိုလ်	ပါရဂူသင်တန်း *၁	ပါရဂူဘွဲ့	၅ နှစ်
	မဟာဘွဲ့သင်တန်း	မဟာဘွဲ့	၂ နှစ်
	သက်မွေးအတတ်ပညာဒီဂရီသင်တန်း	မဟာဘွဲ့ (သက်မွေးအတတ်ပညာ)	၂ နှစ်
		ဥပဒေပါရဂူဘွဲ့ (သက်မွေးအတတ်ပညာ)	၃ နှစ်
		သင်ပြနည်းမဟာဘွဲ့(သက်မွေးအတတ်ပညာ)	၂ နှစ်
တက္ကသိုလ် (ပထမဘွဲ့သင်တန်း)	အထွေထွေပထမဘွဲ့သင်တန်း ၄ နှစ်စနစ်ဆေးဝါးပညာသင်တန်း	တက္ကသိုလ်ပထမဘွဲ့	၄ နှစ်
	ဆေးပညာ၊ သွားသက်ဆိုင်ရာပညာ၊ ဆေးဝါးပညာဌာန ၆နှစ်သင်တန်းနှင့် တိရစ္ဆာန်ဆေးကုပညာ		၆ နှစ်
ဥပစာကောလိပ် *၂*၅	၂ နှစ်သင်တန်း	ကာလတိုတက္ကသိုလ်ဘွဲ့	၂ နှစ်
	၃ နှစ်သင်တန်း		၃ နှစ်
နည်းပညာဥပစာကောလိပ်	—	တက္ကသိုလ်ပထမဘွဲ့(သက်မွေးအတတ်ပညာ)	၄ နှစ်
အထူးပြုသင်တန်းကျောင်း *၂*၅	၂ နှစ်သင်တန်း	တွဲဖက်ဒီဂရီ (သက်မွေးအတတ်ပညာ)	၂ နှစ်
	၃ နှစ်သင်တန်း		၃ နှစ်
အဆင့်မြင့်သက်မွေးပညာအထက်တန်းကျောင်း *၃*၄*၅	—	တွဲဖက်ဒီဂရီ	၃ နှစ်ကုန်သွယ်မှုရေကြောင်းအတွက် ၃နှစ်ခွဲ
အထူးပြုသင်တန်းကျောင်း *၄	အထူးပြုသင်တန်း သက်မွေးပညာသင်ဥပစာကောလိပ်	ဒီပလိုမာ	၂ နှစ်နှင့်အထက်
		အဆင့်မြင့်ဒီပလိုမာ	၄ နှစ်နှင့်အထက်

* ၁ ဘွဲ့လွန်ပါရဂူဘွဲ့သင်တန်းကို ပထမဆီမက်စ်တာသင်တန်း(၂)နှစ်နှင့် ဒုတိယဆီမက်စ်တာသင်တန်း (၃)နှစ်ဟု ခွဲခြားထားသည်။ ပထမဘွဲ့သင်တန်း၏ သင်တန်းကာလ (၆)နှစ်ဖြစ်သော ဆေးပညာ၊ သွားသက်ဆိုင်ရာပညာ၊ ဆေးဝါးပညာဌာန၏ (၆)နှစ်သင်တန်းနှင့် တိရစ္ဆာန်ဆေးကုပညာအတွက် ပါရဂူဘွဲ့သင်တန်းမှာ (၄)နှစ်ဖြစ်သည်။
* ၂ ကောလိပ်ပြီးပြီးနောက် အထူးတန်း (၁နှစ် - ၂နှစ်) ကို ဆက်တက်ပါက ဘွဲ့ရနိုင်သည်။
* ၃ ပုံမှန်အားဖြင့် နည်းပညာဥပစာကောလိပ်၏သင်တန်းကာလမှာ (၅)နှစ်ဖြစ်သော်လည်း နိုင်ငံတကာကျောင်းသားများအား ပညာသင်နှစ် တတိယနှစ်မှ လက်ခံမည်ဖြစ်သည်။ ကျောင်းပြီးပြီးနောက် အဆင့်မြင့်သင်တန်း (၂)နှစ်ကို ဆက်တက်ပြီး " တက္ကသိုလ်ပထမဘွဲ့ " ဒီဂရီကိုရရှိနိုင်သည်။ နည်းပညာကောလိပ်မှပေးသည့်
* ၄ " တွဲဖက်ဒီဂရီ "၊ အသက်မွေးပညာသင်ကျောင်းမှပေးသည့် " ဒီပလိုမာ " နှင့် " အဆင့်မြင့်ဒီပလိုမာ " သည် ပညာသင်ဘွဲ့ဖြစ်သည်။
* ၅ တက္ကသိုလ်မြှင့်မြောင်းလဲမှုတူညီရေးနှင့် ပညာသင်ဘွဲ့ချီးမြှင့်ရေးအသင်း (NIADQE) က အသိအမှတ်ပြုထားသည့် ကောလိပ်နှင့်နည်းပညာကောလိပ်ကိုပြီးမြောက်ပြီး NIADQE က ကျင်းပသည့် စာမေးပွဲကိုအောင်လျှင် ပညာသင်ဘွဲ့ ရနိုင်သည်။ အသေးစိတ်ကို မိမိတက်ရောက်လိုသည့်ကျောင်းတွင် စုံစမ်းပါ။

National Institution for Academic Degrees and Quality Enhancement of Higher Education (NIAD-QE)

https://www.niad.ac.jp/n_gakui/



Q ဂျပန်နိုင်ငံတွင်ရထားသောဘွဲ့သည် အခြားနိုင်ငံတွင်အကျုံးဝင်ပါသလား?

A ယေဘုယျအားဖြင့် ဂျပန်နိုင်ငံတွင်ရရှိထားသောဘွဲ့သည် အခြားနိုင်ငံများတွင်ရရှိထားသောဘွဲ့နှင့် တန်းတူညီတူ တန်ဖိုးရှိသည်။ သို့သော်နိုင်ငံအလိုက် ပညာရေးဝန်ကြီးဌာန နှင့် အကဲဖြတ်အဖွဲ့အစည်းများ (အမြတ်အစွန်းမရည်ရွယ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများစသည်) က သီးခြားစုပ်တည်ပြီး ဒီဂရီဘွဲ့များအား အကဲဖြတ်ပေးသည်လည်းရှိပါသည်။ ကြိုတင်၍ မိမိနိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများတွင် စုံစမ်းမေးမြန်းသင့်ပါသည်။

တက္ကသိုလ် (ဘွဲ့ကြို) ဥပစာကောလိပ်

အဆင့်မြင့်ပညာရေး၏ အဓိကပညာသင်ကြားရေးအဖွဲ့အစည်းများဖြစ်ပါသည်။ မူအားဖြင့် တက္ကသိုလ်များ၏ သင်ကြားမှုကာလသည် (၄)နှစ်ဖြစ်ကာ ကောလိပ်၏သင်ကြားမှုကာလသည် (၂)နှစ်ဖြစ်ပါသည်။ အချို့ ကျောင်းများတွင် ပုံမှန်ကျောင်းသားမဟုတ်သည့် အချိန်ပိုင်းသင်တန်းသားနှင့် သုတေသနသင်တန်းသား စနစ်လည်း ရှိသည်။ ပညာသင်ဘွဲ့ရရှိရန် ရည်ရွယ်သည့် ကာလရှည်ပညာသင်ကြားခြင်းအပြင်၊ ပညာသင်ဘွဲ့ရရန် မရည်ရွယ်သည့် ကာလတိုပညာသင်ကြားခြင်းစနစ် (စာမျက်နှာ -၁၈ တွင် ကိုးကားရန်) လည်း ဂျပန်နိုင်ငံတွင် ရှိပါသည်။

1. ကျောင်းဝင်ခွင့်အရည်အချင်းများ

အောက်ပါအရည်အချင်းတစ်ခုခု ပြည့်မီနေရန်လိုအပ်ပါသည်။

① နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၂)တန်းထိ ပြီးမြောက်ထားသူ

② နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၂)တန်းထိ ပြီးမြောက်ခြင်းနှင့်ညီမျှသော ပညာအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

③ ဂျပန်နိုင်ငံတွင် နိုင်ငံခြားအထက်တန်းကျောင်းနှင့်ညီမျှသည်ဟု သတ်မှတ်ထားသော နိုင်ငံခြားကျောင်းကိုပြီးမြောက်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

④ နိုင်ငံခြားတွင် ပညာရေး အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့်ကျောင်းပညာအထက်တန်း (၁၁)တန်းထက် များသော သင်တန်းကို တက်ရောက်အောင်မြင်ထားသူ

⑤ International Baccalaureate Diploma, German Abiture Diploma, French Baccalaureate Diploma ကို ကိုင်ဆောင်ပြီး (သို့မဟုတ်) GCEA အဆင့်စာမေးပွဲ၏အမှတ်သည် ကျောင်းမှသတ်မှတ်ထားသောအမှတ်ထက် များပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

⑥ နိုင်ငံတကာအကဲဖြတ်အဖွဲ့များ < WACS, CIS, ACSI > အသိအမှတ်ပြုထားသည့်ပညာရေးအဖွဲ့အစည်းက ဖွင့်လှစ်ထားသောသင်တန်းကို (၁၂)တန်းထိ တက်ရောက်အောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

⑦ အထက်တန်းကျောင်းပြီးအဆင့် အသိအမှတ်ပြုစာမေးပွဲအားအောင်မြင်ထားပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

⑧ အထက်ပါအရည်အချင်းများအပြင် ကျောင်းပညာရေးဥပဒေတွင် ပြဌာန်းထားသည့် အခြားတက္ကသိုလ်ဝင်ခွင့်အရည်အချင်းတစ်ခုခုကို ပြည့်မီသူ

⑨ ကျောင်းတွင်သီးခြားကျောင်းဝင်ခွင့် အရည်အချင်းစစ်ဆေးမှုအရ အထက်တန်းကျောင်းကို အောင်မြင်ပြီးသူနှင့်ညီမျှသော ပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခြင်းခံရသူ ဖြစ်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ

※ (၁) မှ (၃)အထိနှင့်ပတ်သက်၍ ပညာသင်နှစ်(၁၂)တန်းအောက်ဖြစ်ပြီး နိုင်ငံခြားတွင် အသိအမှတ်ပြုထားသောသင်တန်းကို အောင်မြင်ခြင်းမရှိပါက သတ်မှတ်ထားသော ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း (သို့) လေ့ကျင့်ရေးကျောင်းသင်တန်း စသည်ကိုပြီးဆုံးရန် လိုအပ်သည့်အခြေအနေများလည်းရှိပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ အထက်တန်းပညာရေး အောင်မြင်ပြီးဆုံးသူသည် ပညာသင်နှစ်အရေအတွက် (၁၁)နှစ်သာရှိသော်လည်း ဂျပန်တက္ကသိုလ်လျှောက်နိုင်သော ပညာအရည်အချင်းရှိကြောင်း သတ်မှတ်ခြင်းခံဖြစ်ပါသည်။ ဂျပန်တက္ကသိုလ်များ၏ ဝင်ခွင့်လျှောက်ထားနိုင်သော အရည်အချင်းတွင် အသက်ကန့်သတ်ထားသောကျောင်းများလည်းရှိပါသည်။ ကျောင်းဝင်ခွင့်လျှောက်လွှာမတင်မီတွင် မိမိလျှောက်ထားလိုသောကျောင်းနှင့် ဆက်သွယ်၍ ဝင်ခွင့်လျှောက်ထားနိုင်သော အရည်အချင်းကိုမေးမြန်းပါ။ သို့တည်းမဟုတ် OJEIC နှင့်ဆွေးနွေးတိုင်ပင်ပါ။

2. ကျောင်းစရှာကြရအောင်

တက္ကသိုလ်၊ ဥပစာကောလိပ် ရွေးချယ်ရန်အဓိကအချက်

တသင်ကြားမှုနှင့်သုတေသနအကြောင်းအရာ	မိမိအမှန်တကယ်သင်ယူလိုသည့်သင်ကြားမှုရှိရဲ့လား။ သုတေသန လုပ်နိုင်ရဲ့လား။ သင်ယူလိုသည့်ဆရာကောရှိရဲ့လား။
သင်ခန်းစာပရိုဂရမ်	ဂျပန်လူမျိုးနှင့်အတူသင်ယူရမည့် ပရိုဂရမ်လား။ အင်္ဂလိပ်ဘာသာဖြင့် သင်ယူပြီး ဒီဂရီရနိုင်မည့် ပရိုဂရမ်လား။ ကာလရှည်ပရိုဂရမ်လား။ ကာလတိုပရိုဂရမ်လား။
သုတေသနပစ္စည်းများ	သုတေသနလုပ်ဖို့အတွက် ပစ္စည်းများပြည့်စုံမှုရှိရဲ့လား။
ကျောင်းဝင်ခွင့်စာမေးပွဲ	ဂျပန်သို့မလာခင်တွင် ကျောင်းဝင်ခွင့်ပြုသည့်စနစ်ရှိလား။ နိုင်ငံခြားသားပညာတော်သင်အတွက် အထူး ကိုးကားရမည့် အရာတွေရှိလား။
ပညာသင်ကျောင်းသားလက်ခံမှုတွင် အောင်မြင်မှု၊ ထောက်ပံ့ပေးနိုင်သည့်စနစ်	ဂျပန်စာကိုပံ့ပိုးသင်ကြားပေးသည့် လက်ရာချိန်ရှိလား။ နိုင်ငံခြားသားပညာတော်သင်တွေကို ပံ့ပိုးပေးမည့်ဝန်ထမ်း၊ စာလေ့လာမှုနှင့် နေထိုင်မှုမှာ ကူညီပေးမည့် ကျူတာရှိရဲ့လား။ အလုပ်ဝင်နိုင်ဖို့ ပံ့ပိုးပေးတာမျိုးရှိရဲ့လား။
ကျောင်းပြီးသည့်နောက် ဖေ့ဆက်ရမည့်လမ်းကြောင်း	ဘွဲ့လွန်တက္ကသိုလ်သို့ကျောင်းဆက်တက်ဖို့ရှိလား။ အလုပ်ရနိုင်ဖို့ကော ရှိရဲ့လား။
ကျောင်းစရိတ်၊ အခြားလိုအပ်သည့် စရိတ်များ	ပထမနှစ်၊ ဒုတိယမြောက်နှစ်ကကော။ ဘွဲ့ရတဲ့အထိ ကုန်ကျစရိတ်စုစုပေါင်းက ဘယ်လောက်လဲ။
ပညာသင်ဆုစသည့်ထောက်ပံ့ငွေ	ကျောင်းမှပညာသင်ဆုပေးတဲ့စနစ်နှင့် ကျောင်းစရိတ်ကင်းလွတ်ခြင်း၊ လျှော့ပေးခြင်းစသည့် စနစ်ရှိလား။ ထောက်ပံ့ပေးနိုင်တဲ့နှုန်းကဘယ်လောက်လဲ။ ဂျပန်မလာခင် ထောက်ပံ့ငွေရနိုင်မှုရှိမရှိကို အသိပေးသလား။
နေထိုင်မည့်နေရာ	ကျောင်းအဆောင်နှင့်အိမ်ငှားတာတွေကောရှိလား။ တိုက်ခန်းကော မိတ်ဆက်ပေးသလား။
နေထိုင်မည့်ဒေသပတ်ဝန်းကျင်	ကျောင်းက စာလေ့လာမှုနှင့်နေထိုင်မှုအတွက် အဆင်ပြေတဲ့ ပတ်ဝန်းကျင်ရှိရဲ့လား။ မြို့ပေါ်လား၊ နယ်လား။ ရာသီဥတု ကကော မျှတရဲ့လား။

🔍 တက္ကသိုလ်နှင့်ကောလိပ်ဆိုင်ရာ အချက်အလက်များ (JASSO)
https://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

🔍 တက္ကသိုလ်နှင့်ကောလိပ်ဆိုင်ရာ အချက်အလက်များ (JAPAN STUDY SUPPORT)
https://www.jpss.jp/ja/

● **Guide to University Entrance for Privately-Financed International Students**

တက္ကသိုလ်အလိုက် ဝင်ခွင့်စာမေးပွဲဆိုင်ရာအချက်အလက်များနှင့် နိုင်ငံခြားသားကျောင်းဝင်ခွင့်စာမေးပွဲအောင်မြင်မှုနှုန်းကို စုစည်းပြုစုထားသော အဖိုးတန်သည့်လမ်းညွှန်စာအုပ်၊ တည်းဖြတ်ပုံနှိပ် The Asian Students Cultural Association (ဂျပန်နိုင်ငံအတွင်း၌သာ ဝယ်ယူနိုင်သည်)

※ ဂျပန်နိုင်ငံပညာတော်သင်မြှင့်တင်ရေး စာရွက်စာတမ်းများ ပုံနှိပ်ထုတ်ဝေရေးအခြေစိုက် (စာ-၄၅)တွင် ကြည့်ရှုနိုင်ပါသည်။

3. လျှောက်ထားရန်လိုအပ်သည့်စာရွက်စာတမ်းများ

① ကျောင်းဝင်ခွင့်လျှောက်လွှာ (တက္ကသိုလ်မှပြဋ္ဌာန်းထားသည့်အရာ)

② အထက်တန်းပြီးမြောက်ကြောင်း (ပြီးမြောက်ရန်ရှိကြောင်း) လက်မှတ်

③ အထက်တန်းကျောင်းမှဘာသာရပ်နှင့် ရမှတ်မှတ်တမ်း
သင်တက်ရောက်ခဲ့သော အထက်တန်းကျောင်း၏ကျောင်းအုပ်(သို့)

④ ကျောင်းဆရာ၏ထောက်ခံစာ

⑤ ဂျပန်ဘာသာအရည်အချင်း (သို့) အင်္ဂလိပ်ဘာသာအရည်အချင်းလက်မှတ်

⑥ အခြား

ကျောင်းအလိုက်တင်ပြရမည့် စာရွက်စာတမ်းများ ကွဲပြားပြီး ဂျပန်ဘာသာ (သို့) အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ထားသည်ကို တောင်းလေ့ရှိသည့်အတွက် အသေးစိတ်ကို လျှောက်ထားလိုသောကျောင်းသို့ တိုက်ရိုက်မေးမြန်းစုံစမ်းပါ။

5. Professional and Vocational University နှင့် Professional and Vocational Junior College ၏ ကွာခြားချက်

အထူးသီးသန့်လုပ်ငန်းခွင်တွင် ပရော်ဖက်ရှင်နယ်ဖြစ်ရန်အတွက် လိုအပ်သော ဗဟုသုတ၊ သဘောတရားအပြင် ကျွမ်းကျင်စွာဆောင်ရွက်လာနိုင်စေမည့် ပညာရပ်တွေကို လေ့လာသင်ယူနိုင်တဲ့ တက္ကသိုလ်၊ ဥပစာကောလိပ်ဖြစ်ပါသည်။ လုပ်ငန်းများတွင်လက်တွေ့ကာလရှည် သင်ယူနိုင်ခြင်းအပါအဝင် များပြားလှသော လက်တွေ့သင်ယူစရာများနဲ့ အထူးပြုယူထားသည့် လုပ်ငန်းခွင်နဲ့ ဆက်စပ်သည့် တခြားနယ်ပယ်ရဲ့ ပညာရပ်များမှတစ်ဆင့် လုပ်ငန်းခွင်နဲ့ တိုက်ရိုက်ဆက်စပ်သော မြင့်မားတဲ့လုပ်ဆောင်စွမ်း၊ ပေါ်များတဲ့တွေးခေါ်နိုင်စွမ်းကို ရရှိနိုင်ပါသည်။ ကျောင်းပြီးသူများသည် တက္ကသိုလ်နဲ့ ဥပစာကောလိပ်မှ ကျောင်းပြီးသူနဲ့တူညီတဲ့ Bachelor နဲ့ Associate Degree နဲ့ ညီမျှတဲ့ဒီဂရီကို ရရှိနိုင်မှာဖြစ်ပါသည်။

4. ကျောင်းဝင်ခွင့်စာမေးပွဲ

တက္ကသိုလ်အများစုသည် ဂျပန်လူမျိုးအတွက်ကျင်းပသည့် ဝင်ခွင့်စာမေးပွဲအပြင် နိုင်ငံခြားသားကျောင်းသားများအတွက် အထူးဝင်ခွင့်စာမေးပွဲကိုလည်း ကျင်းပနေပါသည်။ အောက်ပါစစ်ဆေးနည်းများမှ အချို့စစ်ဆေးနည်းများကို တွဲဖက်၍ စစ်ဆေးပါသည်။ တက္ကသိုလ်အလိုက် စာမေးပွဲစစ်ဆေးနည်းမတူညီသောကြောင့် ဝင်ခွင့်စာမေးပွဲလမ်းညွှန်ကိုလေ့လာပါ။

① စာရွက်စာတမ်းဖြင့် စစ်ဆေးရွေးချယ်ခြင်း

② ပညာအရည်အချင်း စစ်ဆေးခြင်း

③ အင်တာဗျူး

④ စာတမ်းတို၊ စာစီစာကုံး

⑤ အခြားအရည်အချင်း၊ ပင်ကိုယ်စွမ်းရည် စသည်ကိုစစ်ဆေးခြင်း

⑥ ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)

⑦ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT)

⑧ တက္ကသိုလ်ဝင်ခွင့် အမျိုးသားစင်တာစာမေးပွဲ

6. ဘွဲ့ရ၊ ကျောင်းပြီးရန်အတွက်

အောက်ပါလိုအပ်ချက်များနှင့် ပြည့်မီပြီး ကျောင်းပြီးထားပါက ဒီဂရီရရှိနိုင်ပါသည်။
※ ကျောင်းအပေါ် မူတည်ပြီး မိမိရဲ့ကျောင်းဆင်းအမှတ်တွေကို တောင်းဆိုတာမျိုးလည်းရှိပါသည်။

အမျိုးအစား		စံထားသည့်ကျောင်းပြီးသည့်ကာလ	ရရှိသည့်အဆင့်အရေအတွက်	ရရှိမည့်ဒီဂရီ
တက္ကသိုလ် (ဒီဂရီ)	ပုံမှန်မေဂျာ၊ (၄)နှစ်တာသင်ကြားရသည့် ဆေးဘက်ဆိုင်ရာမေဂျာ	၄ နှစ်	၁၂၄ ခရက်ဒစ်အထက်	Bachelor
	ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ တိမွေးကုပညာရပ်စသည့် အတန်းများ။ (၆)နှစ် စနစ်ရှိသည့် ဆေးဘက်ဆိုင်ရာမေဂျာ	၆ နှစ်	ဆေးပညာ၊ သွားဘက်ဆိုင်ရာ ခရက်ဒစ် ၁၈၈ အထက်၊ တိမွေးကုပညာရပ် ခရက်ဒစ် ၁၈၂ အထက်၊ ဆေးဝါးဆိုင်ရာ အဆင့် ၁၈၆ အထက်	
ကောလိပ်	(၂) နှစ်တာ အတန်း	—	ခရက်ဒစ် ၆၂ အထက်	Associate Degree
	(၃) နှစ်တာ အတန်း	—	ခရက်ဒစ် ၉၃ အထက်	
Professional & Vocational University	—	၄ နှစ်	ခရက်ဒစ် ၁၂၄ အထက်	Bachelor Degree (Professional)
Professional & Vocational Junior College	(၂) နှစ်တာ အတန်း	—	ခရက်ဒစ် ၆၂ အထက်	Associate Degree (Professional)
	(၃) နှစ်တာ အတန်း	—	ခရက်ဒစ် ၉၃ အထက်	

※ သတိပြုရန်၊ ပထမစာသင်ကာလနှင့် ဒုတိယစာသင်ကာလဟူ၍ (၂)ပိုင်းခွဲထားသော Professional Univesity ၏ ပထမစာသင်ကာလကို ပြီးဆုံးထားပါက Associate Degree (အထူးပြု) ဆိုသည့် ဒီဂရီကို ရရှိနိုင်ပါသည်။

ဘွဲ့လွန်တက္ကသိုလ်

1 ကျောင်းဝင်ရန်အရည်အချင်းစစ်ဆေးခြင်း
2 သုတေသနအစီအစဉ်
3 တက္ကသိုလ်၊ နည်းပြဆရာရှာဖွေခြင်း
4 စာရွက်စာတမ်းတင်ခြင်း
ကျောင်းဝင်ရန်လုပ်ဆောင်ခြင်း
ဝင်ခွင့်ရနေခြင်း
4 စာရွက်စာတမ်းတင်ခြင်း
ဝင်ခွင့်ရနေခြင်း
6 ကျောင်းပြီးဆုံးခြင်း

သုတေသနကျောင်းသား (လိုအပ်ပါက)
ပုံမှန်ကျောင်းသား

1. ဝင်ခွင့်အရည်အချင်း

အောက်ပါအရည်အချင်းတစ်ခုခု ပြည့်မီနေရန် လိုအပ်သည်။

(၁) မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်း (ပထမဆီမက်စ်တာ)

① ဂျပန်နိုင်ငံ၏ တက္ကသိုလ်တွင်ဘွဲ့ရသူ

② National Institution for Academic Degrees and Quality Enhancement of Higher Education (NIAD-QE) မှ အသိအမှတ်ပြုသော တက္ကသိုလ်ပထမဘွဲ့ကို ရထားသူ

③ နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၆)တန်းအထိ ပြီးမြောက်သူ

④ နိုင်ငံခြားရှိတက္ကသိုလ်၊ တက္ကသိုလ်နှင့်ညီမျှသော နိုင်ငံခြားရှိကျောင်းတွင် (၃)နှစ်ထက်များသော ပညာသင်နှစ်ကို ပြီးမြောက်အောင်မြင်သောကြောင့် တက္ကသိုလ်ဘွဲ့ရရှိထားသူ

⑤ ဂျပန်နိုင်ငံတွင် နိုင်ငံခြားတက္ကသိုလ်သင်တန်းရှိသည်ဟု သတ်မှတ်ထားခြင်းခံရသည့် ပညာရေးအဖွဲ့အစည်း၏ (၁၆)နှစ်သင်တန်းကို ပြီးမြောက်သူ

⑥ သတ်မှတ်ထားသောသက်မွေးပညာ (ဥပစာ) ကောလိပ်ကိုပြီးမြောက်သူ

⑦ ဘွဲ့လွန်တက္ကသိုလ်တွင် သီးခြားကျောင်းဝင်ခွင့် အရည်အချင်းစစ်ဆေးမှုအရ တက္ကသိုလ်ဘွဲ့ရသူနှင့် တန်းတူညီတူနှင့်အထက် ပညာ အရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခြင်းခံရသူဖြစ်ပြီး အသက် (၂၂)နှစ် ပြည့်ပြီးသူ

(၂) ပါရဂူဘွဲ့သင်တန်း (ဒုတိယဆီမက်စ်တာ)

① ဂျပန်နိုင်ငံ၏ မဟာဘွဲ့ဒီဂရီ (သို့) သက်မွေးအတတ်ပညာဒီဂရီကို ရထားသူ

② နိုင်ငံခြားတွင် မဟာဘွဲ့ဒီဂရီ (သို့) သက်မွေးအတတ်ပညာဒီဂရီနှင့် ညီမျှသော ဒီဂရီကို ရထားသူ

③ ဂျပန်နိုင်ငံတွင် နိုင်ငံခြား ဘွဲ့လွန်တက္ကသိုလ်သင်တန်းရှိသည်ဟု သတ်မှတ်ထားခြင်းခံရသည့် သင်တန်းကိုပြီးမြောက်၍ မဟာဘွဲ့ဒီဂရီနှင့် သက်မွေးအတတ်ပညာဒီဂရီများနှင့် ညီမျှသော ဒီဂရီကို ရထားသူ

④ တက္ကသိုလ်ဘွဲ့ရထားပြီး တက္ကသိုလ်၊ သုတေသနအဖွဲ့အစည်း (နိုင်ငံခြားရှိ တက္ကသိုလ်၊ သုတေသနအဖွဲ့အစည်းများ အပါအဝင်) စသည်တွင် (၂)နှစ်နှင့်အထက် သုတေသနလုပ်ငန်းများလုပ်ဆောင်ခဲ့သူဖြစ်ပြီး ဘွဲ့လွန်တက္ကသိုလ်တွင် မဟာဘွဲ့ဒီဂရီကို ရရှိထားသူနှင့် ညီမျှသော ပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခြင်းခံရသူ

⑤ ဘွဲ့လွန်တက္ကသိုလ်တွင် သီးခြားကျောင်းဝင်ခွင့်အရည်အချင်း စစ်ဆေးမှုအရ မဟာဘွဲ့ဒီဂရီ (သို့) သက်မွေးအတတ်ပညာဒီဂရီကို ရရှိထားသူနှင့် ညီမျှသာလွန်သော ပညာအရည်အချင်းရှိသည်ဟု သတ်မှတ်ခြင်းခံရသူဖြစ်ပြီး အသက်(၂၄)နှစ်ပြည့်ပြီးသူ

(၃) ပါရဂူဘွဲ့သင်တန်း (ဆေးပညာ၊ သွားဘက်ဆိုင်ရာ၊ ဆေးဝါးပညာသင်တန်းအချို့၊ တိရစ္ဆာန်ဆေးကုပညာ)

ဆေးပညာဌာန၊ သွားဘက်ဆိုင်ရာဆေးပညာဌာန၊ အချို့ဆေးဝါးဗေဒဌာန၊ တိရစ္ဆာန်ဆေးကုဌာနသို့ ဝင်ခွင့်လျှောက်လိုပါက ဝင်ခွင့်မလျှောက်မီ တက္ကသိုလ်သို့ စုံစမ်းပါ။

2. သုတေသနအစီအစဉ်ရေးကြရအောင်!

သုတေသနအစီအစဉ် ဟူသည် အကြောင်းအရာကိုဆုံးဖြတ်ပြီး အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ မည်သို့မည်ပုံဖြင့် သုတေသနပြုလုပ်မည်ကို မြင်ပုံပြုစုထားသော စာရွက်စာတမ်းဖြစ်သည်။ ဘွဲ့လွန်တက္ကသိုလ် အများစုတွင် လျှောက်လွှာတင်ချိန်၌ သုတေသနအစီအစဉ်ကို အတူတကွ ပေးပို့ရန် လိုအပ်မည်ဖြစ်သည်။

အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်သည်၊

① သုတေသနရည်ရွယ်ချက်
② နောက်ခံအကြောင်း
③ မတူညီသောထင်မြင်ချက်
④ နည်းလမ်း
⑤ ကျမ်းကိုးစာရင်း

ရေးသားနည်းနှင့်စာလုံးအရေအတွက်မှာ ကျောင်းအပေါ်မူတည်ကာ ကွဲပြားသည်။ များသောအားဖြင့် စာလုံးရေ (၂၀၀၀)ခန့်ဖြစ်သည်။ သုတေသနအစီအစဉ်ကို ရေးသားပြုစုရန်အတွက် သင် သုတေသနလုပ်လိုသော နယ်ပယ်၏စာတမ်းများကို ရှာဖွေပြီး မည်သည့်အတိုင်းအတာအထိ တိုးပေါက်ရောက်ရှိနေပြီး မည်သို့သော အခက်အခဲစိန်ခေါ်မှုများ ကျန်ရှိနေသည်ကို ရှာဖွေလေ့လာရန် အရေးကြီးသည်။

အမှတ်ပေးသည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

① သုတေသနပေါ်ထားရှိသည့် သဘောထားဆန္ဒ
② ခေါင်းစဉ်ကိုရှာဖွေတွေ့ရှိခဲ့သည့်အင်အား
③ အရာဝတ္ထုတွေကို ခွဲခြမ်းစိတ်ဖြာနိုင်သည့် အင်အား
④ ကျိုးကြောင်းဆီလျော်သည့် စဉ်းစားနိုင်မှုအင်အား
⑤ အထူးပြုဘာသာရပ်နှင့် ပတ်သက်သည့် ဗဟုသုတ

● သုတေသနစီမံကိန်း ရေးဆွဲနည်းလမ်းညွှန်
သုတေသနစီမံကိန်း ရေးဆွဲနည်းနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုနည်းကို လေ့လာနိုင်သည်။
စာရေးသူ - JASSO
ထုတ်ဝေသူ - Bonjinsha Co., Ltd. (ဂျပန်နိုင်ငံအတွင်းသာဝယ်ယူနိုင်သည်)
※ ဂျပန်နိုင်ငံပညာတော်သင်မြှင့်တင်ရေး စာရွက်စာတမ်းများ ပုံနှိပ်ထုတ်ဝေရေးအခြေခိုက် (စာ-၄၅) တွင် ကြည့်နိုင်ပါသည်။

သုတေသနစာတမ်းရှာဖွေရန်

CiNii Articles
https://ci.nii.ac.jp/

၃-၁. ကျောင်းရှာဖွေရအောင်!

ဂျပန်တက္ကသိုလ်ဆိုင်ရာအချက်အလက်များ (JASSO)
https://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

ဂျပန်တက္ကသိုလ်များရှာဖွေရန် (JAPAN STUDY SUPPORT)
https://www.jpss.jp/ja/

၃-၂. ပညာရေးအကြံပေးပုဂ္ဂိုလ်ကို ရှာကြစို့!

ပညာရေးအကြံပေးပုဂ္ဂိုလ် ဟူသည် သင်တန်းအစီအစဉ် နှင့် သုတေသနကို အကြံပေးသော နည်းပြဆရာဖြစ်ပြီး၊ အခြေခံအားဖြင့် သင်ကိုယ်တိုင်ရှာဖွေရန် လိုအပ်သည်။ ကျောင်းအလိုက် ကျောင်းလျှောက်လွှာမတင်မီ ကြိုတင်၍ ပညာရေးအကြံပေးပုဂ္ဂိုလ်ကိုရှာပြီး တရားဝင်မဟုတ်သော သဘောတူညီချက်ကို ရယူထားရန် လိုအပ်သည်။

< ပညာရေးအကြံပေးပုဂ္ဂိုလ်ရှာဖွေနည်း >

- သင်တက်ရောက်ခဲ့သော တက္ကသိုလ်၏ ပညာရေးအကြံပေးပုဂ္ဂိုလ်အား မိတ်ဆက်ပေးရန် မေတ္တာရပ်ခံခြင်း။
- ပညာရေးဂျာနယ်များ၊ နိုင်ငံတကာကျောင်းသားဟောင်းများ၊ သင့်နိုင်ငံရှိ သုတေသနပညာရှင်များ အစရှိသည်မှ အချက်အလက်ရယူခြင်း။
- ဂျပန် တက္ကသိုလ်၏ ဝက်ဘ်ဆိုက် စသည်
- တက်ရောက်လိုသည့် တက္ကသိုလ် မှ မိတ်ဆက်ပေးခြင်း။

စီနီယာများ၏စကားသံ

ပညာရေးအကြံပေးပုဂ္ဂိုလ်က ကျောင်းတက်ရောက်မှုဘဝကို ကူညီပေးနိုင်တာမို့လို့ အရမ်းကိုအရေးပါလှပါတယ်။ စီနီယာတွေ ဆီကနေ တတ်နိုင်သလောက် နည်းပြဆရာနဲ့ ပတ်သက်တဲ့သတင်းတွေကို ရယူကာ၊ ကိုယ်နဲ့ကိုက်ညီလားဆိုတာကို သေချာ သုံးသပ်ကြည့်ပါ။

ပညာရှင်များရှာဖွေရန်

researchmap
https://researchmap.jp/search/

< နည်းပြဆရာနှင့် တက္ကသိုလ်များနှင့် ဆက်သွယ်သည့်အခါ >

လက်ရှိအချိန်ထိ သင့်သုတေသနရလဒ်နှင့် နောင်ပြုလုပ်မည့် သုတေသနအစီအစဉ်၊ အဆိုပါနည်းပြဆရာအား ပညာရေးအကြံပေးပုဂ္ဂိုလ်အဖြစ် ရွေးချယ်ရခြင်းအကြောင်းအရင်း အစရှိသည်ကို အသေးစိတ်ရှင်းလင်းဖော်ပြပြီး၊ ဖြစ်နိုင်ပါက မှရင်းတက်ရောက်နိုင်သည့် တက္ကသိုလ်၏ ပညာရေးအကြံပေးပုဂ္ဂိုလ် အစရှိသူ၏ထောက်ခံစာကို အတူတွဲပေးပို့ပါက ပိုကောင်းသည်။ အဆိုပါနည်းပြဆရာသည် သင့်အကြောင်းကို စာများမှ တဆင့်သာ အကဲဖြတ်နိုင်သောကြောင့် အကြိမ်ကြိမ်အဖန်ဖန် စာပေးစာယူပြီး သင့်စိတ်ဆန္ဒပြင်းပြမှုကို သိရှိအောင်ဖော်ပြရန်လိုသည်။ နည်းပြဆရာဆီသို့ မေးလ်ရေးနည်းနှင့် ပတ်သက်ပြီး၊ အရှေ့မှာဖော်ပြထားသည့် သုတေသနစာတမ်းရေးနည်းကို လေ့လာနိုင်ပါသည်။

၄-၁. ကျောင်းဝင်ခွင့်စာရွက်စာတမ်း

ဂျပန်တက္ကသိုလ် ပုံမှန်အတန်းသို့ ကျောင်းဆက်လက် တက်ရောက်လိုပါက တိုက်ရိုက်၊ ပုံမှန်အတန်း၏ဝင်ခွင့်ကိုဖြေရန် အသိအမှတ်ပြုသည့် ဂျပန်တန်းရှိသလို၊ သုတေသနကျောင်းသားအဆင့်ကို ကျော်ဖြတ်ပြီးမှ ဂျပန် ပုံမှန်အတန်းတက်ရောက်ခြင်းအား ပိုအားပေးသော ဂျပန်တက္ကသိုလ်လည်းရှိပါသည်။

① ကျောင်းဝင်ခွင့်လျှောက်လွှာ (ဂျပန်တက္ကသိုလ် မှ ပြဌာန်းထားသည့်အရာ)
② တက္ကသိုလ် ပထမဘွဲ့သင်တန်းပြီးမြောက်ကြောင်း (ပြီးမြောက်ရန်ရှိကြောင်း) လက်မှတ်
③ မဟာဘွဲ့ဒီဂရီရရှိထားကြောင်း (ရရှိရန်ရှိကြောင်း) လက်မှတ်
(ပါရဂူဘွဲ့သင်တန်းအတွက်)
④ နောက်ဆုံးတက်ရောက်ခဲ့သော ကျောင်း၏ဘာသာရပ်နှင့် ရမှတ်မှတ်တမ်း
⑤ ထောက်ခံစာ
⑥ မူရင်းတက္ကသိုလ် ၏ သုတေသန(ဘွဲ့ရ)စာတမ်း နှင့် ၎င်းစာတမ်းအကျဉ်းချုပ်
⑦ သုတေသနစီမံကိန်း
⑧ အခြား

ကျောင်းပေါ်မူတည်ပြီး တင်ပြရမည့် စာရွက်စာတမ်းများ ကွဲပြားသည့်အပြင်၊ ဂျပန်စာ (သို့) အင်္ဂလိပ်စာဖြင့် ဘာသာပြန်ဆိုခြင်းကို တောင်းဆိုခြင်းမျိုးလည်း ရှိသည့်အတွက် အသေးစိတ်ကို လျှောက်ထားလိုသောကျောင်းသို့ တိုက်ရိုက် မေးမြန်းစုံစမ်းကြရအောင်။

အဓိကအကြံပေးချင်သည့်အချက်

သုတေသနကျောင်းသားဆိုသည်မှာ -

သုတေသနကျောင်းသားဟူသည် အောက်ဖော်ပြပါ အမျိုးအစားကျောင်းသားများကိုခေါ်တွင်သည်။

① ဒီဂရီရရန်ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ ကာလတို သုတေသနလုပ်ရန် အတွက် စာရင်းသွင်းထားသူ (အထူးသဖြင့် ဂျပန်တက္ကသိုလ်အဆင့်)
② တက္ကသိုလ်စသည်များအကြား အလဲအလှယ်သဘောတူညီချက် အစရှိသည်ကိုအခြေခံသည့် ကာလတိုနိုင်ငံတကာကျောင်းသားအဖြစ် စာရင်းသွင်းထားသူ (ဘွဲ့ကြို၊ ဘွဲ့လွန်)
③ ဂျပန်တက္ကသိုလ်ပုံမှန်အတန်း၏ ကျောင်းဝင်ခွင့်အတွက် ကြိုတင်ပြင်ဆင်မှုကာလအဖြစ် စာရင်းသွင်းထားသူ (အထူးသဖြင့် ဘွဲ့ကြိုကိုပြီးဆုံးထားသူ)

ကိုးကား - စာရွက်စာတမ်းစိစစ်ရွေးချယ်မှုဖြင့် ကျောင်းဝင်ခွင့်ပေးခြင်းက များပါသည်။
နေထိုင်ခွင့်အခြေအနေ - တပတ်ချင်းနာရီများ‌ထောင်ရဲ့ သက်သက်ဖြစ်သော သုတေသန ကျောင်းသားအဖြစ် " ကျောင်းသား " ဟူသော နေထိုင်ခွင့် ခွင့်ပြုချက်ရရှိရန်အတွက် သီတင်း(၁)ပတ်လျှင် (၁၀)နာရီနှင့်အထက် စာပို့ချချက် နားထောင်ရန်လိုအပ်သည်။ ထို့အပြင်၊ စာပို့ချချက် နားထောင်ခြင်း မျိုးမဟုတ်ဘဲ အခမဲ့အနေဖြင့် သုတေသနပြုလုပ်လိုသော သုတေသန ကျောင်းသားသည် (ယဉ်ကျေးမှုဖလှယ်သည့်လုပ်ဆောင်မှု) ၏ နေထိုင်ခွင့် အရည်အချင်းလိုအပ်သည်။

၄-၂. ဝင်ခွင့်လျှောက်လွှာတင်သွင်းကာလ

ဇွန်လ မှ ဇန်နဝါရီလကြားတွင် ကျောင်းသားခေါ်ဆိုခြင်းများပါသည်။ ကျောင်း စတင်ဝင်ရောက်သည့်ကာလမှာ ဧပြီလ က များသော်လည်း စက်တင်ဘာ နှင့် အောက်တိုဘာလတွင် ကျောင်းစတင် တက်ရောက်ရသည့် ကျောင်းလည်းရှိပါသည်။

၄-၃. ကျောင်းဝင်ခွင့်စာမေးပွဲကို လေ့လာရအောင်!

အောက်ပါစစ်ဆေးနည်းများမှ အချို့စစ်ဆေးနည်းများကို တွဲဖက်စစ်ဆေး ရွေးချယ်မည်။ ဘွဲ့လွန်တက္ကသိုလ်အလိုက် စာမေးပွဲစစ်ဆေးနည်းမတူညီသောကြောင့် ဘွဲ့လွန်တက္ကသိုလ်၏ ဝက်ဘ်ဆိုက်တွင် လေ့လာပါ။

① စာရွက်စာတမ်းစိစစ်ရွေးချယ်ခြင်း (တင်ပြမည့်စာရွက်စာတမ်း)
② ပညာအရည်အချင်းစစ်ဆေးခြင်း (မေဂျာ သို့မဟုတ် အထူးပြုဘာသာရပ်၏ ရေးဖြေ စာမေးပွဲ
③ အင်တာဗျူး (အင်တာဗျူး သို့ အွန်လိုင်း)
④ စာတမ်းတို ၊ စာစီစာကုံး
⑤ အထူးပြုဘာသာရပ်နှင့် သက်ဆိုင်သော နှုတ်ဖြေစာမေးပွဲ (အင်တာဗျူး သို့ ဖုန်းအင်တာဗျူး)

၅. သက်မွေးအတတ်ပညာဘွဲ့လွန်တက္ကသိုလ်ဆိုသည်မှာ?

အဆင့်မြင့် သက်မွေးအတတ်ပညာ ကျွမ်းကျင်မှုကို ပြင်ဆင်ပေးပြီး လူမှုရေးနှင့် စီးပွားရေး နယ်ပယ်အလိုက် ခေါင်းဆောင်အဖြစ် ဦးစီးလုပ်ကိုင်နိုင်သည့် ကျွမ်းကျင်အတတ်ပညာရှင်များကို သင်ကြားပြုစု ပျိုးထောင်ပေးရန် ရည်ရွယ်သော သင်ရိုးညွှန်းတမ်းဖြစ်သည်။ စံအားဖြင့် ဥပဒေဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်များက ပြုစုပျိုးထောင်ပေးသော ဥပဒေဘွဲ့လွန်တက္ကသိုလ်နှင့် ကျောင်းဆရာများကို သင်ကြားမွေးထုတ်ပေးသော သင်ပြနည်း ဘွဲ့လွန်တက္ကသိုလ်၊ အခြားသော စီးပွားရေး / MOT နယ်ပယ်၊ စာရင်းကိုင်ပညာနယ်ပယ်၊ လူထုပေါ်လစီနယ်ပယ် စသည် ဆိုင်ရာသက်မွေးအတတ်ပညာ ဘွဲ့လွန်တက္ကသိုလ်များရှိသည်။

၆. ကျောင်းပြီးရန်အတွက်

အတန်း	ဘွဲ့	ပညာသင်ယူနှစ်	လိုအပ်သောခရက်ဒစ်	မှတ်ချက်
ပါရဂူဘွဲ့တန်း	ပါရဂူဘွဲ့	၅ နှစ်	ခရက်ဒစ်ပေါင်း (၃၀) ကျော် (မဟာဘွဲ့တန်းတွင် ရရှိခဲ့သည့် ခရက်ဒစ် အပါအဝင်)	ပါရဂူဘွဲ့စာတမ်းစိစစ်စစ်ဆေးခြင်း အောင်မြင်ရမည်။
မဟာဘွဲ့တန်း	မဟာဘွဲ့	၂ နှစ်	ခရက်ဒစ်ပေါင်း (၃၀) ကျော်	မဟာဘွဲ့စာတမ်းစိစစ်စစ်ဆေးခြင်း အောင်မြင်ရမည်။
ကျွမ်းကျင်ပညာရှင်များဆိုင်ရာ ဘွဲ့လွန်သင်တန်း	မဟာဘွဲ့ (ကျွမ်းကျင်ပညာရှင်)	၂ နှစ်	ခရက်ဒစ်ပေါင်း (၃၀) ကျော်	
	ဥပဒေပါရဂူဘွဲ့ (ကျွမ်းကျင်ပညာရှင်)	၃ နှစ်	ခရက်ဒစ်ပေါင်း (၉၃) ကျော်	
	ပညာသင်ကြားရေးပါရဂူဘွဲ့ (ကျွမ်းကျင်ပညာရှင်)	၂ နှစ်	ခရက်ဒစ်ပေါင်း (၄၅) ကျော်	

* ဘွဲ့လွန်တက္ကသိုလ် ပါရဂူဘွဲ့သင်တန်းကို ပထမဆီမက်စ်တာသင်တန်း (၂)နှစ်နှင့် ဒုတိယဆီမက်စ်တာသင်တန်း (၃)နှစ် ဟူ၍ ခွဲထားတတ်သည်။
* ပထမဘွဲ့သင်တန်း၏ သင်တန်းကာလ (၆)နှစ်ဖြစ်သော ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ ဆေးဝါးပညာ၏ သင်တန်းအချို့နှင့် တိရိစ္ဆာန်ဆေးကုပညာအတွက် ပါရဂူဘွဲ့သင်တန်းမှာ (၄)နှစ်ဖြစ်သည်။

အင်္ဂလိပ်ဘာသာဖြင့် ပို့ချသော ဘွဲ့သင်တန်း

ဂျပန်တက္ကသိုလ်တွေသည် နိုင်ငံတကာနှင့်ရင်ဘောင်တန်းလာသည်နှင့်အညီ တက္ကသိုလ်နှင့် ဘွဲ့လွန်တက္ကသိုလ်တွင် ဂျပန်စာသင်ယူခြင်းဆိုသည့် အတားအဆီးမျိုးမရှိတော့ဘဲ "အင်္ဂလိပ်ဘာသာဖြင့် စာသင်ယူနိုင်ပြီး၊ ဒီဂရီရရှိနိုင်သည့်ပရိုဂရမ်" ပေါ်ပေါက်လာပါသည်။ သို့ရာတွင် သက်မွေးပညာသင် ဥပစာကောလိပ်နှင့် အထူးပြုသင်တန်းကျောင်းတွင်မူ ထိုကဲ့သို့သော ပရိုဂရမ်မျိုးမရှိပါ။

1. ကျောင်းရှာရအောင်!!

အင်္ဂလိပ်ဘာသာဖြင့် ဒီဂရီရယူနိုင်သော ပရိုဂရမ်များ (JASSO)
https://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

တက္ကသိုလ်၊ ကောလိပ်များရှာဖွေရန် (JAPAN STUDY SUPPORT)
https://www.jpss.jp/ja/

2. စာရွက်စာတမ်းဆန်းစစ်ရအောင်!

ပုံမှန်စာရွက်စာတမ်း (စာ-၁၃၊ ၁၅ ကိုးကား) အပြင် အောက်ပါတို့ကို တင်ပြရန် လိုအပ်တတ်ပါသည်။

① အင်္ဂလိပ်စာအရည်အချင်းသက်သေခံစာရွက် (TOEFL®、IELTS စသည့် တရားဝင်စာရွက်စာတမ်းမှ အမှတ်စာရင်း သက်သေခံစာရွက်)

② ပညာအရည်အချင်းသက်သေခံစာရွက် (ဘွဲ့ကြို ဆိုပါက EJU, SAT မိမိနိုင်ငံ၏ အထက်တန်းကျောင်းအမှတ်စာရင်းစုစုပေါင်း စသည့် တရားဝင်စာရွက်စာတမ်းမှ အမှတ်စာရင်း သက်သေခံစာရွက်)

3. စိစစ်ရွေးချယ်မှုနည်းလမ်း

① စာရွက်စာတမ်းစိစစ်ရွေးခြယ်ခြင်း

② အင်တာဗျူး (သင်နေထိုင်သည့်နိုင်ငံ၊ ဒေသ၌အင်တာဗျူး၊ အွန်လိုင်းအင်တာဗျူး)

③ အခြားလိုအပ်သော အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု

<လိုအပ်သော အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု>

	TOEFL iBT	IELTS
ဘွဲ့လွန်တက္ကသိုလ်	75-80	6
တက္ကသိုလ်	71-80	5.5-6

အဓိက အကြံပေးချင်သည့်အချက်

ဂျပန်စာသင်ယူချင်တယ်

တက္ကသိုလ်ပေါ် မူတည်ပြီး နိုင်ငံတကာကျောင်းသားတွေအတွက် ဂျပန်စာသင်ကြားမှု ပရိုဂရမ်ကို လက်ခံတာလည်း ရှိပါတယ်။ ဒါပေမယ့် ဒီဂရီကို အသိအမှတ်ပြုခြင်း မပြုခြင်းစတဲ့ အခြေအနေများလည်း ရှိပါတယ်။ ပြီးတော့ အထူးသင်တန်းကြေးမျိုး လိုအပ်တဲ့ အခြေအနေမျိုးလည်း ရှိတတ်ပါတယ်။

စီနီယာများ၏စကားသံ

အင်္ဂလိပ်ဘာသာနဲ့ ဒီဂရီရရှိနိုင်တဲ့သင်တန်းကို တက်ရောက်တယ်ဆိုပေမယ့်လည်း ဂျပန်စာနေ့စဉ်သုံးစကားပြောနဲ့ ဟီရာဂန၊ ခါတကန ကိုလေ့လာထားပါက ဂျပန်မှာနေထိုင်မှု အဆင်ပြေ လွယ်ကူပါတယ်။ ပြီးတော့ အလုပ်ဝင်တဲ့ အခါမှာလည်း အကျိုး ရှိပါတယ်။ တဖန်၊ အချို့နိုင်ငံများတွင် ဗီဇာရရှိဖို့အတွက် ဂျပန်စာလေ့လာထားတဲ့ အတွေ့ အကြုံများ ကို တောင်းတာမျိုး ရှိတဲ့အတွက်၊ ကျောင်းတွင် တင်ပြရမယ့် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရအောင်။

သင်တန်းအားလုံးတွင်ဖော်ပြထားသည့် [အားလုံးကိုအင်္ဂလိပ်ဘာသာဖြင့် သင်ယူနိုင်သည့် သင်တန်း (ဘာသာစကားမပါ)] ရာခိုင်နှုန်းအမြင့်ဆုံး အကောင်းဆုံးတက္ကသိုလ်(၁၀)ခု

အဆင့်	တက္ကသိုလ်	နေရာ	%
1	Akita International University	Akita Prefecture	98.0
2	Ritsumeikan Asia Pacific University	Oita Prefecture	88.9
3	Miyazaki International College	Miyazaki Prefecture	40.3
4	Ohkagakuen University	Aichi Prefecture	30.7
5	Nagoya University of Commerce & Business	Aichi Prefecture	26.4
6	International Christian University	Tokyo Prefecture	22.3
7	Osaka Jogakuin Unviersity	Osaka Prefecture	18.7
8	Sophia University	Tokyo Prefecture	16.0
9	Kansai Gaidai University	Osaka Prefecture	15.9
10	Hitotsubashi Uinversity	Tokyo Prefecture	15.1

Source: Prfecture is added based on THE World University Ranking Japan Version

အင်္ဂလိပ်ဘာသာဖြင့် ဒီဂရီရရှိနိုင်သောအတန်းအရေအတွက်

မေဂျာ	ဘွဲ့ကြိုတက္ကသိုလ်	ဘွဲ့လွန်တက္ကသိုလ်
Humanities	11	25
Social Science	13	124
Education	0	8
Science	7	214
Engineering	17	571
Agriculture.Fisheries. Veterinairian	3	83
Medicine / Health Science	1	104
Life Science	0	0
Art	0	8
Synthesis. Interdisciplinary	48	65

Source: According to the Japan Student Services Organization (as of March 2018)

ကျောင်းပြောင်းခြင်း၊ ကာလတို ပညာသင်ကြားမှု ပရိုဂရမ်

1. ကာလတိုပညာသင်ကြားမှု ပရိုဂရမ်နှင့် ပတ်သက်ပြီး ဆန်းစစ်ကြည့်ရအောင်!

" ကာလတိုပညာသင်ကြားခြင်း " ဆိုသည်မှာ ပညာသင်ဘွဲ့ရရှိရန် မရည်ရွယ်ဘဲ ရက်သတ္တပတ်အနည်းငယ်မှ တစ်နှစ်အထိ ဂျပန်နိုင်ငံတွင် ပညာသင်ကြားခြင်း ကို ဆိုလိုသည်။

သင်ကြားသည့်ဘာသာစကား - ဂျပန်ဘာသာ (သို့) အင်္ဂလိပ်ဘာသာစကား နှစ်မျိုးဖြင့် သင်ကြားလေ့ရှိပါသည်။

ပရိုဂရမ်ပုံစံ - နိုင်ငံခြားသားကျောင်းသားများအတွက် အထူးသင်တန်းများ စီစဥ်ခြင်းရှိသလို တက္ကသိုလ်၊ ဌာနခွဲများ၏ ပုံမှန်သင်တန်းများတွင် သင်ယူခြင်းများလည်းရှိပါသည်။ ပုံစံအမျိုးမျိုးလည်း စီစဥ်ထားပါသည်။

ကာလတိုပညာသင်ကြားမှု ပရိုဂရမ်တွင် ထူးခြားမှု (၅)မျိုးကို အောက်ပါအတိုင်း ခွဲခြားထားပါသည်။

	အကြောင်းအရာ	ရေက်ဖတ်	ကျောင်းလခကို ပေးချေရမည့်နေရာ	စုံစမ်းရန်
① ကျောင်းသားဖလှယ်ခြင်း	ကျောင်းသားအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေးအတွက် ချိတ်ဆက်ထားသောတက္ကသိုလ်တွင် ပညာသင်ရမည့်နေရာဖြစ်သည်။	ပညာသင်သွားရောက်မည့်ကျောင်းတွင် ရရှိနိုင်သည့်ရက်ဖတ်မှာ၊ ယဉ်ကျေးမှုဖလှယ်မှုအတွက် သတ်မှတ်ထားသည့် တက်ရောက်မည့်ကျောင်း၏ရက်ဖတ်အဖြစ် ပုံမှန်အားဖြင့် အသိအမှတ်ပြုထားသည်။	ပုံမှန်တက်ရောက်နေသည့်ကျောင်း၊ (ပညာတော်သင် သွားရမည့်တက္ကသိုလ်၏ ကျောင်းလခကိုကင်းလွတ်သည်)	အမိနိုင်ငံရှိ လက်ရှိတက်ရောက်နေသည့်ကျောင်း
② ကျောင်းသားဖလှယ်ခြင်း မဟုတ်သည့်ပရိုဂရမ်	ကျောင်းသားအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေးအတွက် ချိတ်ဆက်ထားသည့်ကျောင်းမှ ကျောင်းသားမဟုတ်သူများလည်း ပါဝင်နိုင်သည့် ပရိုဂရမ်များလည်းရှိသည်။ ※ ၁	ပရိုဂရမ် ပေါ်လိုက်ပြီး အသင့် ယူနိုင်သလို မရယူနိုင်သည့် အခြေအနေ မျိုးလည်းရှိပါသည်။	ပုံမှန်ပညာတော်သင် သွားမည့်ကျောင်း	ဂျပန်နိုင်ငံရှိ ပညာတော်သင် သွားမည့်တက္ကသိုလ်
③ သုတေသနကျောင်းသား ※ ၂	တက္ကသိုလ်ကျောင်းပြီးဆုံးမှုဆိုပါက သုတေသနကျောင်းသားအနေဖြင့် ၆-လခန့် (သို့) ၁ -နှစ် ဘွဲ့လွန်တက္ကသိုလ်ဖြင့် အတူပြု သုတေသနလုပ်နိုင်သည့် နေရာဖြစ်သည်။	မရရှိနိုင်ပါ။	ပညာတော်သင် သွားမည့်ကျောင်း	ဂျပန်နိုင်ငံရှိ ပညာတော်သင် သွားမည့်တက္ကသိုလ်
④ အထူးကျောင်းသား ※ ၂	သင်ကြားမှုဘာသာရပ်အနေဖြင့် အထူးပြုဘာသာကို အဓိကရည်ရွယ်ပြီး လုပ်ဆောင်ရမည့်နေရာဖြစ်သည်။	မရရှိနိုင်ပါ။	ပညာတော်သင် သွားမည့်ကျောင်း	ဂျပန်နိုင်ငံရှိ ပညာတော်သင် သွားမည့်တက္ကသိုလ်
⑤ ဘာသာရပ်ဆိုင်ရာဘွဲ့ ကျောင်းသား ※ ၂	သင်ကြားမှုဘာသာရပ်အနေဖြင့် အဆင့်ရရှိရန် အဓိကရည်ရွယ် လုပ်ဆောင်ရမည့်နေရာဖြစ်သည်။	မရရှိနိုင်ပါ။	ပညာတော်သင် သွားမည့်ကျောင်း	ဂျပန်နိုင်ငံရှိ ပညာတော်သင် သွားမည့်တက္ကသိုလ်

※ 1 ကာလတိုပရိုဂရမ် ရှိသည့် တက္ကသိုလ် (JASSO)
https://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

※ 2 အထူးသင်တန်းသားဖြစ်သော သုတေသနကျောင်းသားနှင့် အထူးကျောင်းသား ဘာသာရပ်ဆိုင်ရာ ဘွဲ့ကျောင်းသားအနေဖြင့် နေထိုင်ခွင့်အရည်အချင်း (ပညာသင်ကျောင်းသား) ကိုရရှိဖို့အတွက် အထူးသဖြင့် (တစ်ပတ်တွင် ၁၀-နာရီအထက် သင်ကြားမှုကိုနားထောင်ခြင်း) ရှိရမည်ဆိုသော ဥပဒေကို သတ်မှတ်ထားပါသည်။ ထို့အပြင် နားထောင်မှုတင်မကဘဲ အခမဲ့အနေဖြင့် သုတေသနလုပ်ဆောင်နိုင်သည့် ကျောင်းသားတွင် (Culture Acitivity) ဆိုသည့် နေထိုင်ခွင့်အရည်အချင်းလိုအပ်ပါသည်။

Q ကာလတိုပညာသင်ကြားခြင်းအတွက် ပညာသင်ဆုရှိပါသလား။

A အောက်ပါပညာသင်ဆုများ ရှိပါသည်။

① Japanese Government (Monbukagakusho : MEXT) Scholarship (Japanese - Japanese Culture Research Student)

ရှိရမည့်အခြေအနေ - တက္ကသိုလ်တွင် ပညာသင်ယူနေဆဲ၊ ဂျပန်ဘာသာနှင့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကို အထူးပြုယူထားသည့် ကျောင်းသား
လစဥ်ထောက်ပံ့ငွေ - 117,000 ယန်း
စုံစမ်းမေးမြန်းရန် - (၁) သံရုံးမှထောက်ခံသူ-အမိနိုင်ငံရှိ ဂျပန်သံရုံး
(၂) တက္ကသိုလ်မှထောက်ခံသူ - မိမိ တက်ရောက်နေသည့် တက္ကသိုလ်

② Japan Student Service Organization (JASSO) နိုင်ငံခြားပညာတော်သင် ထောက်ပံ့မှုစနစ် (သဘောတူညီလက်ခံမှု) ပညာသင်ဆု

ရှိရမည့်အခြေအနေ - တက္ကသိုလ်အချင်းချင်း ယဉ်ကျေးမှုဖလှယ်ရန် လက်ခံသဘောတူထားသည့် ပညာတော်သင်ကျောင်းသား
လစဥ်ထောက်ပံ့ငွေ - 80,000 ယန်း
စုံစမ်းမေးမြန်းရန် - အမိနိုင်ငံရှိ လက်ရှိတက်ရောက်နေသည့် တက္ကသိုလ်

2. အခြားတက္ကသိုလ်သို့ ကျောင်းပြောင်းခြင်း

ကျောင်းပြောင်းစနစ်ရှိသော တက္ကသိုလ်မှာ အများအပြားရှိသော်လည်း လက်တွေ့အခြေအနေမှာ အောက်ပါအတိုင်း အမျိုးမျိုးအထွေထွေဖြစ်သည်။

- ◉ နှစ်စဥ်ပြုလုပ်မည်ဟု သေချာပေါက်မဆိုနိုင်ပါ။
- ◉ အားလုံးသောဌာန၊ သင်တန်းများတွင် ပြုလုပ်မည်ဟု သေချာပေါက်မဆိုနိုင်ပါ။
- ◉ ယခင်တက်ရောက်ပြီးမြောက်ထားသော စာသင်နှစ်အရေအတွက်နှင့် ရရှိထားသော ရေက်ဖတ်များကို ရှိရင်းအတိုင်း လက်ခံမည်ဟု သေချာပေါက်မဆိုနိုင်ပါ။

အခြားတက္ကသိုလ်(ဌာန)သို့ ကျောင်းပြောင်းရန်အတွက် အောက်ပါအရည်အချင်းများမှ တစ်ခုခု ပြည့်မီရန်လိုအပ်ပါသည်။

- ကောလိပ်ပြီးမြောက်ထားသူ နည်းပညာကောလိပ်ပြီးမြောက်ထားသူ၊ ဒီပလိုမာရှိသူ (အသက်မွေးပမ်းကျောင်း ပြီးမြောက်ထားသူ)၊ ဘာသာရပ်တစ်ခုခု၏ အထူးပြုအထက်တန်းပြီးမြောက်ထားသူ
- တက္ကသိုလ်ကို တစ်နှစ်ထက်ပိုမိုတက်ရောက်ထားပြီး သတ်မှတ်ထားသော သင်ရိုးများကို အောင်မြင်ထားသူ၊ တက္ကသိုလ်ကို (၄)နှစ် တက်ရောက်ပြီး ပြီးမြောက်ထားသူ

ဝင်ခွင့်စာမေးပွဲဆိုင်ရာ အချက်အလက်များထက် အခြားတက္ကသိုလ်သို့ ကျောင်းပြောင်းခြင်းဆိုင်ရာ အချက်အလက်သည် နည်းပါးသောကြောင့် အသေးစိတ်ကို မိမိတက်ရောက်လိုသည့် တက္ကသိုလ်၌ ဆောလျင်စွာ စုံစမ်းမေးမြန်းပါ။

ⓘ ကျောင်းပြောင်းမှုစနစ်ရှိသည့် တက္ကသိုလ်များ ရှာဖွေရန် (JASSO)
https://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

နည်းပညာဥပစာကောလိပ်

သက်မွေးပညာအထက်တန်းကျောင်းဆိုသည်မှာ " နည်းပညာကောလိပ် Kosen " ဟုခေါ်ဆိုသည့် အဆင့်မြင့်ပညာရေးအဖွဲ့အစည်းဖြစ်ပါသည်။ အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီးနောက် (၅)နှစ် (ကုန်သွယ်ရေကြောင်းနှင့်ဆက်စပ်သည့်ဘာသာရပ်အတွက်မှ (၅)နှစ်ခွဲ) သတ်မှတ်ထားသည့် တသမတ်တည်းသော ပညာရေးဖြစ်သည်။ ပုံမှန်အားဖြင့် နိုင်ငံခြားကျောင်းသားများသည် တတိယနှစ်တွင် ကျောင်းဝင်လေ့ရှိသည်။ အစိုးရကျောင်းများမှာ ဂျပန်တစ်နိုင်ငံလုံးတွင် (၅၁)ကျောင်းနှင့် Campus (၅၅)ခု ရှိပါသည်။ ထို့အပြင် အများပြည်သူနှင့် ပုဂ္ဂလိက နည်းပညာပိုင်းဆိုင်ရာ ကောလိပ်ကျောင်းများလည်းရှိပါသည်။

1. ပညာရေး၏ထူးခြားလက္ခဏာများ

- အဆင့်မြင့် သီအိုရီများကို အခြေခံပြီး စမ်းသပ်သုတေသနပြုခြင်း၊ လက်တွေ့အသုံးချခြင်း၊ လေ့လာကျင့်သုံးခြင်းများကို အထူးပြုလုပ်ဆောင်သော ပညာသင်ကြားမှုဖြင့် ကျွမ်းကျင်အဆင့်နည်းပညာများကို သင်ယူကာ၊ နောက်ဆုံးပေါ် သိပ္ပံနည်းပညာကို ချက်ချင်းကိုင်တွယ်လုပ်ဆောင်နိုင်သည့် လက်တွေ့ကျသည့် နည်းပညာရှင်များကို လေ့ကျင့်မွေးထောင်ပေးရာ အဖွဲ့အစည်းဖြစ်သည်။
- သင်တန်းဌာနအများစုသည် စက်မှုလုပ်ငန်းဘာသာရပ်ဖြစ်ပြီး၊ ၎င်းအပြင် သင်္ဘောသားများကို မွေးထုတ်ပေးသော ကုန်သွယ်မှုရေကြောင်းဌာနလည်း ရှိသည်။
- (၅)နှစ်သင်တန်းကို ပြီးမြောက်သူသည် တွဲဖက်ဒီဂရီဘွဲ့ကို ရရှိနိုင်သည်။
- (၅)နှစ်ကြာပညာရေးသင်တန်းအပြင် ပိုမိုအဆင့်မြင့်သော (၂)နှစ်ကြာ အဆင့်မြင့်သင်တန်းကိုလည်းပို့ချပေးသည်။
- အဆင့်မြင့်သင်တန်းကို ပြီးမြောက်သူသည် ပညာရေးဘွဲ့နှင့် တက္ကသိုလ်အကဲဖြတ် အမျိုးသားအဖွဲ့အစည်း၏ စစ်ဆေးမှုကို အောင်မြင်ပါက တက္ကသိုလ် ပထမဘွဲ့ကို ရရှိနိုင်သည်။

2. ကျောင်းပြောင်းတက်ရောက်ရန်လိုအပ်သောအရည်အချင်း

အောက်ပါအရည်အချင်းတစ်ခုခုပြည့်မီနေရန် လိုအပ်သည်။

① နိုင်ငံခြားတွင် ကျောင်းပညာရေး(၁၁)နှစ်အထက် ရှိသော အတန်းကို ပြီးမြောက်ထားသူ။

② နိုင်ငံခြားတွင် ကျောင်းပညာရေး(၁၁)နှစ်အထက် ရှိသော အတန်းကို ပြီးမြောက်ခြင်းနှင့်ညီမျှသော ပညာအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ထားသူ။

③ ဂျပန်နိုင်ငံတွင် နိုင်ငံခြားအထက်တန်းကျောင်းနှင့်ညီမျှသည်ဟု သတ်မှတ်ထားသော နိုင်ငံခြားကျောင်းကို အောင်မြင်ထားသူ။

④ နိုင်ငံခြားတွင် ဆွစ်ဇာလန်နိုင်ငံမှ အသိအမှတ်ပြုထားသည့် International Baccalaureate ကို လက်ဝယ်ရရှိထားသူ သို့မဟုတ် ရရှိနိုင်သူ။

⑤ နိုင်ငံခြားရှိ ဂျာမနီနိုင်ငံရဲ့ဒေသအသီးသီးတွင် တက္ကသိုလ်တက်ရောက်နိုင်ကြောင်း အသိအမှတ်ပြုပေးနိုင်သည့် Germana Abiture Diploma ကို လက်ဝယ်ရရှိထားသူ သို့မဟုတ် ရရှိနိုင်သူ။

⑥ နိုင်ငံခြားရှိ ပြင်သစ်နိုင်ငံတွင် တက္ကသိုလ်တက်ရောက်နိုင်ကြောင်း အသိအမှတ်ပြုပေးနိုင်သည့် French Baccalaureate Diploma ကို လက်ဝယ်ရရှိထားသူ သို့မဟုတ် ရရှိနိုင်သူ။

⑦ နိုင်ငံတကာအကဲဖြတ်အဖွဲ့များ (WASC,CIS,ACSI) အသိအမှတ်ပြုထားသည့် ဂျပန်နိုင်ငံရှိ နိုင်ငံခြားကျောင်းတွင် ၁၁တန်းအထိပြီးမြောက်ထားသူ။

⑧ အထက်တန်းကျောင်းပြီးအဆင့်ရှိသည့် ပညာအရည်အချင်းကို ပိုင်ဆိုင်ထားသည်ဟု အသိအမှတ်ပြုခံထားရသူ။
အမှတ်စဉ် ၁ မှ ၃ အထိတွင် ပညာသင်နှစ် (၁၁)နှစ်အတန်းကို မပြည့်မီပါက ဂျပန်အစိုးရမှ သတ်မှတ်ထားသော University Prepratory Course သို့မဟုတ် လေ့ကျင့်ရေးသင်တန်းကျောင်းမှဖွင့်လှစ်ထားတဲ့ အတန်းကို ပြီးဆုံးထားရန်လိုအပ်ပါသည်။

3-1. အစိုးရပညာသင်ဆုဖြင့်သွားမည်ဆိုပါက

Japanese Government (Monbukagakusho : MEXT) Scholarship
နည်းပညာဥပစာကျောင်းသား
စုံစမ်းရန် - မိမိနိုင်ငံရှိ ဂျပန်အစိုးရရုံး

3-2. မိမိစရိတ်ဖြင့် သွားမည်ဆိုပါက

1 လျှောက်လွှာစာရွက်စာတမ်းများ

National Institute of Technology တွင် နိုင်ငံတဝှမ်းရှိ နည်းပညာဥပစာကောလိပ်များ၏ ပူးတွဲရွေးချယ်မှု စာမေးပွဲကို ပြုလုပ်သောကြောင့် လျှောက်လွှာ စာရွက်စာတမ်းများမှာ တသမတ်တည်းဖြစ်သည်။ အသေးစိတ်ကို National Institute of Technology ၏ ဝက်ဘ်ဆိုက်တွင် လေ့လာနိုင်သည်။

2 ကျောင်းဝင်ခွင့်စာမေးပွဲ

(Kosen) ဗိုစန်းအဖွဲ့အစည်းတွင် အောက်ပါအကြောင်းအရာများကို ခြုံငုံအကဲဖြတ်ပြီး အောင်၊ မအောင်ကို ဆုံးဖြတ်သည်။ (2018 ခုနှစ်တွင် ကျင်းပပြုလုပ်တဲ့ရမှတ်)

① လျှောက်လွှာစာရွက်စာတမ်း

② ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ（EJU） ရလဒ်

③ TOEFL®、IELTS、TOEIC ® တစ်ခုမဟုတ်တစ်ခု၏ရလဒ်

④ အင်တာဗျူးဖြင့် အကဲဖြတ်ခြင်း (ဂျပန်နိုင်ငံတွင် အင်တာဗျူးဖြေဆိုရမည်)

National Institute of Technology
http://www.kosen-k.go.jp/

4. ကျောင်းပြီးပြီးနောက် ရှေ့ဆက်မည့်လမ်း

Kosen ကို ပြီးမြောက်သူသည် ကုမ္ပဏီတွင် အလုပ်ဝင်နိုင်သလို ကျောင်းဆက်တက်နိုင်ပါသည်။ အလုပ်ဝင်လိုသူအတွက် နာမည်ကြီးလုပ်ငန်းအခု (၂၀) အထက်မှနေပြီး ခေါ်ယူလိုခြင်းများ ရှိပါသည်။ ကျောင်းပြီးသူတော်တော်များများသည် Kosen တွင် သင်ယူထားသည့်ဗဟုသုတနဲ့ နည်းပညာကို အသုံးချပြီး၊ သုတေသနအတွက်တိုးတက်စေခြင်း၊ ထုတ်လုပ်မှုကြီးကြပ်ခြင်း၊ ထုတ်လုပ်သည့်နေရာများတွင် လုပ်ဆောင်လျက်ရှိပါသည်။ ပညာတော်သင်ကျောင်းသားသည် နိုင်ငံပိုင်တက္ကသိုလ်တွင် ကျောင်းပြန်လည်ဆက်တက်သူ များပါသည်။

သက်မွေးပညာသင်ဥပစာကောလိပ် (အထူးပြုသင်တန်းကျောင်းအထူးပြုသင်တန်း)

အထူးပြုသင်တန်းကျောင်းများအနက် အထူးပြုသင်တန်းများပို့ချပေးသော အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ သက်မွေးပညာသင်ဥပစာကောလိပ်ဟုခေါ်တွင်သည်။ အလုပ်အကိုင်နှင့် လက်တွေ့နေထိုင်ရေးအတွက် လိုအပ်သော အသိပညာ၊ နည်းပညာနှင့် ကျွမ်းကျင်မှုကို သင်ယူပြီး၊ အသိပညာတိုးတက်မှုကို ရည်ရွယ်သော ပညာရေးအဖွဲ့အစည်းဖြစ်သည်။ " ဒီပလိုမာ" ရရှိနိုင်သည့် သင်တန်းကာလ (၂)နှစ်အထက်ရှိသော အတန်းအပြင်၊ ပို၍အဆင့်မြင့်သော အလုပ်ကိုမျှော်မှန်းနိုင်သည့် "အဆင့်မြင့်ဒီပလိုမာ" ကို ရရှိနိုင်သည့် သင်တန်းကာလ (၄)နှစ်အထက်ရှိသောအတန်းလည်းရှိပါသည်။

1. ထူးခြားသည့်ပညာရေးလက္ခဏာဆိုသည်မှာ အဘယ်နည်း။

သက်မွေးပညာသင်ဥပစာကောလိပ်သည် (၁) ဆေးဝါးကုသမှု (၂) စက်မှုလုပ်ငန်း (၃) ယဉ်ကျေးမှု နှင့်ပညာရေး (၄) ကုန်သွယ်မှုအလေ့အကျင့် (၅) ကျန်းမာရေး (၆) ပညာရေးနှင့်လူမှုဖူလုံရေး (၇) အဝတ်အထည်နှင့်အိမ်မှုစီမံခန့်ခွဲမှုသင်တန်း (၈) လယ်ယာလုပ်ငန်း ဟူ၍ အမျိုးအစားကြီး(၈)ခု ခွဲခြားထားပါသည်။ ဥပမာအားဖြင့်၊ အောက်ပါလုပ်ငန်းများတွင် လုပ်ကိုင်နိုင်ဖို့အတွက် လိုအပ်သောလေ့ကျင့်မှုကို ပြုလုပ်နိုင်ပါသည်။ အတွင်းပိုင်းအလှပြင်ဆင်သူ၊ ဗိသုကာပညာရှင်၊ System Engineen ကားပြင်ဆင်သူ၊ သူနာပြု၊ အာဟာရသုတေသီ၊ စားဖိုမှူး၊ မုန့်ဖုတ်သူ၊ အလှဖန်တီးရှင်၊ တရားဝင်အသိအမှတ်ပြုစာရင်းကိုင်၊ စကားပြန်နှင့်ဘာသာပြန်၊ လေယာဉ်မယ်၊ ဟိုတယ်ဝန်ထမ်း၊ နေ့ကလေးထိန်းဆရာမ၊ အိမ်အကျႌဖက်ရှင်ဒီဇိုင်နာ၊ Animator ၊ ရုပ်ရှင်ဒါရိုက်တာ၊ ပြဇာတ်ဆရာ၊ ဂိမ်းဖန်တီးသူ၊ လက်ဝတ်ရတနာဒီဇိုင်နာ စသည်တို့ဖြစ်သည်။

2. လိုအပ်သည့်ဂျပန်စာအရည်အချင်း

သက်မွေးပညာသင်ဥပစာကောလိပ်များသည် ဂျပန်ဘာသာဖြင့်ပို့ချခြင်းကြောင့် ဂျပန်ဘာသာ အရည်အချင်း လိုအပ်ပါသည်။ အောက်ဖော်ပြပါ အရည်အချင်းတစ်ခုမဟုတ် တစ်ခုနှင့် ပြည့်မီရန်လိုအပ်သည်။

① တရားဥပဒေရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းတွင် (၆)လနှင့်အထက် ဂျပန်စာတက်ရောက်သင်ယူထားသူ
② Japan Educational Exchanges and Services နှင့် The Japan Foundation မှ ကျင်းပပြုလုပ်ပေးနေသောJapanese Language Proficiency Test (JLPT) ၏ N1 (သို့) N2 ကို အောင်မြင်ထားသူ
③ ဂျပန်နိုင်ငံ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းများတွင် (၁)နှစ်နှင့်အထက် တက်ရောက်ထားသူ
④ ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU ဂျပန်စာဘာသာရပ် (စာဖတ်မှု နားလည်နိုင်စွမ်းနှင့် နားထောင်မှု နားလည်နိုင်စွမ်း၊ စာဖတ်နားထောင်မှု နားလည်နိုင်စွမ်း) တွင် စုစုပေါင်း အမှတ် ၂၀၀ နှင့်အထက် ရထားသူ
⑤ Japan Kanji Aptitude Testing Foundation မှ ကျင်းပပြုလုပ်ပေးလျက်ရှိသော BJT လုပ်ငန်းသုံး ဂျပန်ဘာသာ အရည်အချင်းစစ်စာမေးပွဲတွင် အမှတ် (၄၀၀) နှင့်အထက် ရထားသူ

3. ဝင်ခွင့်အရည်အချင်း

အောက်ပါအရည်အချင်း တစ်ခုခုကို ပြည့်မီနေရန် လိုအပ်သည်။

① နိုင်ငံခြားတွင် ကျောင်းပညာရေး (၁၂)တန်းအထိ ပြီးမြောက်ထားသူ
② နိုင်ငံခြားတွင် ကျောင်းပညာရေး(၁၂)တန်းအထိ ပြီးမြောက်ခြင်းနှင့်ညီမျှသော ပညာအရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ
③ ဂျပန်နိုင်ငံတွင် နိုင်ငံခြားအထက်တန်းကျောင်းနှင့်ညီမျှသည်ဟု သတ်မှတ်ထားသော နိုင်ငံခြားကျောင်းကို ပြီးမြောက်ပြီး အသက်(၁၈)နှစ် ပြည့်ပြီးသူ
④ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မှ သတ်မှတ်ထားသော ပညာသင်နှစ်အရေအတွက် (၁၁)နှစ် ပြီးဆုံးသူ
⑤ International Baccalaureate Diploma, French Baccalaureate Diploma ကို ကိုင်ဆောင်ထားပြီး အသက် (၁၈)နှစ်ပြည့်ပြီးသူ
⑥ နိုင်ငံတကာ အကဲဖြတ်အဖွဲ့များ (WASC, CIS, ACSI) အသိအမှတ်ပြုထားသည့် ဂျပန်နိုင်ငံရှိ နိုင်ငံခြားကျောင်းမှ ဖွင့်လှစ်ထားသောသင်တန်းကို (၁၂)တန်းအထိ အောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ
⑦ အထက်တန်းအဆင့်ရှိသော စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ
⑧ ကျောင်းတွင် သီးခြားစစ်ဆေးသော ကျောင်းဝင်ခွင့်အရည်အချင်းစစ်ဆေးမှုအရ အထက်တန်းကျောင်းကို အောင်မြင်ပြီးသူနှင့်ညီမျှသော ပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခံရသူဖြစ်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူ
⑨ အထက်ပါအရည်အချင်းများအပြင် ကျောင်းပညာရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခြားဝင်ခွင့်အရည်အချင်း တစ်ခုခုကို ပြည့်မီသူ

※ ① မှ ③ အထိ နှင့်ပတ်သက်၍ ပညာသင်နှစ် (၁၂)တန်းအောက် ဖြစ်ပါက အသိအမှတ်ပြုထားသော ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း သို့မဟုတ် လေ့ကျင့်ရေးကျောင်းသင်တန်း စသည်ကို ပြီးမြောက်ထားရန် လိုအပ်သည်။

4. ကျောင်းရှာဖွေရအောင်!

သက်မွေးပညာသင်ဥပစာကောလိပ် ရွေးချယ်ရန်အဓိကအချက်များ!

အကြောင်းအရာ	ရရှိနိုင်သည့်အဆင့်
① တရားဝင်ခွင့်ပြုထားသောကျောင်း	တရားဝင်ခွင့်ပြုထားခြင်းမရှိသောကျောင်းမှ ဒီပလိုမာရရှိနိုင်ပါ။ တရားစီရင်ပိုင်ခွင့်ရှိသောစီရင်စုပြည်နယ်အုပ်ချုပ်ရေးမှူး၏ခွင့်ပြုချက်ရ ကျောင်းဖြစ်ပါသလား။ တရားဝင်ခွင့်ပြုထားခြင်းမရှိသောကျောင်းမှ ဒီဂရီမရရှိနိုင်ပါ။
② သင်ကြားမှုအကြောင်းအရာ၊ ဆရာဦးရေ	မိမိသင်ယူလိုသောဗဟုသုတနဲ့နည်းပညာတွေကို သင်ယူနိုင်မည့် သင်ရိုးညွှန်းတမ်းလား။ကျောင်းသားအရေအတွက်နဲ့ဆရာအရေအတွက် အချိုးမှာ မည်သို့နည်း။
③ ပံ့ပိုးမှုအဂါရပ်၊ ပစ္စည်းကိရိယာ	နည်းပညာအစစ်ရှိသည်ကိုလေ့လာသင်ယူနိုင်မည့် အဆောက်အဦးနဲ့ ပစ္စည်းကိရိယာများစုံလင်စွာရှိပါသလား။ ဓာတ်ပုံနဲ့စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရအောင်။
④အလုပ်အကိုင်ရရှိနိုင်ရေးစနစ်၊ ကျောင်းပြီးသူအတွက် ရှေ့ဆက်ရမည့်လမ်း	အလုပ်အကိုင်ရရှိရေးအတွက် လမ်းညွှန်ချက်မှာ မည်သို့နည်း။ ကျောင်းပြီးသူအတွက် အလုပ်အကိုင်မှာ မည်သို့နည်း။
⑤ ကျောင်းလခ	ပထမကျောင်းလမှာ? ကျောင်းပြီးသည်ထိ စုစုပေါင်းကုန်ကျစရိတ်? ဘယ်အချိန်တွင် ပေးရမလဲ?
⑥ ပတ်ဝန်းကျင်ဂုဏ်သတင်း	ကျောင်းပြီးသူနှင့် နိုင်ငံတကာကျောင်းသားများ၏ ချိတ်ဆက်မှုကွန်ရက် စသည်ကို အသုံးပြုကြရအောင်။

အဓိက အကြံပေးချင်သည့်အချက်

ကျောင်းပြီးမည့်အချက်စစ်ဆေးမှု

ဒီပလိုမာရနိုင်သည့် အတန်း ဟုတ်၊ မဟုတ် ကျောင်း မှာ စစ်ဆေးကြည့်ကြရအောင်။

Metropolitan Tokyo Professional Institution Association
https://tsk.or.jp

နိုင်ငံခြားကျောင်းသားအား ဝင်ခွင့်ပေးသည့် အသက်မွေးပညာသင်ကျောင်းများစာရင်း
(Association for Technical & Career Education)
http://www.sgec.or.jp/ryuugakuguide/search/

5. လျှောက်ထားရန်လိုအပ်သော စာရွက်စာတမ်းများ

① ကျောင်းဝင်ခွင့်လျှောက်လွှာ (ကျောင်းမှပြဌာန်းသည့်ပုံစံ)
② အထက်တန်းကျောင်းအောင်လက်မှတ်
③ နောက်ဆုံးတက်ရောက်သောကျောင်း၏ ဘာသာရပ်နှင့် ရမှတ်မှတ်တမ်း
④ ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းတွင် တက်ရောက်မှု၊ ဘာသာရပ်နှင့် ရမှတ်မှတ်တမ်း (ဂျပန်နိုင်ငံတွင်းနေထိုင်ပါက)
⑤ ဂျပန်ဘာသာအရည်အချင်းလက်မှတ် (ဂျပန်နိုင်ငံပြင်ပတွင်နေထိုင်ပါက)
⑥ အခြား

ကျောင်းအလိုက်တင်ပြရမည့် စာရွက်စာတမ်းများ ကွဲပြားသလို အင်္ဂလိပ် (သို့မဟုတ်) ဂျပန်ဘာသာဖြင့် ဘာသာပြန်ဆိုထားဖို့ တောင်းဆိုခြင်းလည်း ရှိနိုင် သည့်အတွက် အသေးစိတ်ကို လျှောက်ထားလိုသောကျောင်းသို့ တိုက်ရိုက်မေးမြန်းစုံစမ်းပါ။

6. ကျောင်းဝင်ခွင့်စာမေးပွဲ

(၁) စာရွက်စာတမ်းစိစစ်ရွေးချယ်ခြင်း၊ (၂) ပညာအရည်အချင်းစစ်ဆေးခြင်း၊ (၃) အင်တာဗျူး၊ (၄) စာစီစာကုံး၊ (၅) ပင်ကိုယ်စွမ်းရည်စစ်ဆေးခြင်း၊ (၆) လက်တွေ့ကျွမ်းကျင်မှုစစ်ဆေးခြင်း၊ (၇) ဂျပန်စာ စာမေးပွဲ စသည်များမှ အချို့စစ်ဆေးနည်းများကို တွဲဖက်၍ စစ်ဆေးပါသည်။

ဝင်ခွင့်စာမေးပွဲတွင် မည်သည့်အသက်မွေးပညာရပ်မဆို (၁) ကျောင်းတက်သည့်ရည်ရွယ်ချက် (၂) ကျောင်းစာလိုက်နိုင်သည့် ဂျပန်ဘာသာအရည်အချင်းနှင့် ပညာအရည်အချင်း ရှိ/မရှိ (၃) ပညာသင်ကြားချင်သော စိတ်ဓာတ်ကို အဓိကထားပြီး စစ်ဆေးပါသည်။

7. ဘွဲ့ရ၊ ကျောင်းပြီးရန်အတွက်

	ဒီပလိုမာ	အဆင့်မြင့်ဒီပလိုမာ
① သင်တန်းကာလ	(၂)နှစ်နှင့်အထက်	(၄)နှစ်နှင့်အထက်
② သင်တန်းအချိန်	နာရီ (၁,၇၀၀) နှင့်အထက်	နာရီ (၃,၄၀၀) နှင့်အထက်
③ ပြီးမြောက်ကြောင်း အသိအမှတ်ပြုခြင်း	စာမေးပွဲစသည်ဖြင့် ရမှတ်ကို အကဲဖြတ်ပြီး သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုသည်	
④ သင်တန်းဖွဲ့စည်းတည်ဆောက်ပုံ	—	သင်ရိုးညွှန်းတမ်းကို စနစ်တကျ ဖွဲ့စည်းတည်ဆောက်ခြင်း
⑤ ကျောင်းပြီးသည့်နောက်ပိုင်း	"ဒီပလိုမာ" ရရှိပါက တက္ကသိုလ် ပြောင်းလဲမှုအား အသိအမှတ်ပြုသည်။	"အဆင့်မြင့်ဒီပလိုမာ" ရရှိပါက ဘွဲ့လွန်တက္ကသိုလ် သို့ ကျောင်းဝင်ခွင့်အရည်အချင်းရှိသည်ဟု အသိအမှတ်ပြုသည်။

ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းများ

နိုင်ငံခြားသားများအတွက် ရည်ရွယ်သော ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းဖြစ်သည်။ ဂျပန်နိုင်ငံ၏အထက်တန်းပညာရေးအဖွဲ့အစည်းတွင် အခြေခံအားဖြင့် မေဂျာအတော်များများနှင့်ပတ်သက်ပြီး ဂျပန်ဘာသာဖြင့် စာသင်ကြားပေးပါသည်။ ကျောင်း၏စာသင်ချိန်များတွင် စာလိုက်နိုင်ဖို့အတွက် ဂျပန်စာအရည်အချင်းအနေဖြင့် ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ N1 သို့ N2 အဆင့်လောက်လိုအပ်ပါသည်။ ယင်းကို နာရီ (၆၀၀) မှ နာရီ (၉၀၀) အထက်စာလေ့လာမှုဟုလည်း ပြောနိုင်ပါသည်။ ပတ်ဝန်းကျင်နှင့် ကူညီပေးမှုပေါ်မူတည်သော်လည်း ဂျပန်၌ အလွမ်းကုန် လေ့လာလျှင်တောင် တစ်နှစ် (သို့) နှစ်နှစ်ခန့်လေ့လာရန်လိုအပ်ပါသည်။

1. အမျိုးအစားနှင့်အရေအတွက်

ဂျပန်ဘာသာစကား လေ့လာရန်ကာလမှာ အစီအစဉ်ရေးဆွဲသူ၊ ရည်ရွယ်ချက်၊ ကျောင်းဝင်ခွင့်စသည့်အပေါ်မူတည်ပြီး အောက်ပါအတိုင်း အမျိုးအစားခွဲခြားထားကာ၊ နေထိုင်ခွင့်အရည်အချင်းနှင့် ကျောင်းအရေအတွက်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

	ဂျပန်ဘာသာစကားကျောင်း		နိုင်ငံပိုင်တက္ကသိုလ်၊ ကောလိပ်၏ အထူးပြုကျောင်း (ဂျပန်ဘာသာစကားအထူးပြုကျောင်း)*4
ကြီးကြပ်ကွပ်ကဲသူ	ကျောင်းအဖွဲ့အစည်း (အထူးပြုသင်တန်းကျောင်း၊ အထွေထွေကျောင်း)၊ အများပြည်သူ ဆိုင်ရာပေါင်းစပ်အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း၊ တစ်ဦးချင်းစသည်		နိုင်ငံပိုင်တက္ကသိုလ်၊ ကောလိပ်
ရည်ရွယ်ချက်	① ဂျပန်စာသင်ယူရန် *၁ ② ကျောင်းဆက်တက်ရန်အတွက် ဂျပန်စာသင်ယူရန်	② ကျောင်းဆက်တက်ရန်အတွက် ဂျပန်စာသင်ယူရန်	① ဂျပန်စာသင်ယူရန် ② ကျောင်းဆက်တက်ရန်အတွက် ဂျပန်စာသင်ယူရန်
ကျောင်းဝင်ခွင့် အရည်အချင်း	ပညာသင်နှစ် (၁၂) နှစ်ပြည့်ပြီးသူ	ပညာသင်နှစ် (၁၂) နှစ်မပြည့်သေးသူ *၂	ပညာသင်နှစ် (၁၂) နှစ်ပြည့်ပြီးသူ
အရေအတွက်	564		60
သင်တန်းကာလ	၁နှစ် မှ ၂နှစ် (ပုံမှန်)		၁နှစ် မှ ၂နှစ်
နေထိုင်ခွင့်အရည်အချင်း	ကျောင်းသား *၃		ကျောင်းသား
နေထိုင်ခွင့်ပြုသည့် အရေအတွက်	93,515 ဦး		ပျမ်းမျှ 6,000 ဦး

※1 နေထိုင်မှုအတွက် လိုအပ်သည့်ဂျပန်စာနှင့် စီးပွားရေးလုပ်ငန်းသုံး ဂျပန်စာကို လေ့လာနိုင်သည့်အတန်းဖြစ်သည်။

※2 မိမိနိုင်ငံ၏ပညာရေးစနစ်ပေါ်မူတည်ပြီး၊ တရားဝင်ကျောင်းပညာရေး (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ပညာရေးတွင် (၁၂)နှစ်မပြည့်သူဖြစ်ကာ၊ နောက်ဆုံးပညာရေးမှတ်တမ်းတွင် အထက်တန်းအောင်ပြီး သတ်မှတ်ထားသည့်ဘာသာရပ်ကို သင်ယူလေ့လာခြင်းမရှိပါက ဂျပန်တက္ကသိုလ်ဝင်ခွင့်ရရန် အရည်အချင်းပြည့်မီခြင်းမရှိပါ။ ထိုသို့ဖြစ်ပါက၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် တက္ကသိုလ်ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်းကို ပြီးဆုံးပြီး၊ အသက်(၁၈)နှစ်ပြည့်ပါက ဝင်ခွင့်ရနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကြိုတင် ပြင်ဆင်မှုသင်တန်းတွင် ဂျပန်စာအပြင် တက္ကသိုလ်ဝင်ရန် လိုအပ်သည့် အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှု၊ သိပ္ပံ စသည့် အခြေခံဘာသာရပ်များကို သင်ယူနိုင်ပါသည်။

※3 နေထိုင်ခွင့်အရည်အချင်း (ပညာတော်သင်ကျောင်းသား) ကို ရရှိနိုင်သည်မှာ တရားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းများသာဖြစ်သည်။

※4 အထူးသင်တန်းများအထဲမှ နိုင်ငံခြားသားများအတွက်သာ ရည်ရွယ်ပြီး ဂျပန်စာသင်ကြားပေးသည့် အထူးသင်တန်း "Ryugakusei Bekka" ကို ဂျပန်ဘာသာအထူးသင်တန်း " Nihon go Bekka " ဟုလည်း ခေါ်ဆိုသည်။ ပုဂ္ဂလိက တက္ကသိုလ်များနှင့် ကောလိပ်များတွင် ဖွင့်လှစ်ထားသည်။ ဂျပန်ဘာသာအပြင် ဂျပန်ယဉ်ကျေးမှု၊ ဂျပန်နိုင်ငံ အခြေအနေနှင့် တက္ကသိုလ် ဆက်တက်ရန် လိုအပ်သည့် အခြေခံဘာသာရပ်များ သင်ယူနိုင်သည်။ တက္ကသိုလ်ဆက်တက်မည်ဆိုပါက သင်တန်းဖွင့်လှစ်ထားသည့် တက္ကသိုလ်ကို ကျောင်း၏ ထောက်ခံချက်ဖြင့် ဝင်ခွင့်ပေးသည့် စနစ်ကိုသုံး၍ ဆက်တက်နိုင်သလို အခြားတက္ကသိုလ်ကိုလည်း ဆက်တက်နိုင်သည်။ တက္ကသိုလ်၏ အဆောက်အဦနှင့် ဝန်ဆောင်မှု ကို အသုံးပြုနိုင်သည့် အားသာချက်လည်းရှိသည်။

2. စာရွက်စာတမ်းတင်ခြင်းနှင့် ကျောင်းဝင်ချိန်ကာလ

ဧပြီလ ကျောင်းအပ်ခြင်း	အောက်တိုဘာလ ကျောင်းအပ်ခြင်း	
၄ လပိုင်း ~ ၉ လပိုင်း	၁၀ လပိုင်း ~ ၂ လပိုင်း	လျှောက်လွှာယူခြင်း၊ စာရွက်စာတမ်းပြင်ဆင်ခြင်း၊ ပို့ပေးခြင်း
၉ လပိုင်း ~ ၁၁ လပိုင်း	၂ လပိုင်း ~ ၄ လပိုင်း	စာရွက်စာတမ်းလျှောက်သည့်ကာလ
၁ လပိုင်း ~ ၃ လပိုင်း	၇ လပိုင်း ~ ၉ လပိုင်း	ပြည်ဝင်ခွင့်ပြင်ဆင်မှု၊ ကျောင်းဝင်ရန်ပြင်ဆင်မှု
၄ လပိုင်း	၁၀ လပိုင်း	အတန်းစတင်ခြင်း

ထို့အပြင် အနည်းငယ် မျှသာရှိသော်လည်း ၇ လပိုင်း နှင့် ၁ လပိုင်း တွင် အတန်းစသည့် ကျောင်း များလည်းရှိပါသည်။ အနည်းဆုံး ၆ လ ~ ၉ လ လောက် အချိန်ပိုထားပြီး ပြင်ဆင်မှုကိုစတင်ပါ။

3. လျှောက်ထားရန်လိုအပ်သောစာရွက်စာတမ်းများ

① ကျောင်းဝင်ခွင့်လျှောက်လွှာ
② ကိုယ်ရေးအချက်အလက် (CV)
③ အထက်တန်း (သို့မဟုတ်) တက္ကသိုလ်၏ရမှတ်မှတ်တမ်း
④ အထက်တန်းကျောင်းပြီးမြောက်ကြောင်း (သို့မဟုတ်) တက္ကသိုလ်ပြီးမြောက်ကြောင်း (ပြီးမြောက်မည့်အကြောင်း) ထောက်ခံစာ
⑤ ကုန်ကျစရိတ်ပေးသွင်းနိုင်စွမ်း သက်သေပြသည့် စာရွက်စာတမ်း
⑥ အခြား

အမိက သတိပြုစေလိုသည့်အချက်

ကျောင်းပြောင်းလို့ရပါသလား?

ဂျပန်ဘာသာသင်ကြားရေးအဖွဲ့အစည်းရဲ့ စည်းမျဉ်းအရနဲ့ ကတော့ ကျောင်းပြောင်းလို့ရပါ။ ကျောင်းဆိုက်ဒ်ဆိုက်၊ ကျောင်းလမ်းညွှန်၊ ကျောင်းအချက်အလက်များမှာ ဝင်ကြည့်တာတွေ၊ တက်ရောက်နေဆဲ ကျောင်းသားနဲ့ ဘွဲ့ရပြီး ကျောင်းသားများ ဆီမှာ တိုက်ရိုက်စုံစမ်းကြည့်တာတွေလုပ်ပြီးသေချာ အချက်အလက်တွေ စုစည်းရင်း အလေးထားပြီး ကျောင်းရွေးကြရအောင်။

4. ကျောင်းရွေးကြရအောင် !

စာရွက်စာတမ်းပေါ်အခြေခံပြီး အမိကရွေးချယ်သော်လည်း လျှောက်ထားသော ကာယကံရှင်နှင့် အုပ်ထိန်းသူကို အင်တာဗျူးပြုလုပ်သည့် ကျောင်းနှင့် ရေးဖြေစာမေးပွဲ ထားရှိထားသော ကျောင်းများလည်း ရှိပါသည်။

ဂျပန်ဘာသာသင်ကြားရေးအဖွဲ့အစည်း တည့်သွင်းစဉ်းစားရန်အချက် !

① ပညာတော်သင်ဗီဇာ	တရားရေးဝန်ကြီးဌာနမှသတ်မှတ်ထားသည့် စံညွှန်းနှင့်ပြည့်မီရဲ့လား။ (မပြည့်မီပါက ဗီဇာမကျနိုင်ပါ)
② သင်ယူသည့်ရည်ရွယ်ချက်	နေ့စဉ်သုံးစကားပြော၊ တက္ကသိုလ်ဆက်တက်ရန်အတွက်၊ လုပ်ငန်းသုံးဂျပန်ဘာသာသင်ယူရန်အတွက်
③ အတန်းခွဲခြင်း	ကျောင်းသား၏ ဂျပန်စာအရည်အချင်းနှင့်ကိုက်ညီသော အဆင့်ခွဲခြားပြီး သင်ကြားပေးသလား၊ အတန်း(၁)တန်းတွင်ရှိသော လူဦးရေ၊
④ ကျောင်းသားဦးရေ ဆရာဦးရေ	ကျောင်းအရွယ်အစား၊ ကျောင်းသားဦးရေနှင့် ဆရာဦးရေအချိုးကရော၊
⑤ တက်ရောက်သောကျောင်းသား၏ မူရင်းနိုင်ငံအချိုး	တရုတ်စာလုံး (ခန်းဂျိ) ကို သုံးသည့်နိုင်ငံများမှ လာသည့် ကျောင်းသားအရေအတွက်များလား။ တရုတ်စာလုံးမသုံးသည့် နိုင်ငံများမှ ကျောင်းသားများအတွက် ဂရုတစိုက် စီစဉ်ပေးရဲ့လား။
⑥ သင်ကြားချိန်စုစုပေါင်း	အထွေထွေသင်တန်းချိန်အရေအတွက်နှင့် ဘာသာရပ်အလိုက် အတန်းချိန်အရေအတွက်ကရော၊
⑦ စာမေးပွဲအစီအစဉ်များ	ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT) အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ပေးရဲ့လား၊ အခြေခံဘာသာရပ်များ (အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ကမ္ဘာ့သမိုင်း၊ ပထဝီ) ကို သင်ကြားပေးရဲ့လား၊
⑧ ရှေ့ဆက်ရမည့်လမ်းအတွက် လမ်းညွှန်မှုနှင့် နေထိုင်မှုအတွက် တိုင်ပင်ဆွေးနွေးခြင်း	လမ်းညွှန်မှုနှင့် နေထိုင်မှုအတွက် တိုင်ပင်ဆွေးနွေးပေးခြင်းကို ပြုလုပ်ပေးရဲ့လား၊
⑨ ကျောင်းပြီးသူများ၏ရှေ့ခရီးလမ်း	စီနီယာတွေ၏ ရှေ့ခရီးလမ်းကကော ဘယ်လိုလဲ၊ တက်ရောက်လိုတဲ့ ကျောင်းကို သွားနိုင်ရဲ့လား၊
⑩ ကျောင်းစရိတ်	အတန်းချိန်အရေအတွက်၊ ဆရာဦးရေ၊ ပစ္စည်းကိရိယာတွေနဲ့ လျော်ညီတဲ့ ကျောင်းလစာဟုတ်ရဲ့လား၊
⑪ ကျောင်းဝင်ခွင့်စာမေးပွဲ	စာရွက်စာတမ်းဖြင့် စစ်ဆေးရွေးချယ်ခြင်းပဲလား၊ အာမခံသူနှင့် ဂျပန်နိုင်ငံတွင် နေထိုင်လျက်ရှိသော ဆက်သွယ်ရန်လူများနှင့် အင်တာဗျူးရှိပါသလား၊ ဂျပန်နိုင်ငံပြင်ပတွင်လည်း စစ်ဆေးရွေးချယ်မှုကို လုပ်ဆောင်နေပါသလား၊
⑫ ကျောင်းတည်ရှိရာနေရာ	မြို့ကြီးတွင် တည်ရှိတာလား၊ ရာသီဥတုကရော လိုက်လျောညီထွေမှုရှိရဲ့လား။
⑬ နေရာထိုင်ခင်း	ကျောင်းအဆောင်ရှိရဲ့လား၊ နေစရာတိုက်ခန်းများ ရှာဖွေပေးသလား၊

A. ပုဂ္ဂလိကတက္ကသိုလ်နဲ့ ဥပစာကောလိပ်များမှ နိုင်ငံသားခြားကျောင်းသားများအတွက်အထူးသင်တန်း

Private university / junior college foreign student Bekka （JASSO）
https://www.jasso.go.jp/ryugaku/study_j/search/nihongokyouiku.html

B. တရားစီရင်ရေးဌာနမှဆုံးဖြတ်မှုကို လက်ခံထားသည့်ဂျပန်စာသင်ကျောင်း (ကျောင်းသားဗီဇာရပါသည်)

တရားရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ဂျပန်စာသင်တန်းကျောင်း (Ministry of Justice)
http://www.moj.go.jp/nyuukokukanri/kouhou/nyukan_nyukanho_ho28-2.html

တရားရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု ဂျပန်ပညာရေးအဖွဲ့အစည်းများ၏ လက်ရှိဆောင်ရွက်မှုအခြေအနေများ
http://www.mext.go.jp/a_menu/koutou/ryugaku/1382482.htm

ဂျပန်ပညာရေးအဖွဲ့အစည်းရှာရန် (ဂျပန်ဘာသာစကားပညာရေးမြှင့်တင်မှုအဖွဲ့အစည်း)
https://www.nisshinkyo.org/search/

Japanese Language School Association （JaLSA）
http://www.jalsa.jp/

ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ " အသိအမှတ်ပြုထားသည့် တက္ကသိုလ် ပညာရေး ကြိုတင်ပြင်ဆင်မှုသင်တန်း " （JASSO）
https://www.jasso.go.jp/ryugaku/study_j/search/nihongokyouiku.html

C. တရားရေးဝန်ကြီးဌာနမှ အသိအမှတ်မပြုထားသည့် ဂျပန်စာသင်တန်းကျောင်း
(ဗီဇာ မထုတ်ပေးပါ)

အမိကအကြံပေးချင်သည့်အချက်

အင်္ဂလိပ်ဘာသာဖြင့် သင်ယူနိုင် သည့် အတန်းမရှိဘူးလား ?

အင်္ဂလိပ်ဘာသာဖြင့် သင်ယူနိုင်သော အတန်းလည်းတိုးလာပါသည်။ (စာ - ၁၇၊ အင်္ဂလိပ်ဘာသာဖြင့် ဒီဂရီရနိုင်သည့် အတန်း ကိုးကားချက်)

အင်္ဂလိပ်ဘာသာဖြင့် ဒီဂရီရနိုင်သည့် အတန်း （JASSO）
https://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)

EJU

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ဆိုသည်မှာ၊ နိုင်ငံခြားသားပညာတော်သင်ကျောင်းသားအနေနဲ့၊ ဂျပန်တက္ကသိုလ်(ဘွဲ့ကြို) စသည်တို့တွင် ကျောင်းတက်ရောက်ရန်ဆန္ဒရှိသူအတွက်၊ ဂျပန်တက္ကသိုလ်များမှ လိုအပ်သည့် ဂျပန်ဘာသာစကားစွမ်းရည်နှင့် အခြေခံပညာအရည်အချင်းကို စစ်ဆေးပေးရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသောစာမေးပွဲဖြစ်ပါသည်။

<ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) အသုံးပြုနိုင်သည့်ကျောင်းအရေအတွက် >

တက္ကသိုလ်	451 ကျောင်း
ကောလိပ်	90 ကျောင်း
ဘွဲ့လွန်တက္ကသိုလ်	67 ကျောင်း
နည်းပညာတက္ကသိုလ်	51 ကျောင်း
အသက်မွေးဝမ်းကျောင်း	146 ကျောင်း
စုစုပေါင်း	805 ကျောင်း

(၂၀၁၈ ခုနှစ် ၁၂လ ပိုင်း)

ဂျပန်တက္ကသိုလ်အများစု (အမျိုးသားတက္ကသိုလ်အားလုံးနီးပါး)သည် ကျောင်းတက်ရောက်ခွင့်တွင် EJU ရလဒ်ကို အသုံးပြုပါသည်။

တက္ကသိုလ်တခုသော်လည်း ဘာသာရပ်ပေါ် မူတည်ပြီး ကျောင်းဝင်ခွင့်စာမေးပွဲတွင် EJU ရလဒ်ကိုအသုံးပြုခြင်း မပြုခြင်းရှိခြင်းကြောင့် မိမိ ဝင်ရောက်လိုသော ဘာသာရပ်တွင် လိုအပ်ခြင်းရှိ၊ မရှိ အောက်ပါဝက်ဘ်ဆိုက်တွင် ဝင်ရောက် လေ့လာနိုင်ပါသည်။

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) အသုံးပြုနိုင်သည့်ကျောင်းအရေအတွက်
https://www.jasso.go.jp/ryugaku/study_j/eju/examinee/use/

1. စာမေးပွဲအချိန်က ဘယ်တော့လဲ။

တစ်နှစ်တွင် (၂)ကြိမ်ကျင်းပပါသည်။
ပထမအကြိမ် - ဇွန်လ
ဒုတိယအကြိမ် - နိုဝင်ဘာလ

2. စာမေးပွဲကျင်းပသည့်နေရာက ဘယ်နေရာလဲ။

ဂျပန်ပြည်တွင်း - (၁၆) မြို့၊ ဂျပန်ပြည်ပ - (၁၄) နိုင်ငံ၊ ဒေသ (၁၈) မြို့။

EJUစာမေးပွဲကျင်းပသည့်မြို့များ(ဂျပန်နိုင်ငံပြင်ပ)

အိန္ဒိယနိုင်ငံ (New Delhi)၊ အင်ဒိုနီးရှားနိုင်ငံ (Jakarta၊ ဆုရာဂျာရာ)၊ ကိုရီးယားနိုင်ငံ (Seoul,Busan)၊ သီရိလင်္ကာနိုင်ငံ (Colomba)၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ (Bangkok)၊ ထိုင်ဝမ်နိုင်ငံ (Taipei)၊ ဖိလစ်ပိုင်နိုင်ငံ (Manila)၊ ဗီယက်နမ် (Hanio, Ho Chi Minh)၊ ဟောင်ကောင်၊ မလေးရှား (Kuala Lumpur)၊ မြန်မာနိုင်ငံ (Yangon)၊ မွန်ဂိုနိုင်ငံ (Ulaabaatar)၊ ရုရှားနိုင်ငံ (Vladivostok)

3. လျှောက်လွှာတင်ရမယ့်ဘာသာရပ်တွေက?

တက်ရောက်လိုသောကျောင်းမှ သတ်မှတ်ထားသောဘာသာရပ်ကို ရွေးချယ်ရပါမည်။ Science နှင့် Japan and the World ကို အတူတူရွေးချယ်၍မရပါ။

ဘာသာရပ်		ရည်ရွယ်ချက်	ဖြေဆိုချိန်	အမှတ်အပိုင်းအခြား	ဘာသာရပ်ရွေးချယ်မှု	လျှောက်ထားရန် ဘာသာစကား
Japanese as a Foreign Language		ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်တွင် ပညာသင်ကြားရန် အသုံးပြုသည့် ဂျပန်ဘာသာ အရည်အချင်း (Academic Japanese) ကို တိုင်းတာရန်။	125 မိနစ်	Reading Comprehension, Listening - Reading Comprehension 0〜400 မှတ် Writing 0〜50 မှတ်		ဂျပန် ဘာသာ တစ်မျိုးတည်း
[illegible]	Science	ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်၏ သိပ္ပံပညာဌာနတွင် ပညာသင်ကြားရန် လိုအပ်သည့် သိပ္ပံဘာသာရပ်များ (ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) အကြောင်း၊ အခြေခံပညာ အရည်အချင်းကို တိုင်းတာရန်။	80 မိနစ်	0〜200 မှတ်	Physics, Chemistry, Biology မှ ဘာသာရပ် (၂) မျိုးကို ရွေးချယ်ပါ။	ဂျပန် ဘာသာ (သို့) အင်္ဂလိပ် ဘာသာ (ရွေးချယ်ရန်)
	Japan and the World	ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်တွင် ပညာသင်ကြားရန် လိုအပ်သည့် ဝိဇ္ဇာပညာဆိုင်ရာ အခြေခံပညာအရည်အချင်း၊ အတွေးသဖြင့် တွေးခေါ်ညှိတနိုင်စွမ်း၊ အကျိုးသင့် အကြောင်းသင့် တွေးခေါ်နိုင်စွမ်းကို တိုင်းတာရန်။	80 မိနစ်	0〜200 မှတ်		
	Maths	ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်တွင် ပညာ သင်ကြားရန် လိုအပ်သည့် သင်္ချာပညာဆိုင်ရာ အခြေခံပညာ အရည်အချင်းကို တိုင်းတာရန်။	80 မိနစ်	0〜200 မှတ်	Course 1 (ဝိဇ္ဇာပညာဌာန နှင့် သင်္ချာပညာကို အနည်းငယ်သာ လိုအပ်သော သိပ္ပံပညာဌာနအတွက်)၊ Course 2 (အဆင့်မြင့် သင်္ချာပညာကို လိုအပ်သည့်ဌာန အတွက်) မှ တစ်ခုကို ရွေးချယ်ရန်။	

(ဥပမာ) A တက္ကသိုလ်လျှောက်ထားရန် လိုအပ်ချက် (EJU စာမေးပွဲဖြေဆိုရမည့် ဘာသာရပ် သတ်မှတ်ချက်)

တက္ကသိုလ်ပထမဘွဲ့ ဌာနစသည်	Japanese as a Foreign Language	Japan and the World	Mathematics	Sciences				အခြေခံပညာ အရည်အချင်း လျှောက်ထားရန် ဘာသာစကား	အကျုံးဝင်သော ရမှတ်
				Physics	Chemistry	Biology	Elective		
ဥပဒေပညာဌာန	○	○	Course 1					Japanese	၂၀၁၉ ခုနှစ်၊ ဇွန်လ၊ နိုဝင်ဘာလ တွင် ဖြေဆိုထားသော ရမှတ်
အင်ဂျင်နီယာပညာ			Course 2	○			Optional one object	English	၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ဖြေဆိုထားသော ရမှတ်

4. အချိန်ဇယား

		ပထမအကြိမ်	ဒုတိယအကြိမ်	
①	လျှောက်လွှာတင်ခြင်း	ဖေဖော်ဝါရီလ ~ မတ်လ	ဇူလိုင်လ	စာမေးပွဲဖြေဆိုသူသည် လျှောက်လွှာကာလအတွင်းကြိုတင်သတ်မှတ်ထားသောပုံစံ ※၁ အတိုင်း လျှောက်လွှာတင်ပြီး စာမေးပွဲကြေးကိုပေးသွင်းပါ။ (လျှောက်လွှာကာလမှာ နှစ်စဉ်ပြောင်းလဲမှုရှိသောကြောင့် သေချာစွာ ဆန်းစစ်ပါ)
②	စာမေးပွဲဖြေလက်မှတ် လက်ခံရရှိခြင်း	မေလ	အောက်တိုဘာလ	စာမေးပွဲဖြေလက်မှတ်ကိုပေးပို့လာသည်။
③	စာမေးပွဲနေ့	ဇွန်လ	နိုဝင်ဘာလ	စာမေးပွဲဖြေသည်။
④	ရမှတ်အကြောင်းကြားစာ လက်ခံရရှိခြင်း	ဇူလိုင်လ	ဒီဇင်ဘာလ	ရမှတ်အကြောင်းကြားစာ ကို ပေးပို့လာသည်။ စာမေးပွဲဖြေဆိုသူမှ လျှောက်ထားသော ကျောင်းမှ မေးမြန်းလာမှု အပေါ်မူတည်ပြီး JASSO သည် စာမေးပွဲဖြေဆိုသူ၏ ရမှတ်ကို သက်ဆိုင်ရာကျောင်းသို့ ပေးပို့သည်။

※၁ ဖြေဆိုမည့်မြို့ပေါ်မူတည်ပြီး စာတိုက်မှပေးပို့ခြင်း၊ အွန်လိုင်းမှဖောင်တင်ခြင်းတို့ဖြင့် လျှောက်လွှာတင်နိုင်ပါသည်။ အသေးစိတ်ကို အောက်ပါဟုမ်းပေ့ချ်တွင် စစ်ဆေးကြည့်ပါ။

ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) လျှောက်လွှာတင်သည့်နည်းလမ်းများ
https://www.jasso.go.jp/ryugaku/study_j/eju/examinee/procedure/application.html

5. EJU ၏ သိကောင်းစရာများ

① ပညာသင်ဆုအကျိုးခံစားခွင့် ကြိုတင်စာရင်းသွင်းစနစ်ကို အသုံးပြုနိုင်သည်။

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) တွင် ထူးချွန်ပြောင်မြောက်သော ရမှတ် ရရှိထားပြီး ဂျပန်နိုင်ငံ၏ တက္ကသိုလ် ပထမဘွဲ့သင်တန်း၊ ဥပစာကောလိပ်၊ နည်းပညာ(ဥပစာ)ကောလိပ် (တတိယနှစ်နှင့်အထက်) သို့မဟုတ် သက်မွေး ပညာသင် (ဥပစာ)ကောလိပ်တွင် အချိန်ပြည့်ကျောင်းသားအဖြစ် ကိုယ်ပိုင်ထောက်ပံ့ စရိတ်ဖြင့် ကျောင်းတက်ရောက်မည့် နိုင်ငံတကာကျောင်းသားများသည် JASSO ၏ ပညာသင်ဆု " Monbukagakusho Honors Scholarship for Privately Financed International Students "

ငွေပမာဏ - တစ်လလျှင် ၄၈,၀၀၀ယန်း (၂၀၁၉ ခုနှစ်အတွက်)
လျှောက်လွှာတင်နည်း - ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) လျှောက်လွှာတင်သည့်အခါတွင် လမ်းညွှန်ထားသည့်အတိုင်း လျှောက်လွှာတင်ပါ။
ရွေးချယ်နည်း - ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ရမှတ်ကို စာမေးပွဲဖြေဆိုသူများအနက် ထူးချွန်ပြောင်မြောက်သူများထဲမှ ရွေးချယ်သည်။

နိုင်ငံခြားပညာတော်သင်မြှင့်တင်ရေးအစီအစဉ်အား ကြိုတင်ပြင်ဆင်ခြင်း
https://www.jasso.go.jp/ryugaku/study_j/scholarships/shoureihi/yoyakuseido/

② စာမေးပွဲဖြေဆိုကြိမ် နှင့် အသက်ကန့်သတ်ချက်မရှိ၊ ရမှတ်အသုံးပြုနိုင်သောကာလ (၂)နှစ်

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ကို အကြိမ်ကြိမ်ဖြေဆိုနိုင်သည်။ အသက် ကန့်သတ်ချက်လည်းမရှိပါ။ ရမှတ်၏အကျုံးဝင်သက်တမ်းမှာ (၂)နှစ် (ပြီးခဲ့သော စာမေးပွဲလေးကြိမ်စာ မှ အများဆုံးအမှတ်ကိုအသုံးပြုနိုင်သော်လည်း) ကျောင်းတစ်ခုအတွက် လျှောက်ထားနိုင်သောရမှတ်မှာ ယင်းတို့အနက်မှ တစ်ကြိမ်စာသာဖြစ်သည်။ ကျောင်း၊ တစ်ခုချင်းအလိုက် ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ၏ စာမေးပွဲဖြေဆိုကာလကို သတ်မှတ်ထားခြင်းများသောကြောင့် လျှောက်ထားလိုသောကျောင်း၏ ကျောင်းလျှောက်ရန် လိုအပ်ချက်များကို သေချာစွာ စုံစမ်းမေးမြန်းပါ။

③ ဂျပန်နိုင်ငံသို့မဝင်မီ ခွင့်ပြုချက် ကြိုယူခြင်း

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ကို အသုံးပြု၍ ဂျပန်နိုင်ငံသို့မသွားဘဲ သင့်နိုင်ငံ၊ ဒေသတွင် ကျောင်းဝင်ခွင့် ရရှိနိုင်သည့် ခွင့်ပြုချက် ကို ရယူကြရအောင်။

EJU ကို အသုံးပြု၍ ဂျပန်နိုင်ငံသို့မလာမီ ကျောင်းဝင်ခွင့်ပေးသည့် တက္ကသိုလ်များ စာရင်း (ပျမ်းမျှ ၁၀၀ ကျောင်း)
https://www.jasso.go.jp/ryugaku/study_j/eju/examinee/prearrival/

6. EJU မေးခွန်းဟောင်းများကို လေ့လာကြည့်ရအောင်!

ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ EJU မေးခွန်းဟောင်းနမူနာများ
https://www.jasso.go.jp/ryugaku/study_j/eju/examinee/pastpaper_sample/index.html

● ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) မေးခွန်းများ၊ အသံနားထောင်ပြီးဖြေရမည့် မေးခွန်းများအတွက် CD ပါသည်။

EJU စာမေးပွဲမေးခွန်းဟောင်းများကိုစုစည်းထားသည်။
စာရေးသူ၊ တည်းဖြတ်သူ - JASSO
ထုတ်ဝေသူ - Bonjisha Co., Ltd.
(ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံအတွင်း၌သာ ဝယ်ယူနိုင်သည်)
※ ဂျပန်နိုင်ငံပညာတော်သင်မြှင့်တင်ရေးစာရွက်စာတမ်းများ ပုံနှိပ်ထုတ်ဝေရေးအခြေစိုက် (စာ-၄၅) တွင် ကြည့်နိုင်ပါသည်။

စုံစမ်းရန်

ဂျပန်နိုင်ငံပြင်ပရှိ စာမေးပွဲ https://www.jasso.go.jp/ryugaku/study_j/eju/examinee/contact/index.html [illegible]

ဂျပန်နိုင်ငံတွင်းရှိ စာမေးပွဲ Examination for Japanese University Admission for International Students (EJU) Information Desk
TEL : 0570-55-0585 Email : eju@sdcj.co.jp
※ ဂျပန်နိုင်ငံပြင်ပမှဖုန်းခေါ်ဆိုရန် TEL : +81-42-649-9571

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) (JASSO) EJU
https://www.jasso.go.jp/ryugaku/study_j/eju/

ဂျပန်ပညာတော်သင်သွားရောက်သူတို့၏ စကားသံများ https://www.jasso.go.jp/ryugaku/study_j/eju/examinee/voice/index.html

ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန်အတွက် စာမေးပွဲများ

မိမိတက်ရောက်လိုသောကျောင်း၏ ကျောင်းသားခေါ်စာကို စစ်ဆေးကြည့်ပြီး၊ လမ်းညွှန်ထားတဲ့စာမေးပွဲကို ဖြေရအောင်။

1. ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT)

ဂျပန်ဘာသာသည် မိခင်ဘာသာမဟုတ်သူများအတွက် ဂျပန်ဘာသာအရည်အချင်းကို တိုင်းတာ၊ အသိအမှတ်ပြုရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသော စာမေးပွဲဖြစ်သည်။ ဇူလိုင်လ နှင့် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ ပြည်တွင်း၊ ပြည်ပ၌ ကျင်းပပြုလုပ်သည်။

① ဂျပန်နိုင်ငံပြည်တွင်းကြီးကြပ်အဖွဲ့အစည်းနေရာ

Japanese Language Learning Promotion Division, Japan Educaional Exchanges and Services (JEES)
The JLPT Application Centre : Mon – Fri , 9:30 – 17:30
TEL : (+81) 3-6686-2974

ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ JLPT (ဂျပန်နိုင်ငံတွင်စာမေးပွဲဖြေလျှင်)
http://info.jees-jlpt.jp/

② ဂျပန်နိုင်ငံပြည်ပကြီးကြပ်အဖွဲ့အစည်းနေရာ

The Japan Foundation Centre for Japanese Language Testing
FAX : (+81) 3-5367-1025

ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ JLPT
https://www.jlpt.jp/

2. တက္ကသိုလ်ဝင်ခွင့်စစ်ဆေးရေးစင်တာ

ဂျပန်လူမျိုးကျောင်းသားများက နိုင်ငံပိုင်တက္ကသိုလ်နှင့် အချို့သောပုဂ္ဂလိက တက္ကသိုလ် (ပထမဘွဲ့သင်တန်း) များသို့ ကျောင်းဝင်ခွင့်ရရန်အတွက် ဖြေဆိုရန် လိုအပ်သော စာမေးပွဲ ဖြစ်သည်။ နိုင်ငံခြားကျောင်းသားများအတွက် တက္ကသိုလ်အများစုမှာ ဖြေဆိုရန် မလိုအပ်သော်လည်း၊ အချို့သော တက္ကသိုလ်၏ ပထမဘွဲ့သင်တန်း (အများအားဖြင့် ဆေးပညာဌာန၊ သွားဘက်ပညာဌာန) သို့ လျှောက်ထားသောအခါတွင် ဖြေဆိုရန် လိုအပ်သော ကျောင်းများရှိသည်။

The National Centre for University Entrance Examinations
https://www.dnc.ac.jp/

3. ဂျပန်နိုင်ငံတွင် ပညာသင်ကြားရန် လိုအပ်သည့် အခြားစာမေးပွဲများ

- အင်္ဂလိပ်ဘာသာအရည်အချင်းကို အသိအမှတ်ပြုရန် စာမေးပွဲများ
  TOEFL®、IELTS、TOEIC®、The EIKEN Test in Practical English Proficiency
- အလယ်တန်းပညာရေးပြီးမြောက်ကြောင်း ပညာအရည်အချင်းကို သက်သေပြုရန် စာမေးပွဲများ
  SAT、ACT、International Baccalaureate Exams、မိမိနိုင်ငံ၏တက္ကသိုလ်ဝင်ခွင့် အမျိုးသားစစ်စာမေးပွဲ အစရှိသည်၏ ရမှတ်

အဓိကအကြံပေးချင်သည့်အချက်

ဂျပန်နိုင်ငံရှိတက္ကသိုလ်အများစုသည် စာရွက်စာတမ်းတင်ပြချိန်တွင် အင်္ဂလိပ်ဘာသာအရည်အချင်းစစ်သက်သေခံစာရွက်ကို တင်ပြရန် လိုအပ်ပါသည်။ ထို့ကြောင့် ဂျပန်ဘာသာစကားကျောင်း တက်ရောက်နေချိန်တွင် ဖြေဆိုထားသင့်ပါသည်။

Campus Diary (2)

ပညာတော်သင်ကျောင်းသားများ နေ့စဉ်ဘဝကို ဘယ်လိုဖြတ်သန်းနေသလဲ။ ပညာတော်သင် ကျောင်းသားများရဲ့ အားလုံးရဲ့ ပြဿနာတွေကို ဖြေကြားရင်း ပညာတော်သင် ကျောင်းသားများရဲ့ နေ့စဉ်နေထိုင်မှုဘဝကို ကြည့်ကြည့်ခဲ့ပါတယ်။ အိမ်မက်တွေဆီ ဦးတည်ပြီး ကြိုးစားနေတဲ့ ပညာသင် ကျောင်းသားရဲ့အသံကို နားထောင်ကြည့်ရအောင်

The University of Tokyo Department of Urban Engineering Doctoral Program
မွန်ဂိုလီးယားကျောင်းသား

ဂျပန်မှာ သင်ယူခဲ့တဲ့ ပညာသုတနဲ့ အတွေ့အကြုံကို အသုံးချပြီး အမိနိုင်ငံရဲ့ မြို့ပြပြဿနာကို ဖြေရှင်းဖို့အတွက် ကြိုးပမ်းချင်ပါတယ်။

ဘွဲ့ကြိုကျောင်းသားဘဝမှာ၊ ဗိသုကာပညာရပ်ကို လေ့လာ ဆည်းပူးခဲ့ပြီး၊ Architectural Design လမ်းကြောင်းကို လျှောက်လှမ်းခဲ့ပါတယ်။ လုပ်ငန်းခွင်ထဲ ဝင်ရောက်ပြီး ၅နှစ်အကြာမှာတော့ ပိုပြီးကြီးတဲ့အလုပ်ကို လုပ်ချင် တာကြောင့် ဂျပန်ကို ပညာတော်သင်သွားဖို့ စိတ်ဆုံးဖြတ်ခဲ့ပါတယ်။ ပထမကတော့ Trainee အနေနဲ့ လာရောက်ခဲ့ပြီး ဘွဲ့လွန်အတန်းရဲ့ဝင်ခွင့်စာမေးပွဲရှိတဲ့ အတွက် နေ့စဉ်စာမေးပွဲအတွက် စာလေ့လာခဲ့ပါတယ်။ နှစ်ပတ်လောက်ကြိုးစားခဲ့ပြီးတဲ့နောက် မဟာအတန်းကို ဝင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်၊ ကျောင်းပင်ပြီးနောက်ပိုင်းမှာ သုတေသနလုပ်ရှားမှုနဲ့ ပိုပြီးအလုပ်ရှုပ်လာခဲ့ပေမယ့် လူအများရဲ့ စိတ်ဆက်ပေးခြင်းနဲ့ လမ်းညွှန်ပေးမှုတွေကြောင့် ဂျပန်နိုင်ငံရဲ့ ဒေသအချို့ကို ခရီးသွားနိုင်ခဲ့ပါတယ်။

တိုကျိုမြို့ပေါ်ကလမ်းမှာ သွားလာနေတဲ့သူတွေ အားလုံးက အလုပ်ရှုပ်နေကြတယ်၊ အိုဆာကာမြို့က လူတွေက လူကောင်းတွေဖြစ်တယ်။ ကျိုတိုမြို့ရဲ့ သမိုင်းနဲ့ ဘုရားကျောင်းတွေက ပြောင်မြောက်လှတယ်။ ဟိုကိုင်းဒိုးဟာ သဘာဝတရားတွေနဲ့ ပြည့်နှက်နေပြီး အမိနိုင်ငံနဲ့ဆင်လှပါတယ်။ ရှိကိုကုမြို့ဟာ ယဉ်ကျေးမှုနဲ့ သဘာဝတရားတွေကိုအလေးထားကြတယ်။

မြို့တွေတော်တော်များများကို တွေ့ရှိခဲ့ပြီး မွန်ဂိုနိုင်ငံရဲ့ မြို့ပြအတွက် အနာဂါတ်ပုံရိပ်ကိုလည်း တွေးတောနိုင်ခဲ့ပါတယ်။ အနာဂါတ်မှာ ဂျပန်နိုင်ငံမှာ သင်ယူခဲ့တဲ့ပညာသုတနဲ့ အတွေ့အကြုံကို အသုံးချပြီး အမိနိုင်ငံရဲ့ မြို့ပြပြဿနာကို ဖြေရှင်းဖို့အတွက် ကြိုးပမ်းချင်မိပါတယ်။

တစ်နေ့တာကို ဖြတ်သန်းသည့်နည်းလမ်း

8:00 အိပ်ယာထ၊ Gym ကစား။ နံနက်စာစား။
ကျောင်းသွား။ အဆောင်မှာ Gym ကစားတဲ့နေရာရှိတာကြောင့် တစ်ပတ်မှာ ၃ကြိမ် လောက်ကိုယ်လက်လှုပ်ရှားဖို့အတွက် စိတ်ပိုင်းဆုံးဖြတ်ထားပါတယ်။

10:00 သုတေသန
Campus အထိ တစ်နာရီကြာတဲ့အတွက် ရထားထဲမှာ စာတမ်းကို ဖတ်ပြီး ရောက်တဲ့အခါ သုတေသန လုပ်ပါတယ်။

14:00 နေ့လည်စာ
နေ့လယ်စာကိုတော့ ကျောင်းကင်တင်းမှာစားတာများပေမယ့် တစ်ခါတလေမှာ Campus တဝိုက်ရှိ စားသောက်ဆိုင်မှာ စားပါတယ်။ အမြဲမှာစားဖြစ်တာကတော့ ခေါက်ဆွဲပြင်ဖြစ်ပါတယ်။ စားပြီးတဲ့နောက်မှာတော့ သုတေသနကို ဆက်လုပ်ပါတယ်။

17:00 လမ်းလျှောက်ထွက်ခြင်း
ဒီနောက်ကတော့ တစ်ပတ်တစ်ရက်မြို့ထဲကို လမ်းလျှောက်ထွက်တဲ့နေ့ဖြစ်ပါတယ်။ အထူးသဖြင့် မြို့ရဲ့လူသိနည်းတဲ့နေရာတွေကို ရှာဖွေသွားရောက်ကာ မြို့ရဲ့ရှုခင်းနဲ့ ဖြစ်တည်လာမှုကို လေ့လာပါတယ်။ တခါတလေမှာတော့ ဓာတ်ပုံတွေကို အပ်တာချုပ်လည်း လုပ်ပါတယ်။

19:00 ညစာ
မြို့ထဲလျှောက်သွားပြီး လမ်းမှာ စိတ်ကြိုက်တွေ့တဲ့ဆိုင်ကို ရှာတွေ့ပါက ထိုဆိုင်မှာ ညစာစားပါတယ်။ ရိုက်ထားတဲ့ဓာတ်ပုံနဲ့ မှတ်စုကို စုစည်းပါတယ်။

22:00 အဆောင်ပြန်ခြင်း၊ ဖေ့စ်ဘွတ်
အနားယူသည့်အချိန်
တဏ္ဍသိုလ်ကနေ ၂နာရီထွက်ပြီး၊ အိမ်ပြန်ရောက်ပါက စာဖတ်ခြင်း၊ သို့မဟုတ် ရုပ်ရှင်ကြည့်ပါတယ်။ သူငယ်ချင်းနဲ့ စကားပြောသည့်နေ့လည်း ရှိပါတယ်။

0:00 အိပ်စက်ခြင်း
နံနက်ပိုင်း လေ့ကျင့်ခန်းပြုလုပ်ပါက ညဘက်နှစ်နာရီမြောက်မြောက်အိပ်ပျော်ပါတယ်။

Waseda University Graduate School of Letters, Arts and Sciences Cultural Sciences Archaeology
အီဂျစ်နိုင်ငံမှ ကျောင်းသားတစ်ဦး၏စကားသံ

အထက်လူကြီးရဲ့ အကြံပေးမှုကြောင့် ဂျပန်စာလေ့လာပြီး ပညာသင်သွားဖို့ လုပ်ဆောင်ခဲ့ပါတယ်။

ကလေးဘဝကတည်းက ဗေဒလုံးလက်ရွေးစင်ဖြစ်ချင်တဲ့ အိပ်မက်ရှိခဲ့ပေမယ့်၊ အဓိကအားပေးသူဖြစ်တဲ့အဖေက ရုတ်တရက် ဆုံးပါးသွားတာကြောင့်၊ တခြားလမ်းကို စဉ်းစားဖို့ဖြစ်လာပြီး အသက်မွေးဝမ်းကျောင်းကို တက်ရောက်ခဲ့ပါတယ်။

အဲဒီမှာ ထရိန်နင်အနေနဲ့၊ ကြယ်ငါးပွင့်ဟိုတယ်မှာ Intern ဆင်းပြီး အတွေ့အကြုံယူခဲ့ပါတယ်။ အလုပ်ဝင်နေ့စဉ်တုန်းမှာ စားသောက်ဆိုင်အရှေ့မှာ တန်းစီနေတဲ့ ဧည့်သည်တွေကိုမြင်ပြီး အရမ်းအံ့သြခဲ့ရပါတယ်၊ အီဂျစ်မှာတော့ တန်းစီတဲ့ အလေ့အထမရှိတာကြောင့်ပါ။

ဘာကြောင့်ဒီလူတွေက တန်းစီနေကြတာလဲ ဆိုတာကို မန်နေဂျာကို မေးကြည့်တဲ့အခါ သူကလည်း ဂျပန်လူမျိုးဖြစ်တာကြောင့် သူတို့နိုင်ငံမှာ တန်းစီတဲ့ အလေ့အထရှိတာကို ရှင်းပြပေးခဲ့တယ်၊ ကျွန်တော့်စိတ်ကို လှုပ်ရှားစေခဲ့ပြီး၊ ဒီလိုဂျပန်လူမျိုးတွေနဲ့ ပတ်သက်ချင်မိတာကြောင့် အထက်လူကြီးနဲ့တိုင်ပင်ကြည့်တဲ့အခါ ဂျပန်ဘာသာနဲ့နှုတ်ဆက်ကြည့်ပါလားလို့ ပြောတဲ့အတွက်၊ စမ်းသပ်ကြည့်ခဲ့တယ်။ ဂျပန်လူမျိုးများအားလုံး အပြုံးနဲ့ ပြန်လည်တုန့်ပြန်ပေးခဲ့ပြီး ထပ်ပြီးပတ်သက်ချင်မိတယ်လို့လည်း တွေးခဲ့တယ်။ ပြီးတော့၊ အထက်လူကြီးက " ဒီမှာ အလုပ်လုပ်တာထက် မင်းအသက်လည်းငယ်သေးတာကြောင့် တက္ကသိုလ်ဆက်တက်ပြီး ဂျပန်ဘာသာစကားကို လေ့လာမယ်ဆိုရင် သူတို့ရဲ့ အလေ့အကျင့်ကိုလည်း သိနိုင်သလို၊ ဂျပန်မှာလည်း ကျောင်းတက်နိုင်တယ်လို့ အကြံဉာဏ်ပေးခဲ့တာကြောင့် ဂျပန်စာလေ့လာပြီး ပညာသင်သွားဖို့လုပ်ဆောင်ခဲ့ပါတယ်။

အနာဂါတ်မှာ၊ အီဂျစ်နဲ့ဂျပန်နိုင်ငံရဲ့ ပေါင်းကူးတံတားဖြစ်ချင်တယ်လို့လည်းတွေးထားပါတယ်။



တစ်နေ့တာကို ကုန်ဆုံးသည့်နည်းလမ်း

5:00 တာရှည်ထခြင်း
သားလေးနိုးပါကအတူတူကစားပေးပါတယ်။

10:40 Seminar
Presentation, Paper နဲ့ တခြားသဲ့လွှန်ကျောင်းသားတွေရဲ့စာတမ်းရဲ့ Presentation ကိုနားထောင်ပါတယ်။

12:30 နေ့လယ်စာစားချိန်
ပုံမှန်အားဖြင့် ထမင်းဘူးကိုစားပြီး ပြီးခဲ့တာတဲ့ အချိန်တွင် တက္ကသိုလ်က ကန်တင်းနဲ့ အနီးတဝိုက်က စားသောက်ဆိုင်မှာစားပါတယ်။

14:00 သုတေသနစနစ
ကိုယ်ပိုင် သုတေသနကို ဆက်လုပ်ပါတယ်။ ရှေးဟောင်းပစ္စည်းများကို ဖော်ထုတ်ခြင်းနဲ့ Symposium ပြင်ဆင်ခြင်းကို ကူညီခြင်း၊ လုပ်အားပေး လုပ်ခြင်း စသည်ဖြင့်။

20:00 အိမ်ပြန်ခြင်း
ညဘက်၊ တစ်ပတ်လျှင် ၂ကြိမ် ဘောလုံးကစားပါတယ်။

ပိတ်ရက် အချိန်ပိုင်းအလုပ်၊ လုပ်အားပေး၊ ခရီးသွားခြင်း၊ အချိန်ပိုင်းအလုပ်လုပ်ခြင်း၊ ယဉ်ကျေးမှု ကွာခြားချက်ကို သင်ကြားပေးခြင်း၊ မိသားစုနဲ့ခရီးထွက်ခြင်း ကို ပြုလုပ်ပါတယ်။

လူဝင်မှုကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများ

တရားဥပဒေရေးရာဝန်ကြီးဌာနလူဝင်မှုကြီးကြပ်ရေးဌာန http://www.immi-moj.go.jp/

နေထိုင်ခွင့်ဗီဇာနှင့် နေထိုင်ခွင့်အရည်အချင်း

ဂျပန်တွင် ပြည်ဝင်ခွင့်ရဖို့အတွက် ပြည်ဝင်ခွင့် (ဗီဇာ) ကိုထုတ်ယူထားရမှာဖြစ်ပါတယ်။ ဗီဇာမှာလည်း အမျိုးအစားအမျိုးမျိုးရှိပြီး နိုင်ငံခြားသားမှ ဂျပန်လာရောက်လိုသည့် ရည်ရွယ်ချက်နှင့် ကိုယ်ရေးအချက်အလက်၊ တဖန်အဆင့်အပေါ်လိုက်ပြီး ပြည်ဝင်ခွင့်အရည်အချင်းကို ဆုံးဖြတ်ပေးပါတယ်။ ဂျပန်တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကောလိပ်၊ အသက်မွေးပညာသင်ကျောင်း၊ ဂျပန်စာသင်ကြားရေးအဖွဲ့အစည်းစသည်တွင် ပညာသင်ကြားရန်အတွက် လိုအပ်သည့်နေထိုင်ခွင့်အမျိုးအစားသည် ပညာတော်သင်ဖြစ်သည်။ နေထိုင်ခွင့်ကာလသည် (၄နှစ်၃လ)၊ (၄)နှစ်၊ (၃နှစ်၃လ)၊ (၃)နှစ်၊ (၂နှစ်၃လ)၊ (၂)နှစ်၊ (၁နှစ်၃လ)၊ (၁)နှစ်၊ (၆)လ တဖန် (၃)လဖြစ်သည်။



※ ဗီဇာလျှောက်ထားရာတွင် နေထိုင်ခွင့်အရည်အချင်းပြည့်မီကြောင်း လက်မှတ် (COE) တင်ပြသည့်နည်းလမ်းနှင့် မတင်ပြသည့် နည်းလမ်းဟူ၍ နှစ်မျိုးရှိသည်၊ နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်းလက်မှတ် (COE) တင်ပြသည့် နည်းလမ်းက လျှောက်ထားသည့်လုပ်ငန်းစဉ်ကိုတောင်းပါသည်။

1. နေထိုင်ခွင့်ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် COE လျှောက်ထားခြင်း

"နေထိုင်ခွင့်အမျိုးအစား သတ်မှတ်ခြင်းဆိုင်ရာ ထောက်ခံစာ COE " ကို ဂျပန်နိုင်ငံတွင် ပညာသင်ကြား လိုသူ (လျှောက်ထားသူ) သို့မဟုတ် ၎င်း၏ကိုယ်စားလှယ် (ကာယကံရှင် ၏ ဆွေမျိုးသားချင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်း၏ ဝန်ထမ်း) က ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးရုံးသို့ လျှောက်ထားရမည်။

* များသောအားဖြင့် တက်ရောက်မည့်ပညာရေးအဖွဲ့အစည်းက ကိုယ်စားလျှောက်ပေးသည်။

* လိုအပ်သည့် စာရွက်စာတမ်းများကို တက်ရောက်မည့် ကျောင်းတွင် စုံစမ်းပါ။

2. ဂျပန်နိုင်ငံတွင် နေထိုင်ရန်အတွက် လိုအပ်သည့် ကုန်ကျစရိတ်များကျခံကြောင်းထောက်ခံသည့် စာရွက်စာတမ်း

နေထိုင်ခွင့်ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် COE ၊ ဗီဇာလျှောက်ထားချိန်တွင်၊ ဂျပန်နိုင်ငံတွင် ပညာသင်ကြားမည့် ကာလတွင် ကုန်ကျမည့် ကုန်ကျစရိတ်များအတွက် လုံလောက်သည့်ငွေကြေးကို ပြင်ဆင်ထားကြောင်း သက်သေပြနိုင်သည့် အထောက်အထားကို တင်ပြကောင်းတင်ပြရပါလိမ့်မည်။

● လိုအပ်သောစာရွက်စာတမ်း ・・・ ကုန်ကျစရိတ်ကျခံမည့်သူ (ပညာသင်သွားရောက်လိုသူကိုယ်တိုင် သို့မဟုတ် အုပ်ထိန်းသူ) ရဲ့ ဘဏ်ငွေလက်ကျန်ရှင်းတမ်း၊ ဝင်ငွေ အထောက်အထား နှစ်အနည်းငယ်စာ၊ အခွန်ကောက်ခံစာ စသည့်)။

3. ပြည်ဝင်ခွင့် (ဗီဇာ) လျှောက်ထားခြင်း။

"နေထိုင်ခွင့် ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် COE " ထုတ်ပေးလာပါက မိမိနိုင်ငံရှိ ဂျပန်သံရုံး စသည်တွင် လျှောက်ထားရမည်။

● လိုအပ်သောစာရွက်စာတမ်း ・・・

① နိုင်ငံကူးလက်မှတ်စာအုပ်

② ဗီဇာလျှောက်လွှာ

③ ဓာတ်ပုံ

④ နေထိုင်ခွင့် ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် (COE)

⑤ အထက်ပါများအပြင် ထပ်ဆောင်းတင်ပြရန် တောင်းဆိုခြင်းခံရနိုင်သည်။

4. ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့်အခါ

ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့်အခါ အောက်ပါစာရွက်စာတမ်းများလိုအပ်သည်။

● လိုအပ်သောစာရွက်စာတမ်း ・・・

① နိုင်ငံကူးလက်မှတ်စာအုပ် (Passport)

② ပြည်ပအခြေစိုက်ဂျပန်နိုင်ငံသံတမန်ရေးရာရုံးမှ ပြည်ဝင်ခွင့် (ဗီဇာ)

③ ဂျပန်နိုင်ငံတွင် နေထိုင်ခွင့် ခွင့်ပြုချက် အရည်အချင်းပြည့်မီလက်မှတ် COE (ထုတ်ပေးပြီးဖြစ်ပါက)

5. နေထိုင်ခွင့်ကဒ်

နေထိုင်သည့်ကာလ (၃)လထက် ကျော်လွန်သော နိုင်ငံခြားသားများအတွက် " နေထိုင်ခွင့်ကဒ် (RESIDENCE CARD)" ကိုထုတ်ပေးသည်။ နေထိုင်ခွင့်ကဒ်ကို အမြဲတမ်း ကိုယ်နှင့်တစ်ပါတည်း သယ်ဆောင်ထားရန် လိုအပ်သည်။

နေထိုင်ခွင့်ကဒ်

[နေထိုင်ခွင့်ကဒ်ထုတ်ပေးခြင်း]

ရှင်ချိတိုဆဲ၊ နာရီတာ၊ ဟာနေဒါ၊ ချူးဘု၊ ခန်းဆိုက်၊ ဟီရိုရှီးမား၊ ဖုကုအိုကာလေဆိပ်မှ ဂျပန်နိုင်ငံသို့ဝင်လျှင် - ပြည်ဝင်ခွင့် စိစစ်သည့်အခါ နိုင်ငံကူးလက်မှတ်ပေါ် "ပြည်ဝင်ခွင့်ပြု" ဟု စာရွက်ကပ်ပေးပြီး နေထိုင်ခွင့်ကဒ်ကို ထုတ်ပေး သည်။ ဂျပန်တွင်နေထိုင်မည့်လိပ်စာကို သိရှိပါက (၁၄)ရက်အတွင်း နေထိုင်ခွင့်ကဒ်ကို ယူဆောင်သွားပြီး လိပ်စာကို သက်ဆိုင်ရာမြို့၊ မြို့နယ်၊ ရပ်ကွက်၊ ရွာ၏ မြူနီစီပယ်ရုံးများသို့ အကြောင်းကြား ရန်လိုအပ်သည်။

အထက်ပါလေဆိပ်မဟုတ်သော နေရာများမှ ဝင်ရောက်သောအခါ -

ပြည်ဝင်ခွင့် စိစစ်သည့်အခါ နိုင်ငံကူးလက်မှတ်ပေါ် ပြည်ဝင်ခွင့်ပြုဟု စာရွက်ကပ်ပေးပြီး " နေထိုင်ခွင့်ကဒ်ကို နောင်အခါ ထုတ်ပေးမည် " ဟူသော တံဆိပ်တုံး ထုပေးခြင်းခံရမည် ဖြစ်သည်။ ဂျပန်နိုင်ငံတွင် နေထိုင်မည့်လိပ်စာကို သိရှိပါက (၁၄)ရက်အတွင်း "နေထိုင်ခွင့်ကဒ်ကို နောင်အခါထုတ်ပေးမည် " ဟု တံဆိပ်တုံးထုထားသော နိုင်ငံကူးလက်မှတ်ကို ယူဆောင်သွားပြီး လိပ်စာကို သက်ဆိုင်ရာ မြို့ မြို့နယ်၊ ရပ်ကွက်၊ ရွာ ၏ မြူနီစီပယ်ရုံးများသို့ အကြောင်းကြားရန် လိုအပ်သည်။ နေထိုင်ခွင့် ကဒ်ကို အကြောင်းကြားထားသော လိပ်စာသို့ ပို့ပေးမည်ဖြစ်သည်။

6. မိုင်နမ်ဘာ (Social Security and Tax Number)



Notification Card

နေထိုင်မည့် မြို့နယ်၏ မြူနီစပယ်ရုံးတွင် နေထိုင်သူအဖြစ် မှတ်ပုံတင်လျှင် နိုင်ငံခြားသားကိုလည်း Social Security and Tax Number (ကိုယ်ပိုင်နံပါတ်) ကို အကြောင်းကြားသည့်ကဒ် ပေးပို့လာလိမ့်မည်။ လူတစ်ယောက်ချင်းစီ ပေးထားသည့် Social Security and Tax Number သည် အစိုးရမြူနီစပယ်ရုံးတွင် လျှောက်ထားမှု တစ်ခုခုပြုလုပ်သည့်အခါ တင်ပြရန် လိုအပ်သည်။ ဂဏန်း (၁၂)လုံးရှိသော်လည်း နေထိုင်ခွင့်ကဒ်တွင်ပါဝင်သည့် နံပါတ်ဂဏန်း (၁၂)လုံးနှင့် မတူညီပါ။ Social Security and Tax Number အား အောက်ပါအခြေအနေမျိုးတွင် တင်ပြရမည်ဖြစ်သောကြောင့် ကိုယ်ပိုင်နံပါတ်ပါသည့် " ကိုယ်ပိုင်နံပါတ် အကြောင်းကြားစာ " နှင့် " ကိုယ်ပိုင် နံပါတ်ကဒ် " ကိုသေချာထိန်းသိမ်းထားရမည်။

- အစိုးရမြူနီစပယ်ရုံးတွင် လျှောက်ထားမှုတစ်ခုခု ပြုလုပ်သည့်အခါ
- အချိန်ပိုင်းအလုပ်လုပ်သည့်အခါ
- ဘဏ်တွင် နိုင်ငံခြားမှာငွေကို လက်ခံယူသည့်အခါ

7. စာမေးပွဲဖြေဆိုရန်အတွက် ဂျပန်နိုင်ငံဝင်ခွင့် လုပ်ထုံးလုပ်နည်း

စာမေးပွဲဖြေဆိုရန်အတွက် ဂျပန်နိုင်ငံသို့ လာရောက်သည့်အခါ မလာမီရက် အနည်းငယ် ကြိုတင်၍ စာမေးပွဲဖြေဆိုမည့်ကျောင်းမှ ထုတ်ပေးထားသည့် စာမေးပွဲ ဖြေဆိုခွင့် လက်မှတ် ကို ကိုင်ဆောင်ပြီး ဂျပန်သံရုံးတွင် " ကာလတို နေထိုင်ခွင့် " ဗီဇာကို ရယူရန်လိုအပ်သည်။ နေထိုင်ခွင့်ကာလသည် (၁၅)ရက်၊ (၃၀)ရက်၊ (၉၀)ရက် ဖြစ်သည်။ သို့သော်လည်း ဗီဇာကင်းလွတ်ခွင့်ရှိသော နိုင်ငံများ၏နိုင်ငံသားဖြစ်ပါက ဗီဇာ လျှောက်ထားရန်မလိုပါ။

* ဗီဇာကင်းလွတ်ခွင့်အတွက် မူအားဖြင့် စာမေးပွဲအောင်ပြီးသည့်အခါ တိုင်းပြည်သို့ပြန်ပြီး (ကျောင်းသား)အဖြစ် နေထိုင်ခွင့်ခွင့်ပြုချက် ရှိထားရန်လိုအပ်သည်။

8. နေထိုင်ခွင့် ခွင့်ပြုချက်ပြင်ပ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက်

" ကျောင်းသား "အဖြစ် နေထိုင်ခွင့် ခွင့်ပြုချက်သည် ဂျပန်နိုင်ငံရှိကျောင်းများတွင် ပညာသင်ကြားရန်အတွက် ခွင့်ပြုပေးခြင်းဖြစ်ပြီး အလုပ်လုပ်ခွင့်မပြုပါ။ သို့သော်လည်း ဒေသန္တရ လူဝင်မှု ကြီးကြပ်ရေးရုံးသို့လျှောက်၍ "နေထိုင်ခွင့် ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက် " ရရှိပါက အချိန်ပိုင်းအလုပ် လုပ်နိုင်သည်။ "ကျောင်းသား" ဗီဇာဖြင့် နေထိုင်ခွင့် (၃လ) အထက် ရှိသူသည် အသစ် ပြန်လည်ပြည်ဝင်မည့်အခြေအနေမျိုး ဆိုပါက Land Permission ရယူချိန်တွင် လေဆိပ်၌ "နေထိုင်ခွင့် ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက်" ကို လျှောက်ထားနိုင်ပါသည် (စာမျက်နှာ - ၃၈ ကို ကိုးကားရန်)။

၁။ ဂျပန်နိုင်ငံသို့ ရောက်ရှိပြီးနောက်ပိုင်းတွင် " နေထိုင်ခွင့် ခွင့်ပြုချက်ပြင်ပရှိ လုပ်ဆောင်ချက်များအတွက် ခွင့်ပြုချက် " ကို လျှောက်ထားလိုပါက ဒေသန္တရ လူဝင်မှု ကြီးကြပ်ရေးရုံးသို့ လျှောက်ထားနိုင်သည်။

၂။ သို့သော် မိမိတက်ရောက်သည့်ကျောင်းပေါ်မူတည်ပြီး စာတွင်ပိုရှိအာရုံစိုက်လေ့လာနိုင်ရန်အတွက် အချိန်ပိုင်းအလုပ်ကို လုပ်ခွင့်မပြုသည့်အခြေ အနေမျိုးလည်းရှိသည့်အတွက် မိမိတက်လိုသည့်ကျောင်းတွင်စုံစမ်းကြည့်ပါ။

9. ခေတ္တပြည်ပြန်ခွင့်လုပ်ထုံးလုပ်နည်း

ဂျပန်နိုင်ငံတွင်ရှိသော နိုင်ငံခြားသားသည် နေထိုင်ခွင့်ကာလအတွင်း ခေတ္တပြည်ပြန်ခြင်း၊ အခြားနိုင်ငံများသို့ သွားရောက်ခြင်းပြုလိုသောအခါ ဂျပန်နိုင်ငံမှ ထွက်ခွာမှုမတိုင်မီတွင် ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးဌာန စသည်၌ ဂျပန်နိုင်ငံပြန်ဝင်ခွင့်ကို ရယူထားခြင်းမရှိလျှင်၊ ပြည်ပရှိ ဂျပန်နိုင်ငံ သံတမန်ရေးရာရုံးတွင် အသစ်တစ်ဖန် ပြည်ဝင်ခွင့်ဗီဇာကို လျှောက်ထားရန်လိုအပ်မည် ဖြစ်သောကြောင့် သတိပြုကြပါ။ သို့သော် သက်တမ်း မကုန်သေးသော နိုင်ငံကူးလက်မှတ်စာအုပ် (ပက်စ်ပို့) နှင့် နေထိုင်ခွင့်ကဒ်ကို ကိုင်ဆောင်ထားသော ကာလလတ်နှင့် ကာလရှည် နေထိုင်သူများအတွက် ဂျပန်နိုင်ငံမှ ထွက်ခွာချိန်တွင် ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် ရည်ရွယ်ကြောင်းဖော်ပြပြီး၊ ဂျပန်နိုင်ငံမှ ထွက်ခွာချိန်မှ (၁)နှစ်အတွင်း၊ (၁) နှစ်ထက်နည်းသော နေထိုင်ခွင့်ကာလ ရှိသူမှာ အဆိုပါ နေထိုင်ခွင့်ကာလအတွင်း) ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ပါက မူအားဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာမှုမပြုမီတွင် ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ကို ရယူရန်မလိုအပ်ပါ။

10. နေထိုင်ခွင့်ကာလ သက်တမ်းတိုးခြင်း

ဂျပန်နိုင်ငံသို့ ဝင်ရောက်ချိန်တွင် သတ်မှတ်ခြင်းခံရသော နေထိုင်ခွင့်ကာလ ကုန်ဆုံးသည့်နေ့ထက် ကျော်လွန်ပြီး ဆက်လက်နေထိုင်ရန် ရည်ရွယ်ပါက၊ ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးဌာန စသည်တွင် နေထိုင်ခွင့်ကာလကို သက်တမ်းတိုးရန်အတွက် လျှောက်ထားရမည်ဖြစ်သည်။ (ပုံမှန်အားဖြင့် နေထိုင်ခွင့်ကာလ ကုန်ဆုံးမည့်အချိန်ထက် (၃)လစေ့တော့ပြီး လျှောက်လွှာလက်ခံပေးသည်)

နေထိုင်ခွင့်ကာလ ကုန်ဆုံးသည့်ရက် ထက် ကျော်လွန်ပြီး တရားမဝင်နေထိုင်ပါက အပြစ်ဒဏ်ပေးခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်းများ ခံရမည်။

> သက်တမ်းတိုးရန်မေ့လျော့ပြီး တရားမဝင်ဖြစ်သွားခြင်း ကျောင်းထွက်ခြင်းများ ဖြစ်ပေါ်ပါက ပညာသင်ဆုကြေးငွေ မရရှိခြင်း ဖြစ်တတ်ပါသည်။

ပြန်လည် ဝင်ထွက်ခွင့်ပြု CD ကဒ်ပြား

> ဂျပန်နိုင်ငံမှ ထွက်ခွာချိန်တွင် နေထိုင်ခွင့်ကဒ်ကို သေချာစွာ တင်ပြကာ၊ ဂျပန်နိုင်ငံ ပြန်ဝင်ထွက်ခွင့် အတွက် သုံးသော ED ကဒ်ပေါ်တွင် ဂျပန်နိုင်ငံ ပြန်ဝင်ခွင့် အထူးခွင့်ပြုချက်စနစ်ဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာခြင်းဖြစ်ကြောင်း၊ သင့်ရည်ရွယ်ချက်ကို ဖော်ပြသည့် ကော်လံတွင် အမှန် အမှတ်အသား ခြစ်ပါ။

11. နေထိုင်ခွင့် ခွင့်ပြုချက် ပြောင်းခြင်း

လက်ရှိ လုပ်ဆောင်နေသော လုပ်ဆောင်ချက်ကို ရပ်ဆိုင်းပြီး၊ အခြားသော နေထိုင်ခွင့် ခွင့်ပြုချက်နှင့် သက်ဆိုင်သော လုပ်ဆောင်ချက်ကိုပြုလုပ်မည်ဆိုပါက ဒေသန္တရ လူဝင်မှုကြီးကြပ်ရေးဌာနစသည်တွင် နေထိုင်ခွင့် ခွင့်ပြုချက်ကို ပြောင်းခွင့်ပေးရန် လျှောက်ထားရမည်ဖြစ်သည်။

> ခွင့်ပြုချက်မရယူဘဲ ဝင်ငွေအလို့ငှာ အလုပ်လုပ်ခြင်း၊ အခကြေးငွေရယူပြီး လုပ်ရှားမှုများတွင်ပါဝင်ခြင်းများပြုလုပ်ခဲ့သော် အပြစ်ပေးခံရခြင်း (သို့မဟုတ်) အတင်းအကြပ် ကျောင်းထွက်စိုင်းခြင်း ခံရနိုင်ပါသည်။

12. နေထိုင်ခွင့်ခွင့်ပြုချက် ရုတ်သိမ်းခြင်း

လျှောက်ထားသူမှ ပြုလုပ်မည့် လုပ်ဆောင်ချက်နှင့် နောက်ကြောင်းရာဇဝင်အား လိမ်လည်ခြင်း၊ နောက်ကြောင်းရာဇဝင်အတုများကို တင်သွင်းခြင်းပြုလုပ်ပါက နေထိုင်ခွင့် ခွင့်ပြုချက် ကို ရုတ်သိမ်းခြင်း ခံရမည်ဖြစ်သည်။

> "ပညာတော်သင်" နေထိုင်ခွင့်ဖြင့် ကျောင်းတက်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေသကဲ့သို့ လက်ရှိကိုင်ဆောင်ထားသည့်နေထိုင်ခွင့်နှင့် သက်ဆိုင်သောလှုပ်ရှားမှုကို (၃)လ ထက် ကျော်လွန်ပြီး လုပ်ဆောင်ခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက် မရှိလျှင် နေထိုင်ခွင့်အား ရုပ်သိမ်းခြင်း ခံရနိုင်ပါသည်။

13. မိသားစုကို ဂျပန်နိုင်ငံသို့ခေါ်ယူခြင်း

"ကျောင်းသား" ဟူသော နေထိုင်ခွင့် ခွင့်ပြုချက်ကို ကိုင်ဆောင်ထားပြီး တက္ကသိုလ်၊ ဥပစာကောလိပ်၊ နည်းပညာ (ဥပစာ)ကောလိပ်၊ သက်မွေးပညာသင် (ဥပစာ) ကောလိပ်၊ ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း အစရှိသည် တွင် ပညာသင်ကြားနေသူများ၏ ထောက်ပံ့မှုကို လက်ခံနေသော အိမ်ထောင်ဖက်နှင့် သားသမီးများသည် "မှီခို (Department)" နေထိုင်ခွင့် ခွင့်ပြုချက်ဖြင့် ဂျပန်နိုင်ငံတွင်နေထိုင်နိုင်သည်။ နေထိုင်ခွင့်ကာလမှာ ထောက်ပံ့သူ၏နေထိုင်ခွင့်ကာလအတိုင်းဖြစ်သည်။ နိုင်ငံတကာ ကျောင်းသားကိုယ်တိုင်က ဂျပန်နိုင်ငံရှိ နေထိုင်မှုဘဝတွင် အသားကျပြီး၊ ငွေရေးကြေးရေးအခြေအနေ အပါအဝင် အသင့်အနေအထား ဖြစ်နေပြီးမှသာ မိသားစုကို ဂျပန်နိုင်ငံသို့ ခေါ်ယူရန် တိုက်တွန်းသည်။

> မှီခိုမိသားစုဝင် မှ " ခေတ္တနေထိုင်ခွင့် (Temporary visitor) " ဗီဇာ (ပုံမှန်အားဖြင့် "ခရီးသွားဗီဇာ")ဟု ခေါ်တွင်သည်ဖြင့် ဂျပန်နိုင်ငံသို့ လာရောက်ပါက ဂျပန်နိုင်ငံ အတွင်း၌ "မှီခို (Dependent)" နေထိုင်ခွင့် ခွင့်ပြုချက်ကို ပြောင်းရန် ခက်ခဲကြောင်း ကောင်းစွာ သတိပြုပါ။

14. လူဝင်မှုကြီးကြပ်ရေးရုံး၊ မြူနီစပယ်ရုံးသို့ အကြောင်းကြားခြင်း

အောက်ပါအခြေအနေဆိုပါက ချက်ချင်း အကြောင်းကြားပါ။

- ဒေသန္တရလူဝင်မှုကြီးကြပ်ရေးရုံး

အမည်၊မွေးသက္ကရာဇ်၊ ကျား၊ မ၊ နိုင်ငံသား၊ ဒေသ၊ ကျောင်း ပြောင်းလဲသည့်အခါနှင့် မှိုင်နင်ဘာကတ်ပျောက်ဆုံးပျက်စီးသည့်အခါ။

- ရပ်ရွာဒေသတွင်းအစိုးရရုံး

နေထိုင်သည့် နေရာအပြောင်းအလဲရှိသည့်အခါ၊ ပညာသင်ယူခြင်းပြီးဆုံး၍ အမိနိုင်ငံကိုပြန်သည့်အခါ။

ပညာတော်သင်အတွက် လိုအပ်သောကုန်ကျစရိတ်

ပညာသင်ကြားရန် ကုန်ကျစရိတ်စုစုပေါင်းကို အကြမ်းဖျင်းတွက်ချက်ထားပြီး ကိုယ်ပိုင်ဝင်ငွေအပါအဝင် စနစ်တကျ ဘဏ္ဍာရေးစီမံကိန်း ရေးဆွဲထားခြင်းသည် ပညာသင်လာရောက်ပြီး နောက်ပိုင်းတွင်လည်း စိတ်ချရသည့်လူနေမှုဘဝကို ဖြစ်စေပါသည်။ မဖြစ်နိုင်သော ပညာတော်သင်အစီအစဉ်ဖြစ်နေမလားဆိုသည်ကို စစ်ဆေးနိုင်ဖို့အတွက် ပညာသင်ကြားရန် လိုအပ်သည့်စရိတ်ကို တွက်ချက်ကြည့်ရအောင်။

		ခန့်မှန်းငွေပမာဏ (၄) နှစ်တက်ရသည့်နိုင်ငံပိုင်တက္ကသိုလ်		သင့်အတွက်သေချာပေါက် လိုအပ်မည့်ငွေကြေးပမာဏ
ကျောင်းမရောက်ခင် လိုအပ်သည့် ကုန်ကျစရိတ်	စာမေးပွဲအမျိုးမျိုးအတွက် စာမေးပွဲကြေး EJU、JLPT、TOEFL® စသည်	¥28,080	ပြည်တွင်းတွင် EJU (၂ ဘာသာ အထက်) ကို ၂ ကြိမ်ဖြေဆိုပါက	¥
	တက်ရောက်လိုသည့်ကျောင်း၏ ကျောင်းဝင်ခွင့်စာမေးပွဲကြေး	¥17,000	အစိုးရတက္ကသိုလ်ကို (၁)ကြိမ် ဖြေဆိုပါက	¥
	ကျန်းမာရေးစစ်ဆေးခ (ကျောင်းအပေါ်တွင်မူတည်သည်)	¥6,000	နိုင်ငံအပေါ် လိုက်ပြီးကွဲပြားသည်	¥
	လျှောက်လွှာတင်ရန်စာရွက်စာတမ်းဖို့ သည့်စရိတ်(ကျောင်းအပေါ် မူတည်သည်)	¥2,000	နိုင်ငံအပေါ် လိုက်ပြီးကွဲပြားသည်	¥
ကျောင်းဝင်ခွင့် စာမေးပွဲအတွက် ကုန်ကျစရိတ်	လေယာဉ်ခ နှင့် နေထိုင်စရိတ်	¥100,000	နိုင်ငံနှင့် နေထိုင်သည့်ရက်အပေါ် လိုက်ပြီး ကွဲပြားသည်။	¥
	ပတ်စပို့ လျှောက်ခ	¥12,000	နိုင်ငံအပေါ် လိုက်ပြီးကွဲပြားသည်	¥
	ဗီဇာအတွက် ဂန်ဆောင်ခ	¥3,000	နိုင်ငံအပေါ် လိုက်ပြီးကွဲပြားသည်	¥
ကျောင်းဝင်ခွင့် ရပြီး နောက်ပိုင်းလိုအပ်သည့် ကုန်ကျစရိတ်	ခရီးစရိတ်	¥70,000	နိုင်ငံအပေါ် လိုက်ပြီးကွဲပြားသည်	¥
	နေထိုင်စရိတ် (နေစရာနေရာရသည် အထိ ဟိုတယ်ခ)	¥30,000	နိုင်ငံနှင့် နေထိုင်သည့်ရက်အပေါ် လိုက်ပြီး ကွဲပြားသည်။	¥
	ကျောင်းဝင်ကြေး	¥282,000	နိုင်ငံပိုင်တက္ကသိုလ်	¥
	ပထမနှစ်ရဲ့သင်တန်းကြေး	¥535,800	နိုင်ငံပိုင်တက္ကသိုလ်	¥
	လမ်းစရိတ်	¥60,000	၂၀၁၇ ခုနှစ်၏ ပိမိစရိတ်ဖြင့် ပညာတော်သင်လာရောက်သည့် ကျောင်းသားများ၏နေထိုင်မှု စစ်တမ်းကိုမူတည်ပြီး ၁၂လစာ တွက်ချက်ထားသည်။	¥
	စားသောက်စရိတ်	¥324,000		¥
	နေထိုင်စရိတ်	¥408,000		¥
	မီတာခ (မီးဖိုး၊ ရေဖိုး၊ ဂတ်စ်ဖိုး)	¥84,000		¥
	အာမခံ၊ ဆေးကုသမှုစရိတ်	¥36,000		¥
	ပါသနာ၊ အလည်အပတ်စရိတ်	¥72,000		¥
	အထွေထွေကုန်ကျစရိတ်	¥84,000		¥
	စုစုပေါင်း	¥2,153,880		¥

နေထိုင်မှုကုန်ကျစရိတ်နှင့် ကုန်ဈေးနှုန်း

1. ကုန်ဈေးနှုန်းကို စစ်ဆေးကြည့်ရအောင်!

အဓိကကုန်ပစ္စည်းများ၏ဈေးနှုန်းများ

ဆန် (5kg)	2,137 ယန်း	(19 အမေရိကန်ဒေါ်လာ)
ပေါင်မုန့် (1kg)	435 ယန်း	(4 အမေရိကန်ဒေါ်လာ)
နွားနို့ (1,000ml)	223 ယန်း	(2 အမေရိကန်ဒေါ်လာ)
ကြက်ဥ	248ယန်း	(2 အမေရိကန်ဒေါ်လာ)
ပန်းသီး (1kg)	497 ယန်း	(4 အမေရိကန်ဒေါ်လာ)
ဂေါ်ဖီထုပ် (1kg)	244ယန်း	(2 အမေရိကန်ဒေါ်လာ)





ဆိုဒါအချိုရည် (500ml ပုလင်း)	97 ယန်း	(1 အမေရိကန်ဒေါ်လာ)
ဟမ်ဘာဂါ	174 ယန်း	(2 အမေရိကန်ဒေါ်လာ)
ကားဓာတ်ဆီ (1l)	132 ယန်း	(1 အမေရိကန်ဒေါ်လာ)
အိမ်သာသုံးစက္ကူ (12လိပ်)	279 ယန်း	(2 အမေရိကန်ဒေါ်လာ)
ရုပ်ရှင်ရုံလက်မှတ်	1,800 ယန်း	(16 အမေရိကန်ဒေါ်လာ)
တက္ကစီ (4km)	1,450 ယန်း	(13 အမေရိကန်ဒေါ်လာ)

Source : Portal Site of Offical Statistics of Japan
1 ဒေါ်လာ= 114 ယန်းဖြင့်တွက်ချက်သည်။

2. နေထိုင်မှုကုန်ကျစရိတ်ကို ဆန်းစစ်ကြည့်ရအောင်!

နိုင်ငံတကာကျောင်းသားတစ်ယောက်၏ လစဉ်ကုန်ကျစရိတ် (ကျောင်းလခမပါ) သည် အောက်ပါအတိုင်း ဖြစ်သည်။ မြို့ကြီးပြကြီးများ၏နေထိုင်မှု ကုန်ကျစရိတ်မှာ နယ်နှင့် နှိုင်းယှဉ်ပါက မြင့်မားသည်။



လစဉ်အသုံးစရိတ်ကို တစ်ခုချင်း အသေးစိတ် ခွဲခြမ်းစိတ်ဖြာချက် (တစ်နိုင်ငံလုံး ပျမ်းမျှ)



ဒေသအလိုက် နေထိုင်စရိတ်

※ 1ဒေါ်လာ= 114ယန်းဖြင့်တွက်ချက်သည်။

	ဂျပန်ယန်း	အမေရိကန် ဒေါ်လာ
တစ်နိုင်ငံလုံးပျမ်းမျှ	34,000	298
ဟိုကိုင်းဒိုး	31,000	272
တိုးဟိုခု	25,000	219
ခန်တို	39,000	342
တိုကျို	43,000	377
ချူးဘု	26,000	228
ခင်းခိ	35,000	307
ချူးဂိုခု	24,000	211
ရှီကိုခု	23,000	202
ကျူးရှူး	24,000	211

Source: Lifestyle of Privately Financed International Students 2017 (JASSO)

ကျောင်းလခ

ဂျပန်နိုင်ငံကျောင်းများ၏ ကျောင်းလခသည် အမေရိကန် နှင့် ဗြိတိသျှနိုင်ငံရှိ တက္ကသိုလ်များနှင့် နှိုင်းယှဉ်ပါက ဈေးမကြီးပါ။ ဂျပန်နိုင်ငံ၏ဘွဲ့ကြိုတက္ကသိုလ်၏ တစ်နှစ်တာ ကျောင်းဝင်ကြေး နှင့် ကျောင်းစရိတ်စုစုပေါင်းသည် နိုင်ငံပိုင်တက္ကသိုလ် မှာ 820,000 ယန်း (7,200 အမေရိကန်ဒေါ်လာခန့်) ၊ ဒေသပိုင်တက္ကသိုလ် မှာ 930,000ယန်း (8,200 အမေရိကန်ဒေါ်လာခန့်)၊ ပုဂ္ဂလိကတက္ကသိုလ်ဆိုပါက 1,100,000ယန်း (9,700 အမေရိကန်ဒေါ်လာ)ခန့်မှ 1,640,000ယန်း (14,400 အမေရိကန်ဒေါ်လာ)ခန့်ကုန်ကျနိုင်ပါသည်။ (ဆေးပညာနှင့် သွားဘက်အဆိုင်ရာမပါဝင်ပါ) ထို့အပြင် ကျောင်းပညာသင်ဆုစနစ် နှင့် ကျောင်းလခလျှော့ပေါ့ခြင်း/ လျှော့ပေါ့ပေးမှု စနစ်များလည်း အခြားနိုင်ငံများနှင့်ယှဉ်လျှင် ပိုမိုကောင်းမွန်တိုးတက်လျက် ရှိသည်။ ပထမနှစ်ကျောင်းလခ၌ ကျောင်းဝင်ကြေး၊ သင်တန်းကြေး၊ အဆောက်အဦပစ္စည်း၊ ပစ္စယ/ကိရိယာကြေးစသည်များ ပါဝင်သည်။ ထို့အပြင် ကျောင်းဝင်ကြေးမှာ ပထမစာသင်နှစ်တွင်သာ ပေးရမည်ဖြစ်သည်။

ပထမစာသင်နှစ် ပျမ်းမျှ ကျောင်းလခ (အမေရိကန် ၁ ဒေါ်လာ = ၁၁၄ ယန်းဖြင့်တွက်ချက်သည်)

ဘွဲ့လွန်တက္ကသိုလ်

ဘွဲ့လွန်တက္ကသိုလ်		ကျောင်းဝင်ကြေး (ပထမနှစ်သာ) ယန်း	သင်တန်းကြေးငွေ ယန်း	ပထမစာသင်နှစ်အတွက်စုစုပေါင်းကုန်ကျငွေ ယန်း	ပထမစာသင်နှစ်အတွက်စုစုပေါင်းကုန်ကျငွေ ဒေါ်လာ	ဘွဲ့ရသည်အထိကုန်ကျစရိတ် ※1 ယန်း	ဘွဲ့ရသည်အထိကုန်ကျစရိတ် ※1 ဒေါ်လာ
နိုင်ငံပိုင် (မာစတာအတန်း)		282,000	535,800	817,800	7,174	1,353,600	11,874
ဒေသပိုင် (မာစတာအတန်း)		364,727	537,878	902,605	7,918	1,440,483	12,636
ပုဂ္ဂလိက (မာစတာအတန်း)	အနုပညာ	222,861	1,218,547	1,441,408	12,644	2,659,955	23,333
	အင်ဂျင်နီယာ	208,111	951,607	1,159,718	10,173	2,111,325	18,520
	ကျန်းမာရေးစောင့်ရှောက်ခြင်း	246,845	853,128	1,099,973	9,649	1,953,101	17,132
	သိပ္ပံ	199,244	886,464	1,085,708	9,524	1,972,172	17,300
	စိုက်ပျိုးရေးနှင့်ငါးမွေးမြူရေး	218,358	802,136	1,020,494	8,952	1,822,630	15,988
	ဆေးဝါးပညာ	185,250	834,025	1,019,275	8,941	1,853,300	16,257
	အိမ်တွင်းမှုသိပ္ပံ	239,091	718,855	957,946	8,403	1,676,801	14,709
	လစ်ဘရယ်ပညာရေး	202,894	735,827	938,721	8,234	1,674,548	14,689
	လူမှုရေးသိပ္ပံ	211,083	686,458	897,541	7,873	1,583,999	13,895
	ဆေးပညာ	189,725	699,422	889,147	7,800	1,588,569	13,935
	လူမှုဘာသာရပ်များ	203,895	645,808	849,703	7,454	1,495,511	13,119
နိုင်ငံပိုင် (ပါရဂူဘွဲ့လွန်သင်တန်း)		282,000	535,800	817,800	7,174	1,889,400	16,574
ဒေသပိုင် (ပါရဂူဘွဲ့လွန်သင်တန်း)		364,727	537,878	902,605	7,918	1,978,361	17,354
ပုဂ္ဂလိက (ပါရဂူဘွဲ့လွန်)	အနုပညာ	233,986	1,100,426	1,334,412	11,705	3,535,264	31,011
	ကျန်းမာရေးစောင့်ရှောက်ခြင်း	258,951	799,934	1,058,885	9,288	2,658,753	23,322
	သိပ္ပံ	204,346	792,232	996,578	8,742	2,581,042	22,641
	စိုက်ပျိုးရေးနှင့်ငါးမွေးမြူရေး	218,483	802,160	1,020,643	8,953	2,624,963	23,026
	အင်ဂျင်နီယာ	189,363	797,539	986,902	8,657	2,581,980	22,649
	အိမ်တွင်းမှုသိပ္ပံ	236,928	718,085	955,013	8,377	2,391,183	20,975
	ဆေးဝါးပညာ	179,545	716,022	895,567	7,856	2,327,611	20,418
	လစ်ဘရယ်ပညာရေး	225,912	690,116	916,028	8,035	2,296,260	20,143
	သွားဘက်ဆိုင်ရာပညာ	232,075	642,666	874,741	7,673	2,160,073	18,948
	လူမှုရေးသိပ္ပံ	202,430	612,401	814,831	7,148	2,039,633	17,892
	လူမှုဘာသာရပ်များ	206,800	583,535	790,335	6,933	1,957,405	17,170
	ဆေးပညာ	174,718	533,549	708,267	6,213	1,775,365	15,573

※1 မာစတာသင်တန်းအား ကျောင်းသင်ကြေးနှင့် (၂)နှစ်စာသင်တန်းကြေးပေါင်းဖြင့် တွက်ချက်ပြီး၊ ပါရဂူဘွဲ့သင်တန်းအား ကျောင်းသင်ကြေးနှင့် (၃)နှစ်စာ သင်တန်းကြေးဖြင့် တွက်ချက်ထားခြင်းဖြစ်သည်။

တက္ကသိုလ်

တက္ကသိုလ်		ကျောင်းဝင်ကြေး (ပထမနှစ်သာ) ယန်း	သင်တန်းကြေးငွေ ယန်း	ပထမစာသင်နှစ်အတွက်စုစုပေါင်းကုန်ကျငွေ ယန်း	ပထမစာသင်နှစ်အတွက်စုစုပေါင်းကုန်ကျငွေ ဒေါ်လာ	ဘွဲ့ရသည်အထိကုန်ကျစရိတ် ※2 ယန်း	ဘွဲ့ရသည်အထိကုန်ကျစရိတ် ※2 ဒေါ်လာ
နိုင်ငံပိုင်		282,000	535,800	817,800	7,174	2,425,200	21,274
ဒေသပိုင်		393,618	538,633	932,251	8,178	2,548,150	22,352
ပုဂ္ဂလိက	ဆေးပညာ	1,325,507	3,717,720	5,043,227	44,239	23,631,827	207,297
	သွားဘက်ဆိုင်ရာပညာ	563,403	3,725,836	4,289,239	37,625	22,918,419	201,039
	ဆေးဝါးပညာ	341,541	1,741,001	2,082,542	18,268	10,787,547	94,628
	အနုပညာ	259,312	1,376,891	1,636,203	14,353	5,766,876	50,587
	ကျန်းမာရေးစောင့်ရှောက်မှု	272,467	1,228,341	1,500,808	13,165	5,185,831	45,490
	သိပ္ပံနှင့်အင်ဂျင်နီယာ	242,670	1,231,676	1,474,346	12,933	5,169,374	45,345
	စိုက်ပျိုးရေးနှင့်ငါးမွေးမြူရေး	246,282	1,166,879	1,413,161	12,396	4,913,798	43,103
	အားကစားပညာရေး	258,265	1,035,887	1,294,152	11,352	4,401,813	38,612
	အိမ်တွင်းမှုသိပ္ပံ	255,704	997,399	1,253,103	10,992	4,245,300	37,239
	စာပေနှင့်ပညာရေး	233,136	952,976	1,186,112	10,404	4,045,040	35,483
	လူမှုဖူလုံရေး	214,439	930,751	1,145,190	10,046	3,937,443	34,539
	ဥပဒေ/ကုန်သွယ်ရေး/စီးပွားရေး	232,284	920,231	1,152,515	10,110	3,913,208	34,326
	[illegible]	214,288	888,940	1,103,228	9,677	3,770,048	33,071

※2 ပုဂ္ဂလိကဆေးပညာနှင့်သွားဘက်ဆိုင်ရာအတွက် ကျောင်းသင်ကြေး နှင့် (၆)နှစ်စာသင်တန်းကြေးတို့ကို တွက်ချက်ထားပြီး အခြားဘာသာရပ်များအတွက်မူ ကျောင်းသင်ကြေးနှင့် (၄)နှစ်စာသင်တန်းကြေးတို့ကို တွက်ချက်ထားခြင်းဖြစ်သည်။

ဥပစာကောလိပ်

ဥပစာကောလိပ်		ကျောင်းဝင်ကြေး (ပထမနှစ်သာ)	သင်တန်းကြေးငွေ	ပထမတစ်နှစ်အတွက်ပေးဆောင်ရမည့်ကြေးငွေ		ဘွဲ့ရသည်အထိကုန်ကျစရိတ် ※3	
		ယန်း	ယန်း	ယန်း	ဒေါ်လာ	ယန်း	ဒေါ်လာ
ဘာသာရပ်	အနုပညာ	251,226	1,181,574	1,432,800	12,568	2,614,374	22,933
	အင်ဂျင်နီယာပညာ	209,388	1,051,438	1,260,826	11,060	2,312,264	20,283
	သိပ္ပံနှင့်စိုက်ပျိုးရေး	194,615	910,962	1,105,577	9,698	2,016,539	17,689
	လူမှုဘာသာရပ်များ	242,942	868,122	1,111,064	9,746	1,979,186	17,361
	ပညာရေးနှင့်အထွေထွေဘာသာရပ်များ	250,742	852,536	1,103,278	9,678	1,955,814	17,156
	အိမ်တွင်းမှုပညာ	245,642	861,628	1,107,270	9,713	1,968,898	17,271
	ဥပဒေ/လူမှုရေး/စီးပွားရေး/လူမှုဗေဒ	233,823	845,376	1,079,199	9,467	1,924,575	16,882
	ဘာသာစကားပညာ	238,571	816,286	1,054,857	9,253	1,871,143	16,414

※3 ကျောင်းဝင်ကြေးနှင့် (၂)နှစ်စာသင်တန်းကြေးအနေဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

နည်းပညာ (ဥပစာ) ကောလိပ်

နည်းပညာ (ဥပစာ) ကောလိပ်	ကျောင်းဝင်ကြေး (ပထမနှစ်သာ)	သင်တန်းကြေးငွေ	ပထမတစ်နှစ်အတွက်ပေးဆောင်ရမည့်ကြေးငွေ		ဘွဲ့ရသည်အထိကုန်ကျစရိတ် ※4	
	ယန်း	ယန်း	ယန်း	ဒေါ်လာ	ယန်း	ဒေါ်လာ
နိုင်ငံပိုင်	84,600	234,600	319,200	2,800	788,400	6,916

※4 ကျောင်းဝင်ကြေးနှင့် (၃)နှစ်စာသင်တန်းကြေးအနေဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

သက်မွေးပညာသင် (ဥပစာ) ကောလိပ်

သက်မွေးပညာသင် (ဥပစာ) ကောလိပ်		ကျောင်းဝင်ကြေး (ပထမနှစ်သာ)	သင်တန်းကြေးငွေ	ပထမတစ်နှစ်အတွက်ပေးဆောင်ရမည့်ကြေးငွေ		ဘွဲ့ရသည်အထိကုန်ကျစရိတ် ※5	
		ယန်း	ယန်း	ယန်း	ဒေါ်လာ	ယန်း	ဒေါ်လာ
ဘာသာရပ်	ကျန်းမာသန့်ရှင်းရေး	165,500	1,345,750	1,511,250	13,257	2,857,000	25,061
	ဆေးကုသရေး	249,000	1,166,714	1,415,714	12,419	2,582,428	22,653
	စက်မှု	213,333	1,096,500	1,309,833	11,490	2,406,333	21,108
	စိုက်ပျိုးရေး	180,000	1,107,000	1,287,000	11,289	2,394,000	21,000
	ပညာရေးနှင့်လူမှုဝန်ထမ်းရေး	145,750	933,500	1,079,250	9,467	2,012,750	17,656
	ကုန်သွယ်စီးပွားရေးလုပ်ငန်း	133,750	982,250	1,116,000	9,789	2,098,250	18,406
	ယဉ်ကျေးမှုနှင့်အထွေထွေပညာရေး	153,000	1,019,000	1,172,000	10,281	2,191,000	19,219
	အထည်အလိပ်၊ ဖက်ရှင်နှင့်အိမ်တွင်းမှုပညာ	183,000	902,000	1,085,000	9,518	1,987,000	17,430

※5 ကျောင်းဝင်ကြေးနှင့် (၂)နှစ်စာသင်တန်းကြေးအနေဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

ဂျပန်စာသင်ကြားမှုအဖွဲ့အစည်းများ

တက္ကသိုလ်၊ ကောလိပ်၊ နိုင်ငံခြားကျောင်းသားများအတွက်	သင်တန်းကြေးငွေ	
	ယန်း	ဒေါ်လာ
(၁)နှစ်သင်တန်း	400,000～755,000	3,509～6,623
(၁)နှစ်ခွဲသင်တန်း	642,000～1,100,000	5,632～9,649
(၂)နှစ်သင်တန်း	1,070,000～1,420,000	9,386～12,456

※Source : Japan Student Services Organization

ဂျပန်စာသင်ကျောင်း	သင်တန်းကြေးငွေ	
	ယန်း	ဒေါ်လာ
(၁)နှစ်သင်တန်း	600,000～997,400	5,263～8,749
(၁)နှစ်ခွဲသင်တန်း	772,000～1,530,000	6,772～13,421
(၂)နှစ်သင်တန်း	1,006,000～2,000,000	8,825～17,544

※Source : Association for the Promotion of Japanese Language Education

※ America နှင့် UK နိုင်ငံများ၏ သင်တန်းကြေး၊ တက္ကသိုလ်ကျောင်းစရိတ်များ

		ပထမနှစ်		ဘွဲ့ရသည်အထိကုန်ကျစရိတ် ※6	
		ယန်း	ဒေါ်လာ	ယန်း	ဒေါ်လာ
America	အစိုးရပိုင်(၄)နှစ်ရှိသောတက္ကသိုလ်	2,920,680	25,620	11,682,720	102,480
	ပုဂ္ဂလိကပိုင်(၄)နှစ်ရှိသောတက္ကသိုလ်	3,960,360	34,740	15,841,440	138,960

※6 (၄)နှစ်စာသင်တန်းကြေး၊ တက္ကသိုလ်များ၏ကုန်ကျစရိတ် အနေဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။ Resource : Study in America 2018

		ပထမနှစ်		ဘွဲ့ရသည်အထိကုန်ကျစရိတ် ※7	
		ယန်း	ဒေါ်လာ	ယန်း	ဒေါ်လာ
UK	ဝိဇ္ဇာအတန်း	1,500,000～2,400,000	10,000～16,000	4,500,000～7,200,000	30,000～48,000
	သိပ္ပံအတန်း	1,800,000～3,750,000	12,000～25,000	5,400,000～11,250,000	36,000～75,000
	ဆေးဘက်ဆိုင်ရာအတန်း	3,300,000～6,000,000	22,000～40,000	9,900,000～18,000,000	66,000～120,000

※7 (၃)နှစ်စာသင်တန်းကြေး၊ တက္ကသိုလ်များ၏ ကုန်ကျစရိတ် အနေဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

Resource : Study in UK Guide Book 2018 (British Council)

(၁) ဒေါ်လာ = ၁၁၄ ယန်းဖြင့် တွက်ချက်သည်။

ပညာတော်သင်ဆု

ပညာတော်သင်ဆုသည် နိုင်ငံခြားပညာတော်သင်များအတွက် လိုအပ်သည့်ကုန်ကျစရိတ်အားလုံးကို ထောက်ပံ့ပေးသည်မှာ နည်းပါးပြီး၊ အများစုမှာ နေထိုင်စရိတ်နှင့် သင်တန်းကြေး၏ တစ်စိတ်တစ်ပိုင်းကိုသာ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ပညာတော်သင်ဆုကိုချည်းသာ မျှော်မှန်းမနေဘဲ ပညာတော်သင်အစီအစဉ်ကို ချမှတ်ကြရအောင်။

စီးပွားရေးအရထောက်ပံ့မှုအမျိုးအစား

① ပညာတော်သင်ဆု
② သင်တန်းကြေးလျှော့ပေါ့ပေးသည့်စနစ် (30%, 50%, 100% လျှော့ပေါ့ပေးခြင်း)

စာရွက်စာတမ်းတင်သည့်နည်းလမ်း

① (မလာခင်လျှောက်ထားခြင်း) ဂျပန်သို့မလာခင် ဂျပန်ပြည်ပတွင် လျှောက်လွှာတင်သည်။ (အနည်းစုငယ်မျှ)
② (ရောက်ပြီးမှလျှောက်ထားခြင်း) ဂျပန်ရောက်လာပြီး ကျောင်းတက်နေပြီး နောက်မှ ဂျပန်ပြည်တွင်းတွင် လျှောက်ထားသည်။ (အများအပြား)

ရည်ညွှန်းသောအဆင့်နှင့် အဖွဲ့အစည်းအရေအတွက်

	ရည်ညွှန်းချက်	ဂျပန်မရောက်ခင်လျှောက်ခြင်း		ဂျပန်ရောက်ပြီးလျှောက်ခြင်း
		ကိုယ်ပိုင်အုပ်ချုပ်သည့် ဒေသများအစိုးရ ပညာသင်	ဂျပန်အစိုးရ	ကိုယ်ပိုင်အုပ်ချုပ်သည့် ဒေသများအစိုးရ ပညာသင်
1	နည်းပညာဥပဒေကောလိပ် အထက်တန်းကျောင်းသား	○	1	21
2	အထူးပြုသင်တန်းကျောင်း	○	2	17
3	တက္ကသိုလ်၊ကောလိပ်မှ အထူးသင်တန်းကျောင်းသား	○	1	5
4	အထက်ပါ(၃)ချက်အပြင် ဂျပန်ဘာသာပညာရေး အဖွဲ့အစည်းမှ ကျောင်းသား		3	8
5	ကောလိပ်ကျောင်းသား		3	35
6	တက္ကသိုလ်မှ အထူးသင်တန်းသား		0	3
7	တက္ကသိုလ်ကျောင်းသား	○、ဂျပန်ဘာသာစကား ဂျပန်ယဉ်ကျေးမှုသုတေသန	9	88
8	ဘွဲ့လွန်အဆင့်ရှိသည့် သုတေသနကျောင်းသား	○、ဆရာများ၏သုတေသန	3	23
9	ဘွဲ့လွန်ကျောင်းသား	○、YLP	16	114
10	ပါရဂူကျောင်းသား	○	14	114
11	သက်မွေးပညာဘွဲ့သင်တန်းမှကျောင်းသား	○	1	3

Source : Japan Student Services Organization "Japan Study Abroad Scholarship Pamphlet 2018-2019"

! ဘွဲ့ကြိုနှင့်ဘွဲ့လွန်တက္ကသိုလ်၏ ပံ့မှန်အတန်းအတွက် ရည်ရွယ်သည့် ပညာသင်ဆုမှာ များပါသည်။

လျှောက်လွှာတင်ရာတွင် ပါဝင်ရမည့်အချက်များ

①အသက် ② မွေးဖွားရာနိုင်ငံ/ဒေသ ③ ဂျပန်တွင်တက်ရောက်နေသည့်ကျောင်း ④အထူးပြုဘာသာရပ် စသည်တို့ကို သတ်မှတ်ထားပါသည်။

! ပညာတော်သင်ကျောင်းသားများအတွက်ရည်ရွယ်သောပညာသင်ဆုမှာလျှောက်ထားချိန်တွင်၊ နေထိုင်ခွင့်အမျိုးအစားမှာ (ပညာတော်သင်) ဖြစ်ရမည်ဟူသောသတ်မှတ်ချက်ကများပါသည်။

ရွေးချယ်ရန်စစ်ဆေးမှု

စာရွက်စာတမ်းစစ်ဆေးမှုမှာ အဓိကကျသော်လည်း၊ အင်တာဗျူးစစ်ဆေးခြင်းနှင့် ယေဘုယျပညာအရည်အချင်း (သို့မဟုတ်) အထူးပြုဘာသာရပ်ဆိုင်ရာ ဗဟုသုတနှင့် ဘာသာစကား စသည်တို့အား ရေးဖြေစာမေးပွဲ စစ်ဆေးသည်လည်းရှိသည်။

လျှောက်ထားသည့်နည်းလမ်း

တက်ရောက်နေသည့်ကျောင်းမှတဆင့် လျှောက်ထားခြင်းက များပါသည်။ (အသေးစိတ်အား ကျောင်း၏ နိုင်ငံခြားသားတာဝန်ခံကောင်တာတွင် မေးမြန်းကြည့်ပါ။)

ဂျပန်နိုင်ငံသို့မလာမီ လျှောက်ထားရသော ပညာသင်ဆု

အမျိုးအစား	ရည်ညွှန်းသည် (သို့) ထောက်ပံ့ပေးမည့် အဖွဲ့အစည်းအရေအတွက်	လစဉ်ထောက်ပံ့ကြေး	လစဉ်ထောက်ပံ့ကြေး(ဒေါ်လာ)	ဆက်သွယ်ရန်
ဂျပန်အစိုးရ(Ministry of Education, Culture, Sports, Science and Technology)မှ ပညာသင်ဆု ※၁	Young Leaders' Program (YLP) ကျောင်းသား	242,000	2,123	အမိနိုင်ငံ၏ဂျပန်နိုင်ငံ ပြည်ပရုံး လက်ရှိ တက်ရောက်နေသည့် ကျောင်း ※၂
	သုတေသနကျောင်းသား (ပုံမှန်အတန်း)	143,000	1,254	
	သုတေသနကျောင်းသား (မာစတာအတန်း)	144,000	1,263	
	သုတေသနကျောင်းသား (ပါရဂူအတန်း)	145,000	1,272	
	ဆရာများသုတေသန ပညာတော်သင်	143,000	1,254	
	ဘွဲ့ကြိုကျောင်းသား/နည်းပညာဥပစာကောလိပ် အထက်တန်း ကျောင်းသား/ အထူးပြုသင်တန်းကျောင်း/ဂျပန်ဘာသာ–ဂျပန် ယဉ်ကျေးမှု သုတေသနကျောင်းသား	117,000	1,026	
Ministry of Education, Culture, Sports, Science and Technology မှ နိုင်ငံခြားကျောင်းသား ထောက်ပံ့မှု (ပညာတော်သင် ကျောင်းသားလက်ခံသည့် ပရိုဂရမ်ကြိုတင်လျှောက် ရန် ကန့်သတ်ချက်ရှိ)	ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) တွင် ထူးချွန်သောအမှတ် ရရှိကာ ဂျပန်တက္ကသိုလ် တွင် ဘွဲ့ကြို၊ ကောလိပ်၊ နည်းပညာ ဥပစာ ကောလိပ် အထက်တန်းကျောင်းသား (ပညာသင်နှစ် (၃)နှစ် အထက်)၊ ထို့အပြင် အထူးပြုသင်တန်းတွင် ပုံမှန်ကျောင်းသား အဖြစ် အသစ်ကျောင်းဝင်ပြီး မိမိစရိတ်ဖြင့်တက်ရောက်သည့် နိုင်ငံခြားပညာတော်သင် ကျောင်းသား	48,000	421	ဂျပန်ကျောင်းသားများ အား ကူညီပေးသည့် အဖွဲ့အစည်း JASSO ※၃
ဒေသန္တရအစိုးရ (သို့) ပုဂ္ဂလိကအဖွဲ့အစည်း၏ ပညာတော်သင်ဆု	17 ခု	60,000~ 200,000	526~ 1,754	ဒေသန္တရအစိုးရ (သို့) ပုဂ္ဂလိက အဖွဲ့အစည်း
ကျောင်းအတွင်း ပညာတော်သင် ဆု၊ သင်တန်းကြေးကင်းလွတ်ခြင်း၊ လျှော့ချခြင်းစနစ်	—	—	—	ဆက်တက်မည့် ကျောင်းမှတဆင့်

※၁ ကျောင်းဆက်ဆဲ၊ သုတေသနလုပ်နေသည့်ဒေသအပေါ်မှာမူတည်ပြီး ပညာတော်သင်ဆုကြေးတိုးလာခြင်းရှိရှိသည်။

အမေရိကန် (၁)ဒေါ်လာ = (၁၁၄) ယန်းဖြင့် တွက်ချက်သည်။

※၂ အချို့နိုင်ငံများတွင် မိမိတို့နေထိုင်သည့်နိုင်ငံ၏ အစိုးရအဖွဲ့အစည်းတွင် စုံစမ်းနိုင်ပါသည်။

※၃ https://www.jasso.go.jp/ryugaku/study_ j/scholarships/shoureihi/yoyakuseido/

※၄ ဂျပန်နိုင်ငံသို့ မလာမီ ပညာသင်ဆုသတ်မှတ်ပေးမေးကို မိမိလျှောက်ထားသော အဖွဲ့အစည်းတွင် စုံစမ်းပါ။
https://www.jasso.go.jp/ryugaku/study_j/scholarships/brochure.html

ဂျပန်နိုင်ငံသို့မလာမီလျှောက်ထားရသော ပညာသင်ဆု (Student Exchange Support Program ဖြင့် ရရှိနိုင်သည့်ပညာသင်ဆု)

အမျိုးအစား	ရည်ညွှန်းသည် (သို့) ထောက်ပံ့ပေးသည့် အဖွဲ့အစည်းအရေအတွက်	လစဉ်ထောက်ပံ့ကြေး	လစဉ်ထောက်ပံ့ကြေး(ဒေါ်လာ)	ဆက်သွယ်ရန်
Student Exchange Support Program(အချိန်တိုလက်ခံခြင်း) ပညာတော်သင်ဆု	ပညာတော်သင်ကာလ(၈)ရက်အထက်၊ (၁)နှစ်အတွင်းရှိသော တက္ကသိုလ် အချင်းချင်း ယဉ်ကျေးမှုဖလှယ်သည့် နိုင်ငံခြားသား ပညာတော်သင်	80,000	702	လက်ရှိတက်ရောက်နေ သည့်ကျောင်း

ဂျပန်နိုင်ငံသို့ရောက်ပြီးမှ လျှောက်နိုင်သည့် ပညာသင်ဆု

အမျိုးအစား	ရည်ညွှန်းသည် (သို့) ထောက်ပံ့ပေးသည့် အဖွဲ့အစည်းအရေအတွက်	လစဉ်ထောက်ပံ့ကြေး	လစဉ်ထောက်ပံ့ကြေး(ဒေါ်လာ)	ဆက်သွယ်ရန်
Ministry of Education, Culture, Sports, Science and Technology မှ နိုင်ငံခြားကျောင်းသား ထောက်ပံ့မှု (ပညာတော်သင် ကျောင်းသားလက်ခံ သည့် ပရိုဂရမ်ကြိုတင် လျှောက် ရန် ကန့်သတ်ချက်ရှိ)	ဘွဲ့လွန်တက္ကသိုလ် (ဘွဲ့လွန်အတန်း၊ ပါရဂူအတန်း)/ သုတေသနကျောင်းသား (ဘွဲ့လွန် အဆင့်)/ တက္ကသိုလ်/ ကောလိပ်/ နည်းပညာ ဥပစာကောလိပ် အထက်တန်း ကျောင်းသား (ပညာသင် နှစ် (၃)နှစ် အထက်)၊ အထူးပြုသင်တန်းကျောင်း/ ပညာတော်သင်ကျောင်းသားအတွက် အထူးသင်တန်း/ ဒီဂရီမရရှိသည့်အတန်း/ ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်းကျောင်း	48,000	421	ဂျပန်နိုင်ငံရှိ တက်ရောက် နေသည့် ကျောင်း
	ဂျပန်ဘာသာပညာရေးအဖွဲ့အစည်း	30,000	263	
ဒေသန္တရအစိုးရ (သို့) ပုဂ္ဂလိက အဖွဲ့အစည်း၏ ပညာတော်သင်ဆု	132 ခု	20,000~ 310,000	526~ 1,754	ဂျပန်နိုင်ငံရှိ တက်ရောက် နေသည့် ကျောင်း (သို့) ပညာသင်ဆုပေးသည့် အဖွဲ့အစည်း
ကျောင်းအတွင်းပညာတော်သင် ဆု၊ သင်တန်းကြေးကင်းလွတ်ခြင်း၊ လျှော့ချခြင်းစနစ်	—	—	—	ဂျပန်နိုင်ငံရှိ တက်ရောက် နေသည့် ကျောင်း

ပညာသင်ဆု၊ သင်တန်းကြေးလျှော့ပေါ့ပေးသည့်စနစ်

နိုင်ငံခြားကျောင်းသားများအတွက် " ပညာသင်ဆုလမ်းညွှန် " ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာ
ထုတ်ဝေသူ - Japan Student Service Organization (JASSO)
https://www.jasso.go.jp/ryugaku/study_j/scholarships/brochure.html
အောက်ပါဝက်ဆိုက်ဒ်များမှလည်း ပညာသင်ဆုအချက်အလက်ကို ရှာဖွေနိုင်ပါသည်။

ကျောင်းအစီအစဉ်ဖြင့် အကျိုးခံစားခွင့်ပေးသည့် ပညာသင်ဆု၊ ကျောင်းလခ လွတ်ငြိမ်းလျှော့ပေါ့မှုကို ရှာဖွေရန် (JASSO)
https://www.jasso.go.jp/ryugaku/study_j/search/daigakukensaku.html

ပညာသင်ဆု အချက်အလက်ကို ရှာဖွေခြင်း (JAPAN STUDY SUPPORT)
https://www.jpss.jp/ja/scholarship/

ယခုစာအုပ်တွင်ဖော်ပြမထားသောပညာသင်ဆု များလည်းရှိပါသည်။ အသေးစိတ်ကိုမိမိ တက်ရောက်မည့် ကျောင်းတွင်စုံစမ်းနိုင်ပါသည်။

အချိန်ပိုင်းအလုပ်

မိမိစရိတ်ဖြင့်ပညာသင်ကြားသည့် ကျောင်းသား၏ ၇၆%သည် အချိန်ပိုင်းအလုပ်လုပ်ကိုင်ကြပြီး၊ တစ်လတွင် ပျမ်းမျှလခ 59,000 ယန်း (518 ဒေါ်လာ)ဖြစ်ပါသည်။ အချိန်ပိုင်းအလုပ်ချည်းသက်သက်ဖြင့် ကျောင်းစရိတ်နှင့် နေထိုင် စားသောက်စရိတ်အားလုံးကို အထောက်အကူမပြုနိုင်သောကြောင့်၊ အချိန်ပိုင်းအလုပ်ကိုပဲ အားထားမနေဘဲ ရင်းနှီးမြှုပ်နှံသည့် အစီအစဉ်ကို ကြိုးစားကြရအောင်။

အချိန်ပိုင်းအလုပ်ကို လုပ်သည့်အချိန်တွင် အောက်ပါအချက်များကို ထိန်းသိမ်းသင့်သည်။
ထိုအရာများကို ချိုးဖောက်ပါက အပြစ်ပေးခြင်းခံရခြင်း၊ ကျောင်းမှ ထုတ်ပယ်ခြင်းများ ခံရနိုင်သည်။

1. အချိန်ပိုင်းအလုပ်လုပ်သည့်အခါတွင် အနီးဆုံးလူဝင်မှုကြီးကြပ်ရေးဌာန၌ (Permission to engage in activity other than permitted under the status of residence previously granted) ကိုရယူထားရမည်။ "ကျောင်းသား" ဟူသော နေထိုင်ခွင့် ခွင့်ပြုချက်ဖြင့် (၃)လနှင့်အထက် နေထိုင်ခွင့် ကာလ သတ်မှတ်ခံရသူသည်ပြည်ဝင်ခွင့်လက်မှတ်ထုတ်ပေးချိန်တွင် ဝင်ရောက်သော လေယာဉ်ကွင်း၊ သင်္ဘောဆိပ်၌ (Permission to engage in activity other than permitted under the status of residence previously granted) ကိုလျှောက်ထားနိုင်ပါသည်။
2. စာသင်ကြားမှုတွင် ထိခိုက်မှုမရှိရန်။
3. ကျောင်းတက်နေစဉ် ကျောင်းလခနှင့် လိုအပ်သောအသုံးစရိတ်များကို ဖြည့်စွက်ပေးရန် ရည်ရွယ်ချက်အတွက်ဖြစ်ပြီး၊ စုဆောင်းရန်နှင့် နိုင်ငံခြားသို့ ငွေပို့ရန်အတွက် မဟုတ်ပါ။
4. လူကြီးပိုင်းဖျော်ဖြေရေးလုပ်ငန်းများကို မလုပ်ရန်။ ※ဥပဒေဖြင့် တားမြစ်ထားသည်။
5. သီတင်း (၁)ပတ်လျှင် (၂၈)နာရီနှင့်အောက် (ကာလရှည်ပိတ်ရက်များတွင် ၁ ရက် ၈ နာရီနှင့်အောက်) လုပ်ရန်။
6. ပညာရေးအဖွဲ့အစည်းတွင် တက်ရောက်နေစဉ်အတွင်းသာ လုပ်ဆောင်ခြင်းပြုရန်။

အလုပ်ရွေးချယ်ရာတွင် အဓိကကျသည့်အချက်များ!

ပညာသင်ကြားရန် ရည်ရွယ်ချက်မှ လွဲချော်နေခြင်း၊ အပြင်းအထန်အလုပ်လုပ်ပြီး၊ ကျန်းမာရေးကို မထိခိုက်အောင်လုပ်ရန်။

◎ ပညာရေးကို ထိခိုက်မှုရှိနေလား။
ညဖိုးချုပ်အထိနှင့် အချိန်ကြာရှည်စွာအလုပ်လုပ်ပြီး နောက်ရက်တွေမှာ သက်ရောက်မှုရှိနေသလား။

◎ လခ ပေးချေမှုနည်းလမ်း။
အခွန်ငွေ၊ နေ့စဉ်ပေးချေမှု၊ တစ်ပတ်တစ်ခါပေးချေမှု၊ တစ်လတစ်ခါပေးချေမှု၊ လက်ငင်းပေးချေတာလား၊ ဘဏ်ကနေလွှဲပေးခြင်းလား။

◎ အလုပ်နှင့်ပတ်သက်သည့်အကြောင်းအရာက စိတ်ချရရဲ့လား။
အန္တရာယ်များသည့်အလုပ်များလား၊ အလုပ်ထဲတွင် မတော်တဆမှုအတွက် အာမခံကရော ဘယ်လိုလဲ၊ အချိန်ပိုင်း အလုပ် မိတ်ဆက်အား တက်ရောက်နေသည့်ကျောင်းတွင်လည်း ပြုလုပ်ပေးနေပါသည်။

အကြံပေးချင်သည့်အချက်

အချိန်ပိုင်းအလုပ်လုပ်ရင်း ကျောင်း၏ ကျောင်းခေါ်ချိန်မပြည့်ခြင်း၊ စာမလိုက်နိုင်ခြင်းဖြစ်က နေထိုင်ခွင့်ကာလ သက်တမ်းတိုးခြင်း ထပ်မရဘဲ မိမိတိုင်းပြည်ပြန်ရသော ပညာသင်ကျောင်းသားများလည်း နှစ်စဉ်ရှိပါသည်။ အားလုံးကောင်းစွာ သတိထားလုပ်ဆောင်ကြပါ။

(နိုင်ငံခြားကျောင်းသားများ လုပ်ကိုင်မှုများသော အလုပ်အမျိုးအစားများ)

	အလုပ်အမျိုးအစားများ	ရာခိုင်နှုန်း
1	စားသောက်ဆိုင်လုပ်ငန်း	41.9%
2	အရောင်းနှင့် အရောင်းမြှင့်တင်ရေး	28.9%
3	စာသင်ကြားခြင်း/ သုတေသနလက်ထောက်	7.3%
4	ဘာသာပြန်/စကားပြန်	6.7%
5	ဘာသာစကားသင်ကြားသည့်ဆရာ	6.2%
6	သန့်ရှင်းရေး	5.5%
7	ဟိုတယ်ဧည့်ကြိုဝန်ဆောင်မှုပေးသူ	5.3%
8	အလွတ်သင်ဆရာ (တစ်ဦးချင်းအိမ်လိုက်သင်သည့်ဆရာ)	4.7%

(အချိန်ပိုင်းအလုပ်၏ တစ်နာရီစာ လုပ်အားခ)

အလုပ်အမျိုးအစားများ	ရာခိုင်နှုန်း
800 ယန်းအောက်	5.4%
800 ~1,000 ယန်းအောက်	42.4%
1,000 ~1,200 ယန်းအောက်	39.4%
1,200 ~1,400 ယန်းအောက်	6.9%
1,400 ယန်းအထက်	4.8%
မသိနိုင်	1.0%

ကိုးကား - ၂၀၁၇ ခုနှစ်၊ မိမိအစီအစဉ်ဖြင့် ပညာသင်စရိတ်ကျခံသည့် နိုင်ငံခြားကျောင်းသားများအခြေအနေ လေ့လာခြင်း (JASSO)

ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေစဉ်အတွင်း ဝင်ငွေရှာနိုင်သည်ဟု ဆွဲဆောင်ပြောကြားနေသော အေဂျင်စီများကို သတိထားရန် လိုအပ်သည်။

မကြာသေးမီနှစ်များတွင် အချို့သောအေဂျင်စီများက အောက်ပါကဲ့သို့သော သတင်းအမှားများကို ဖြန့်ဝေနေသဖြင့် သတိထားကြပါ။

(၁)နာရီလျှင် 3,000 ယန်း (26 ဒေါ်လာ) ရရှိနိုင်သည်။ ➡ ✕ ပုံမှန်အချိန်ပိုင်းလုပ်ခ သည် 900 ယန်း (8 ဒေါ်လာ) ခန့်ရှိသည်။

ပညာသင်နေစဉ်၊ အချိန်ပိုင်းလုပ်ရင်းဖြင့် တစ်လ 200,000 ယန်း ~ 300,000 ယန်း ရှာနိုင်သည့်အတွက် ကျောင်းစရိတ်နှင့် နေထိုင်စားသောက်စရိတ်ကို လောက်ငစေသည့်အပြင် မိမိနိုင်ငံကိုပင် ပိုက်ဆံပြန်ပို့နိုင်သည်။ ➡ ✕ မပို့နိုင်ပါ။ ပျမ်းမျှ 50,000 ယန်း (439 ဒေါ်လာ) သာ ရရှိနိုင်သည်။

※ အမေရိကန် (၁)ဒေါ်လာ = (၁၁၄) ယန်းဖြင့် တွက်ချက်သည်။

နေရာထိုင်ခင်း

ဒေသန္တရအစိုးရအဖွဲ့အစည်းများနှင့် ကျောင်းမှ စီစဉ်ဆောင်ရွက်သော ကျောင်းအဆောင်များလည်း ရှိသော်လည်း နိုင်ငံတကာ ကျောင်းသားများ၏ ၇၅%ခန့်သည် ပုဂ္ဂလိကအိမ်ရာနှင့် တိုက်ခန်းများတွင် နေထိုင်လျက်ရှိသည်။ အောင်မြင်ကြောင်း အကြောင်းကြားစာကိုရရှိပါက ချက်ချင်းနေရာထိုင်ခင်းအတွက် အချက်အလက် စုစည်းကြရအောင်။ အချက်အလက်စုစည်းမှု နည်းလမ်းအနေဖြင့် (၁) ကျောင်းမှပညာတော်သင်ကျောင်းသားအတွက် တာဝန်စံဆောင်ရွက်ပေးသည့်ကောင်တာ (၂) အင်တာနက်၊ သတင်းအချက်လက်စုစည်းထားသောမဂ္ဂဇင်း (၃) မိမိနေထိုင်လိုသောဒေသတွင်ရှိသည့် အိမ်ခြံမြေ အကျိုးဆောင် တို့ရှိပါသည်။

ကျောင်းအဆောင်

အားသာချက်

- တိုက်ခန်းနှင့်ယှဉ်လျှင် ကုန်ကျစရိတ်နည်းသည်။ (Deposit, gratuity fee, apartment's renewal fee များ မကုန်ကျပါ။)
- အိမ်သုံးလျှပ်စစ်ပစ္စည်းများစသည်တို့ကို ပြင်ဆင်ထားပေးတာလည်းရှိပါတယ်။

အားနည်းချက်

- အခန်းအရေအတွက်တွင် အကန့်အသတ်ရှိသောကြောင့် နေထိုင်လိုသူ အားလုံးအတွက် စီစဉ်မပေးနိုင်ပါ။
- အဆောင်တံခါးပိတ်ချိန်နှင့် အိပ်ယာထချိန် စသည့် စည်းမျဉ်းစည်းကမ်းများ ရှိသည်။
- မီးဖိုချောင်၊ အိမ်သာနှင့် ရေချိုးခန်းမှာ ဘုံသုံးဖြစ်သည်။

အကြံပေးချင်သည့်အချက်

နေထိုင်စရိတ် (လစဉ်ကုန်ကျငွေ) အကြမ်းဖျင်း

ကျောင်းအဆောင် – အဆောင်ခ 28,000 ယန်း
(JASSO Tokyo Japanese Education Centre ဆိုပါက)

တိုက်ခန်း – ဒေသနှင့် နီးခြင်း၊ ဝေးခြင်း၊ အဆောက်အဦးသက်တမ်းပေါ် မူတည်၍ အများကြီးကွာခြားပါတယ်။ နယ်ဘက်မှာ ယန်း ၃၊၄ သောင်းလောက်နှင့် ရနိုင်သော်လည်း တိုကျိုမှာ တိုက်ခန်းရှာမယ်ဆိုရင်တော့ ယန်း ၆ သောင်း အတွင်း ကစံဖြစ်လို့နေပါတယ်။

အမှိုက်ပစ်နည်း

ဂျပန်နိုင်ငံမှာတော့ အမှိုက်ပစ်ရာမှာ ပြင်းထန်တဲ့စည်းကမ်းရှိပြီး အဲဒါကို မလုပ်ဆောင်နိုင်ဘူးဆိုရင် အိမ်နီးချင်းများနဲ့ ပြဿနာဖြစ်နိုင်ပါတယ်။ အမှိုက်ကို ခွဲခြားပြီး သတ်မှတ်ထားတဲ့ နေရာတွေမှာ အချိန်နဲ့ပစ်ကြရအောင်။

တိုက်ခန်း

အားသာချက်

- မိမိစိတ်တိုင်းကျ နေထိုင်မှုစည်းချက်အတိုင်း နေထိုင်နိုင်သည်။
- ငွေကို တန်ဖိုးထားသုံးစွဲသည့် အကျင့်ရစေသည်။

အားနည်းချက်

- ကုန်ကျစရိတ်များသည်။ စပေါ်ငွေ (အိမ်လခ လအနည်းငယ်စာ၊ အာမခံငွေ ဟု ခေါ်ဝေါ် သော နယ်ပယ်ဒေသများလည်းရှိသည်) ပြန်မအမ်းသောငွေ၊ အိမ်ခန်း ရှာပေးမှု ဝန်ဆောင်ခစသည်တို့ကို ပေးချေပြီးဝင်ရောက် နေထိုင်ခြင်း မပြုမီ ကြို တင်ပေးချေရသည်။
- အိမ်ငှားစာချုပ်အတွက် စီမံလုပ်ဆောင်ရသည်များ ရှုပ်ထွေးသည်။
- အိမ်သုံးလျှပ်စစ်ပစ္စည်းများကို အစ၊ အဆုံး မိမိဘာသာ ဝယ်ယူရမည်ဖြစ်သည်။

ပူးတွဲအာမခံ

ဂျပန်နိုင်ငံတွင် တိုက်ခန်းငှားရမ်းသည့်အခါ များသောအားဖြင့် " ပူးတွဲအာမခံသူ " လို အပ်သည်။ သင်သည်ပေးရန် အချိန်စေ့သောနေ့အထိ အိမ်ငှားခကို ပေးချေမှုမရှိခြင်း အိမ်ရှိ ပစ္စည်းပစ္စယများကို ထိခိုက်ပျက်စီးစေပြီး ပြန်လည်ပြုပြင်ပေးချေမှုမရှိခြင်း အခါ မျိုး၌ အိမ်ရှင်မှ ပူးတွဲ အာမခံပုဂ္ဂိုလ်အား ပေးချေရန် တောင်းဆိုမည်ဖြစ်သည်။ ဂျပန်လူမျိုး အသိမိတ်ဆွေ နည်းပါး သော နိုင်ငံတကာကျောင်းသားများအတွက် ကျောင်းနှင့်နီးစပ်သူ (အဖွဲ့အစည်း / နည်းပြဆရာ) စသည်

ပူးတွဲ အာမခံပုဂ္ဂိုလ်အဖြစ် လက်စံဆောင်ရွက်ပေးသည့် စနစ်လည်းရှိသည်။ ထို့အပြင်၊ " အာမခံငွေ " ကိုပေးချေရသည့်စာချုပ်ပေါ်မူတည်ပြီး " ပူးတွဲ အာမခံသူ " မလိုအပ်သည်များ လည်းရှိပါသည်။

※ နိုင်ငံတကာကျောင်းသားများအတွက်

ပြည့်စုံသော အိမ်ငှားအာမခံလျော်ကြေးစနစ် (Comprehension Renters' Insurance Program for foreign Students Studying in Japan) ဤအာမခံကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပညာရေးဝန်ဆောင်မှုအသင်းမှ စီမံ ဆောင်ရွက်ပေးလျက်ရှိပြီး မတော်တဆ မီးလောင်ခြင်းစသည့် အရေးပေါ်အမှုကိစ္စရပ် များ ကာကွယ်ရန်နှင့် အိမ်ငှားရာတွင် အာမခံပုဂ္ဂိုလ်အား ဒုက္ခမဖြစ်စေရန်အတွက် ရည်ရွယ်သောစနစ်ဖြစ်သည်။ ဤအစီအစဉ်ကို အသုံးပြုနိုင် မပြုနိုင်ကို မိမိတက်နေသော ကျောင်း သို့မဟုတ် တက်မည့်ကျောင်း၏ ကျောင်းသား ရေးရာဌာနနှင့် တိုင်ပင်ပါ။

အခန်းရှာရန်အဓိကအချက်များ

① အိမ်ငှားခ၊ ကနဦးကုန်ကျစရိတ်၊
② ကျောင်းမှအကွာအဝေး၊ အသွား/အပြန်ကြာချိန်၊
③ အိမ်ခန်းအကျယ်နှင့် ပါဝင်သောအသုံးအဆောင်ပစ္စည်းများ၊
④ အနီးပတ်ဝန်းကျင်၏ အဆင်ပြေရာမှုအနေအထား (ဘူတာရုံနှင့်နီးခြင်း၊ ဈေးဝယ်ရလွယ်ကူခြင်း) စသည်မှာ ?

ဆေးကုသမှုအာမခံ၊ မတော်တဆထိခိုက်ပျက်စီးမှုဆိုင်ရာအာမခံ

ဆေးကုသမှုအာမခံ

ဂျပန်နိုင်ငံတွင် ဆေးကုသစရိတ်၏ ဝန်ထုပ်ဝန်ပိုးကို သက်သာစေမည့် ဆေးကုသမှု အာမခံစနစ်ရှိသည်။

ဂျပန်တွင် (၃)လအထက် နေထိုင်သည့် နိုင်ငံခြားသားများသည် အမျိုးသားကျန်းမာရေးအာမခံ သို့ ဝင်ရမည်ဖြစ်သည်။

※ နေထိုင်ခွင့် (၃)လမပြည့်သူသည် မိမိတက်ရောက်နေသည့် ကျောင်းတွင် စုံစမ်းမေးမြန်းရပါမည်။

■ အာမခံထားရန်

သင်နေထိုင်သည့် အရပ်ဒေသရှိ သက်ဆိုင်ရာ မြို့နယ်ရုံးတွင် နေထိုင်ကြောင်း မှတ်ပုံတင် စာရင်းသွင်းခြင်း၊ လုပ်ငန်းစဉ်များကိုဆောင်ရွက်ထားရမည်။

■ အာမခံကြေး

ယေဘုယျအားဖြင့် နှစ်စဉ် ယန်း ၂ သောင်းခန့် ပေးသွင်းရမည့် မြို့နယ်အလိုက်နှင့် သင့်ဝင်ငွေပေါ် မူတည်၍ အာမခံကြေးအနည်းအများရှိသည်။ ကျောင်းသားများ အတွက် အာမခံကြေး လျှော့ပေါ့ပေးခြင်း နှင့် ထောက်ပံ့ကြေးပေးခြင်းများ ဆောင်ရွက်နေသည့် မြို့နယ်လည်း ရှိသောကြောင့် စုံစမ်းပါ။

■ အာမခံအကြောင်းအရာ

ဒဏ်ရာရ၊ နာမကျန်းဖြစ်ပြီး ဆေးကုသမှုကိုခံယူသည့်အခါတွင် အာမခံကတ်ကို ထုတ်ပြပါက ဆေးကုသစရိတ်၏ ၇၀% ကို အမျိုးသားကျန်းမာရေးအာမခံ မှ ကျခံမှာ ဖြစ်သည့်အတွက် မိမိဘာသာပေးချေရမှာက ၃၀% ကိုသာ ပေးချေရမည်။ သို့သော် အာမခံက အကာအကွယ်မပေးသည့် ဆေးကုသမှုအတွက် ကုန်ကျစရိတ်အားလုံးကို ကျခံရမည်။ ပြည်သူများ၏ ကျန်းမာရေးအာမခံ၌ အာမခံဝင်ထားပါက တစ်လအတွက် ဆေးကုသစရိတ် ဈေးကြီး သည့်အချိန်တွင် မိမိဘာသာပေးချေရမည့် ပမာဏထက် ကျော်လွန်သည့်ပမာဏကို မြင့်မားသောဆေးကုသစရိတ်ထောက်ပံ့ကြေးအနေဖြင့် နောက်ပိုင်းတွင်ပြန်လည်ပေးသည့် စနစ်ရှိပါသည်။ တစ်ဖန်၊ ဆေးရုံတက်ပါက ကြိုတင်ပြီး သတ်မှတ်ထားသည့် ပမာဏတွင် အကျုံးဝင်ကြောင်းကို လျှောက်လွှာတင်ခြင်း၊ ရယူခြင်းဖြင့် ဆေးရုံ၏ကောင်တာရှိပေးချေမှုကို သတ်မှတ် ပမာဏ အထိ လျှော့ချနိုင်ပါသည်။

မတော်တဆ ထိခိုက်ပျက်စီးမှုများဆိုင်ရာ အာမခံ

အမျိုးသားကျန်းမာရေးအာမခံက အကာအကွယ်မပေးနိုင်သည့် မတော်တဆထိခိုက်မှုများအား အကာအကွယ်ပေးသည့် အာမခံ အမျိုးအစားများတွင် မတော်တဆ ထိခိုက်မှု အာမခံနှင့် ပေးလျော်ရန် တာဝန်ရှိမှု အာမခံရှိသည်။ နိုင်ငံခြားကျောင်းသားများလည်း အာမခံထားနိုင်သည်။ ဥပမာ – အောက်ပါအခြေအနေမျိုးတွင် အာမခံငွေ ရရှိသည်။

- အကြော်မှုဆီစင်သောကြောင့် မီးဖိုချောင်မှာ လောင်ကာ နံရံကိုပြန်လည်ပြုပြင်ရမည်။
- စက်ဘီးစီးနေသည့်အခါ လမ်းလျှောက်နေသူနှင့်တိုက်မိပြီး တစ်ဖက်လူသည် ဒဏ်ရာရသောကြောင့် ဆေးကုသစရိတ်ကို ပေးလျော်ရသည်။
- အိမ်တွင်လူမရှိသည့်အချိန် အခန်းတွင် ထားထားသော ကွန်ပျူတာနှင့်ကင်မရာ အခိုးခံရသည်။

အာမခံအမျိုးအစားအမျိုးမျိုးကို ကျောင်းတွင်မိတ်ဆက်ပေးထားလေ့ရှိသောကြောင့် စုံစမ်းနိုင်သည်။

[သုတေသနကျောင်းသား၊ မတော်တဆ ထိခိုက်မှုအာမခံ (Gakken)]

ဂျပန်တက္ကသိုလ် ၉၆% ပါဝင်နေသော Japan Educational Exchanges and Services \ Personal Accident Insurance for students pursuing education and research ဟုခေါ်သည့်စနစ်လည်း ရှိပါသည်။ ထို့အပြင် လျော်ကြေးပေးသော Inbound futai-gakuso ဟုခေါ်သည့် စနစ်လည်းရှိပါသည်။

http://www.jees.or.jp/gakkensai/

[ကျောင်းသားအားထောက်ပံ့ပိုးကူညီမှု]

တက္ကသိုလ်တက်ရောက်နေသူဖြစ်ပါက University Co-operatives Mutual Aid Federation ဟူသော အာမခံအမျိုးအစားကိုလည်း ထားနိုင်ပါသည်။

https://kyosai.univcoop.or.jp/english/index.html

အလုပ်သင်

ကျောင်းသား ကျောင်းတက်ရောက်နေစဉ်အတွင်း ကုမ္ပဏီလုပ်ငန်းများ စသည်တွင် မိမိ၏မေဂျာဘာသာရပ်၊ အနာဂတ်အသက်မွေးမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင် အတွေ့အကြုံရစေသည့်စနစ်ကို အလုပ်သင် ဟုခေါ်သည်။ ပညာရေးသင်ရိုးညွှန်းတမ်း၏ တစ်စိတ်တစ်ဒေသအဖြစ် အလုပ်သင်ကို ခရက်ဒစ်အနေဖြင့် အသိအမှတ်ပြုသော ကျောင်းများလည်းရှိသည်။ ထိုစနစ်ရှိ၊ မရှိကို ကျောင်းရွေးချယ်သည့်အချိန်၌ ကျောင်းသို့တိုက်ရိုက်စုံစမ်းမေးမြန်းပါ။ တစ်ဖန်၊ အခကြေးငွေရရှိပါက [Permission to engage in activity other than that permitted under status of residence previously granted] ကိုရရှိထားရန် လိုအပ်သည်။ တစ်ပတ် (၂၈)နာရီ ကို ကျော်လွန်ကာလုပ်နိုင်သော အလုပ်သင် အနေဖြင့် ဆန္ဒရှိပါက အလုပ်သင်အကြောင်းအရာကိုသေချာပြသနိုင်သော အချက်အလက်နှင့်အတူ ဒေသန္တရလူဝင်မှုကြီးကြပ်ရေးတွင် သီးခြားအနေဖြင့် [Permission to engage in activity other than that permitted under status of residence previously granted] ကိုတင်ပြရမည်။

အချိန်ပိုင်းအလုပ်နှင့် Internship ၏ ကွာခြားချက်

အချိန်ပိုင်းအလုပ် – ကာယလုပ်အားကိုအသုံးချပြီး ဝိုက်ဆံရသည့်အလုပ်။
အလုပ်သင် – အလုပ်ဝင်နိုင်ဖို့ အခွင့်အရေးပေးကာ၊ အနာဂတ်တွင် အလုပ်အကိုင် ကောင်းရရန်အတွက် အသုံးဝင်မည့် အလုပ်အတွေ့အကြုံဖြစ်သည်။
အခကြေးငွေ မရဘဲ လုပ်ရတာမျိုးလည်းများသည်။

အလုပ်အကိုင်ရှာဖွေရန် နည်းလမ်း

① အလုပ်ဝင်ရန် ပံ့ပိုးပေးသော Website
မည်သည့်လုပ်ငန်းအမျိုးအစားမရွေး၊ အလုပ်သင်အများအပြားကို ခေါ်ယူနေသည်။

② တက္ကသိုလ်များမှ အလုပ်ဝင်ရန် တာဝန်ယူဆောင်ရွက်ပေးနေသည့်ဌာန ကြော်ငြာစာများကို အကြိမ်ကြိမ် စစ်ဆေးကြည့်ရှုပါ။

③ အလုပ်သင်အဖြစ် ဝင်ရောက်ရန် ဆောင်ရွက်ပေးသည့် အေဂျင်စီ
မိမိအားလက်ခံမည့် ကုမ္ပဏီအကြောင်းကို သေချာသိနေသည့်အတွက်၊ ကျောင်းသားနှင့် လုပ်ငန်း အကြား ကိုက်ညီမှုမရှိခြင်း ဖြစ်ရန် ခဲယဉ်းသည်။

ဂျပန်နိုင်ငံပြင်ပရှိ တက္ကသိုလ်ကျောင်းသားများက ဂျပန်နိုင်ငံတွင် အလုပ်ဝင်လိုသည့်အခါ လိုအပ်သည့်နေထိုင်ခွင့်အမျိုးအစား

ဂျပန်နိုင်ငံပြင်ပရှိ တက္ကသိုလ်တွင် တက်ရောက်နေသည့် ကျောင်းသားများ က ၎င်းတက္ကသိုလ်၏ ခရက်ဒစ်ရသည့် ပညာရေးအစီအစဉ် တစ်ရပ် အနေဖြင့် ဂျပန်ကုမ္ပဏီ တစ်ခုခု နှင့် သဘောတူညီမှုစာချုပ် ချုပ်ဆိုပြီး၊ အလုပ် အတွေ့အကြုံယူရန်အတွက် ဂျပန်နိုင်ငံသို့ လာရောက်မည်ဆိုပါက လုပ်အားခ ပေး၊ မပေး၊ နေထိုင်မည့်ကာလပေါ်မူတည်၍ ၎င်း၏ နေထိုင်ခွင့်အမျိုးအစား သည် " သီးခြား သတ်မှတ်သည့်လှုပ်ရှားမှု "၊ " ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှု "၊ " ကာလတို နေထိုင်ခွင့် " ဖြစ်ရမည်။

Ministry of Economy, Trade and Industry (METI) Global Internship Program

စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် နိုင်ငံခြားသား လူငယ်များ အတွက် ရည်ရွယ်ကာ ဂျပန် ကုမ္ပဏီများတွင် Internship Program များ ထားရှိပေးထားပါသည်။
စုံစမ်းရန် - Technical Cooperation Division, Trade and Economic Cooperation Bureau, Ministry of Economy, Trade and Industry TEL：(+81) 3-3501-1937

Ministry of Health, Labour and Welfare, Employment Service for foreigners
(Tokyo・Nagoya・Osaka)
အလုပ်ခန့်ခြင်းဆိုင်ရာသတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်း၊ အလုပ်ဝင်ရန်ဆွေးနွေးပေးခြင်းနှင့် မိတ်ဆက်ပေးခြင်း၊ Internship လက်ခံခြင်းစသည့်တို့ကို လုပ်ဆောင်ပါသည်။

စုံစမ်းရန် -	Tokyo	https://jsite.mhlw.go.jp/tokyo-foreigner/
	Nagoya	https://jsite.mhlw.go.jp/aichi-foreigner/
	Osaka	https://jsite.mhlw.go.jp/osaka-foreigner/

ဂျပန်နိုင်ငံတွင် ကုမ္ပဏီအလုပ်ရခြင်း

ဂျပန်နိုင်ငံတွင် ထူးချွန်သော လူသားအရင်းအမြစ်များကို အလုပ်ခေါ်ယူချင်သည်၊ နိုင်ငံခြားဘာသာစကားနှင့် အခြားနိုင်ငံများ၏အခြေအနေကို နားလည်သည့် လူသားအရင်းအမြစ်များကို လိုအပ်နေသည်၊ အမျိုးမျိုးသော ရှုထောင့်မတူညီသည့် လူသားအရင်းအမြစ်ကို အများအပြားခန့်ချင်သည် ဟူ၍ စဉ်းစားနေသည့်လုပ်ငန်းများလည်းတိုးလာကာ၊ နိုင်ငံခြားသားပညာတော်သင်တွေကို အလုပ်ခန့်ခြင်းများလည်း တိုးပွားလာပါသည်။ သို့သော်၊ နိုင်ငံခြားသား ကျောင်းသားများက ဂျပန်နိုင်ငံတွင် အလုပ်ဝင်ဖို့မှာ မလွယ်ကူလှပါ။ အောက်ပါ JASSO Website တွင် အလုပ်ဝင်ရန်ကြိုးစားခဲ့သည့် အတွေ့အကြုံများနှင့် အလုပ်ဝင်ရန် နှင့်ပတ်သက်သည့် ပွဲတွေ၏အချက်အလက်များပါရှိသည့်အတွက် ထိုအချက်များကို ကိုးကားပြီး မြန်မြန်ဆန်ဆန် အလုပ်ရှာဖွေဖို့ လုပ်ကြပါစို့။

ဂျပန်အစိုးရသည် နိုင်ငံခြားသားပညာတော်သင်ကျောင်းသားများ ဂျပန်နိုင်ငံရှိစီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်မှုကို အားပေးသည့်အနေဖြင့် JETRO တွင် [အဆင့်မြင့်နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်အတွက် Portal Site] Open for Professionals ကို ဖွင့်လှစ်ခဲ့ပါတယ်။ သို့သော် ထိုဝက်ဆိုက်ဘ်တွင် အောက်ပါသတင်းအချက်အလက်များကို ပေးမှုပေးပါသည်။

- ပွဲလိုက်အဖွဲ့အစည်းမှ ကျင်းပပြုလုပ်သည့် Job Fair နဲ့ Internship (ပါဝင်လိုပါကစာရင်းပေးနိုင်သည်)
- ယခင်ကျောင်းသားဟောင်းစီနီယာများမှ လျှပ်ရှားဆောင်ရွက်နေသောလုပ်ငန်း
- အလုပ်အကိုင်နှင့်ပတ်သက်သော ဆွေးနွေးတိုင်ပင်ရန်ဆောင်ရွက်ပေးခြင်း။

2019ခုနှစ်ဧပြီလမှစတင်ပြီး အင်္ဂလိပ်ဘာသာဖြင့် အချက်အလက်ပေးမှုခြင်းကို စတင်ခဲ့သည့်အပြင်၊ အလုပ်ဝင်ရန်လှုပ်ရှားမှုအတွက် ကိုးကားနိုင်စေရန်အလို့ငှာ နိုင်ငံခြားသားများအား အလုပ်ခန့်ရန် စိတ်ပါဝင်စားသော ဂျပန်လုပ်ငန်းများ၏အချက်အလက်များနဲ့ ဆက်သွယ်ရန်လိပ်စာများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ဂျပန်နိုင်ငံတွင် အလုပ်ဝင်ရောက်ရန်ဆန္ဒရှိသူများ ဆက်ဆက် ဝက်ဆိုက်ဘ်ကို ဝင်ရောက်ကြည့်ရှုပေးကြပါ။

နိုင်ငံခြားသားပညာတော်သင်ကျောင်းသားများအတွက် အလုပ်ဝင်ရန်လမ်းညွှန် (JASSO)
https://www.jasso.go.jp/ryugaku/study_j/job/

Japan Alumni eNews (JASSO)
https://www.jasso.go.jp/ryugaku/study_j/enews/

အဆင့်မြင့်နိုင်ငံခြားသားလူသားအရင်းအမြစ် မြှင့်တင်ရေး Portal Site 「Open for Professionals」
https://www.jetro.go.jp/hrportal

ဂျပန်နိုင်ငံတွင် နိုင်ငံခြားကျောင်းသားများ အလုပ်အကိုင်ရရှိသည့်အခြေအနေ

■ (နေထိုင်ခွင့်အမျိုးအစား "ကျောင်းသား" မှ အလုပ်လုပ်ခွင့် အမျိုးအစားသို့ ပြောင်းလဲလျှောက်ထားမှုအတွက် ခွင့်ပြုချက် အရေအတွက်)

Source: The Employment of International Students by Japanese Companies in 2017 by Immigration Bureau,Ministry of Justice

■ (လုပ်ငန်းအမျိုးအစားအလိုက် ဖွဲ့စည်းမှုအချိုး (ထိပ်ဆုံး၁၀မျိုး)

နံပါတ် ၁	ကုန်သွယ်၊ အရောင်းအဝယ်လုပ်ငန်း	9.5%
နံပါတ် ၂	ကွန်ပျူတာနှင့်ဆက်စပ်သောလုပ်ငန်း	7.7%
နံပါတ် ၃	စားသောက်ဆိုင်လုပ်ငန်း	5.2%
နံပါတ် ၄	ဟိုတယ်၊ အပန်းဖြေစခန်း	5.0%
နံပါတ် ၅	ဆောက်လုပ်ရေးလုပ်ငန်း	3.8%
နံပါတ် ၆	ပညာရေး	3.1%
နံပါတ် ၇	အစားအသောက်	3.1%
နံပါတ် ၈	ဈေးဝယ်စင်တာ	2.7%
နံပါတ် ၉	အထွေထွေစက်ယန္တရား	2.7%
နံပါတ် ၁၀	ခရီးသွားဝန်ဆောင်မှုလုပ်ငန်း	2.2%

■ လစဉ်ဝင်ငွေ ဖွဲ့စည်းပုံအချိုး

အမေရိကန်ဒေါ်လာသို့ပြောင်းသော် = ၁၁၄ ယန်းဖြင့်တွက်ချက်



■ နေထိုင်ခွင့်အမျိုးအစားပြောင်းခြင်း

နိုင်ငံခြားကျောင်းသားများက ဂျပန်နိုင်ငံတွင် ကုမ္ပဏီအလုပ်ရခဲ့သည့်အခါ နေထိုင်ခွင့်အမျိုးအစားကို "ပညာတော်သင်" မှ Engineer/ Specialist in Humanities/ National Services စသည့် အလုပ်လုပ်ကိုင်နိုင်သည့် နေထိုင်ခွင့်အမျိုးအစားသို့ပြောင်းလဲပေးရမည်။ နေထိုင်ခွင့် အမျိုးအစားပြောင်းလဲသည့်အခါ အရေးကြီးသည့်အချက် (၄) ချက် ရှိသည်။

① ပညာအရည်အချင်း	တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာကောလိပ် အောင်မြင်ထားသူ။ အသက်မွေးပညာသင်ကျောင်း အောင်မြင်ပြီး "ဒီပလိုမာဘွဲ့" ရှိသူ။
② လုပ်ကိုင်မည့် အလုပ်အမျိုးအစား	အလုပ်ရသည့်ကုမ္ပဏီတွင် လုပ်ကိုင်မည့်အလုပ်အမျိုးအစားသည် မိမိအထူးပြုထားသည့်ဘာသာရပ်နှင့် ဆက်စပ်မှုရှိ/မရှိသည် အရေးကြီးသည်။ ဥပမာ - အဝတ်အထည်စီစဉ်ပေးကို သင်ကြားခဲ့သူက ကွန်ပျူတာပရိုဂရမ်မာအဖြစ် အလုပ်ရသည့်အခါ နေထိုင်ခွင့် အမျိုးအစားကိုပြောင်းလဲရန် အခက်အခဲရှိနိုင်သည်။ လုပ်အားခသည် ဂျပန်လူမျိုးနှင့် ညီမျှရမည် (သို့) များပြားရမည်။ ကုမ္ပဏီ သည် ရေရှည်တည်မြဲစိုမှုရှိပြီး လုပ်ငန်းလည်ပတ်မှု အဆင်ပြေရမည်။
③ လစာ	ဂျပန်လူမျိုး၏လစာနှင့်တူညီသော (သို့) ထိုထက်မနည်းသော လစာ
④ လုပ်ငန်း၏အခြေအနေ	ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအခြေခံအုတ်မြစ် နှင့် လုပ်ငန်းလွှမ်းဆောင်ချက်များ၏ တည်ငြိမ်မှုသည်

■ အလုပ်ဝင်ရန် မဆုံးဖြတ်ရသေးပါက...

ဂျပန်တက္ကသိုလ် (*1)၊ အထူးပြုကျောင်း (*2)၊ မှ ကျောင်းပြီးသည်အထိ အလုပ်ဝင်ဖို့ မဆုံးဖြတ်ရသေးတဲ့အခြေအနေမှာလည်း၊ ပညာတော်သင် မှ designated activities အဖြစ် နေထိုင်ခွင့်အနေအထားကို ပြောင်းလဲခြင်းဖြင့်၊ အလုပ်ဝင်ရန်လှုပ်ရှားမှုကို ကျောင်းပြီးသည့်နောက်ပိုင်း ၁နှစ်အထိ၊ ဆက်လက်လုပ်ဆောင်နိုင်ပါသည်။ ထိုအခြေအနေမျိုးတွင် နေထိုင်ခွင့်ကာလမှာ၊ ၆လဖြစ်ပြီး၊ စည်းမျဉ်းအရ တစ်ကြိမ်သာသက်တမ်းတိုးရန် ခွင့်ပြုသည်။ *3 *4

※1 ဥပစာကောလိပ်နှင့် ဘွဲ့လွန်တက္ကသိုလ်များလည်း ပါဝင်သည်။ သို့သော်၊ Short Term Course ၊ အထူး သင်တန်းသားနှင့် သုတေသနကျောင်းသားများမပါဝင်ပါ။

※2 ဒီပလိုမာရရှိသူများသာ ကန့်သတ်ထားသည်။

※3 ကျောင်းမှထောက်ခံစာလိုအပ်သည်။

※4 သတ်မှတ်ထားသည့်အချက်အလက်များနှင့်ပြည့်မီပါက ကျောင်းပြီးသည့်နောက် ၂နှစ်မြောက်တွင်လည်း အလုပ်ဝင်ရန်လှုပ်ရှားမှုကို ထပ်မံဆောင်ရွက်နိုင်ပါသည်။ လုပ်ဆောင်ရမည့်အချက်အလက်အသေးစိတ်ကို၊ ဒေသရှိ လူဝင်မှုကြီးကြပ်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

စာရင်းဇယား

■ ဂျပန်နိုင်ငံရှိနိုင်ငံခြားသားကျောင်းသားဦးရေ

၂၀၁၈ခုနှစ်၊ မေလ(၁)ရက်နေ့ စာရင်းအရ

■ နိုင်ငံခြားသားကျောင်းသားဦးရေအပြောင်းအလဲ



■ အထူးပြုထားသော ဘာသာရပ်အလိုက် နိုင်ငံခြားသားကျောင်းသား အမျိုးအစား (အဆင့်မြင့်ပညာရေးအဖွဲ့အစည်း)



■ ကျောင်းအမျိုးအစားအလိုက် နိုင်ငံခြားကျောင်းသားဦးရေ

(ကျောင်းသား)

		အစိုးရပိုင်	ဒေသအစိုးရပိုင်	ပုဂ္ဂလိကပိုင်	စုစုပေါင်း
	ဘွဲ့လွန်တက္ကသိုလ်	31,715	2,043	16,426	50,184
	တက္ကသိုလ် (မေဂျာ)	12,554	1,855	70,448	84,857
	ဥပစာကောလိပ်	0	19	2,420	2,439
	နည်းပညာကောလိပ်	467	0	43	510
	အသက်မွေးပမ်းကျောင်း	0	19	67,456	67,475
	ပညာရေးကြိုတင်ပြင်ဆင်မှုသင်တန်း			3,436	3,436
	ဂျပန်စာသင်တန်းကျောင်း		58	90,021	90,079
စုစုပေါင်း		44,736	3,994	250,250	298,980

■ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းအရေအတွက်

(ကျောင်း)

	အစိုးရပိုင်	ဒေသအစိုးရပိုင်	ပုဂ္ဂလိကပိုင်	စုစုပေါင်း
ဘွဲ့လွန်တက္ကသိုလ်	86	83	467	636
တက္ကသိုလ် (မေဂျာ)	82	91	583	756
ဥပစာကောလိပ်	0	17	314	331
နည်းပညာကောလိပ်	51	3	3	57
အသက် မွေးပမ်းကျောင်း	9	186	2,611	2,806

※ The Open University of Japan is included as part of private universities

Source : FY2017 MEXT,Scholl Basic Survey　　၂၀၁၈ခုနှစ်၊ မေလ (၁) ရက် စာရင်းအရ

■ ဇာတိမြေ (ဒေသ) အလိုက်ပညာသင်ကျောင်းသား ဦးရေ

(ကျောင်းသား)

	နိုင်ငံ (ဒေသ) အမည်	ကျောင်းသား ဦးရေ
အဆင့်1	တရုတ်	114,950
အဆင့်2	ဗီယက်နမ်	72,354
အဆင့်3	နီပေါ	24,331
အဆင့်4	ကိုရီးယား	17,012
အဆင့်5	ထိုင်ဝမ်	9,524
အဆင့်6	သီရိလင်္ကာ	8,329
အဆင့်7	အင်ဒိုနီးရှား	6,277
အဆင့်8	မြန်မာ	5,928
အဆင့်9	ထိုင်း	3,962
အဆင့်10	ဘင်္ဂလားဒေ့ရှ်	3,640

ကိုးကား - ၂၀၁၇ ခုနှစ်၊ နိုင်ငံခြားသားဦးရေစစ်တမ်း (JASSO)
https://www.jasso.go.jp/about/statistics/intl_student_e/index.html

ဂျပန်ပညာတော်သင် အမေးနှင့်အဖြေ (Q & A)

Q ① ဂျပန်နိုင်ငံရဲ့မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းမှာ နှစ်အနည်းငယ် ကျောင်းတက်ဖူးတယ်။
② ဂျပန်အထက်တန်းကျောင်းမှအောင်တယ်။
③ ဂျပန်နိုင်ငံနဲ့ အခြားနိုင်ငံသားနှစ်ခုကို ခံယူထားတယ်။
အထက်ပါအခြေအနေရှိသူသည် နိုင်ငံခြားသားဝင်ခွင့်စာမေးပွဲ ဖြေဆိုဖို့ လျှောက်ထားနိုင်သလား။

A ဝင်ခွင့်လျှောက်လို့ရမရကို ကျောင်းကစီစစ်ပါတယ်။ ဝင်ခွင့်မလျှောက်ခင် ကျောင်းကိုဆက်သွယ်ပြီး လျှောက်လို့ရမရကို မေးမြန်းပါ။ ကျောင်းအပေါ်မူတည်ပြီး ဂျပန်ကျောင်းသားနဲ့တန်းတူ ဝင်ခွင့်စာမေးပွဲဖြေဆိုရတာမျိုးလည်း ရှိနိုင်ပါတယ်။

Q မသန်စွမ်းသူတစ်ယောက်ပါ။ ဝင်ခွင့်စာမေးပွဲဖြေဆိုတဲ့အခါနဲ့ ကျောင်းတက်ခွင့်ရပြီးနောက်ပိုင်း ကျောင်းဘက်ကနေ အထူးဂရုစိုက်စီစဉ်ပေးသလား။

A မသန်စွမ်းဖြစ်တဲ့ နိုင်ငံခြားကျောင်းသားများလည်း ကျောင်းရဲ့အကူအညီနဲ့ ဂျပန်နိုင်ငံမှာ စာသင်ကြားနေပါတယ်။ ရောဂါနှင့် ခန္ဓာကိုယ်မသန်စွမ်းဖြစ်လို့ ဝင်ခွင့်စာမေးပွဲဖြေတဲ့အခါနှင့်ကျောင်းတက်ခွင့်ရပြီး နောက်ပိုင်းအကူအညီ လိုအပ်ပါက ဝင်ခွင့်မလျှောက်ခင်မှာ ကျောင်းနဲ့တိုင်ပင်ဆွေးနွေးပါ။

Q ဝင်ခွင့်စာမေးပွဲကို ဖြေဆိုဖို့အတွက် ဂျပန်နိုင်ငံကို လာပြီးဖြေဆိုရမလား။

A ဂျပန်နိုင်ငံမှာပဲ ဝင်ခွင့်စာမေးပွဲကို ကျင်းပတဲ့ကျောင်းကများပေမယ့် ကျောင်းအပေါ်မူတည်ပြီး စာရွက်စာတမ်းကိုပဲ စိစစ်ပြီး ဝင်ခွင့်အောင်မအောင် ဆုံးဖြတ်ခြင်းများရှိသလို အင်တာနက်မှာ အင်တာဗျူးခြင်း၊ ဝင်ခွင့်လျှောက်ထားသူ၏ နိုင်ငံတွင် ဝင်ခွင့်စာမေးပွဲကျင်းပခြင်းများလည်း ရှိပါတယ်။ (ကိုးကား - P.30 ရှိ စာမေးပွဲဖြေဆိုရန်အတွက် ဂျပန်နိုင်ငံဝင်ခွင့် လုပ်ထုံးလုပ်နည်း)

Q တက္ကသိုလ်မှာ အဆင့်သတ်မှတ်မှုရှိလား။

A အဖွဲ့အစည်းအသီးသီးမှာ၊ အမြင်နဲ့ စံနှုန်းတွေကနေ ပြုလုပ်ထားတဲ့ အဆင့်သတ်မှတ်ချက်ရှိပေမယ့်၊ ဂျပန်အစိုးရတရားဝင်သတ်မှတ်ထားတဲ့ အဆင့်တော့မရှိပါဘူး။ အဲဒါက အမြင့်ဆုံးအဆင့်မို့လို့ သင်နှင့် ကိုက်ညီတယ် ဆိုတာမျိုးမဟုတ်တာမို့လို့၊ ဆရာနဲ့ ပညာတော်သင်အတွေ့အကြုံရှိသူရဲ့ စကားကို နားထောင်ခြင်း၊ JASSO နှင့်ကျောင်းရဲ့ ဝက်ဆိုက်ဒ်ကို ကြည့်ရှုခြင်းဖြင့်၊ သုတေသနစုဆောင်းမှုပြုလုပ်နိုင်ကာ၊ မိမိပါသနာနှင့် စိတ်ဝင်စားမှုရှိတဲ့ ကျောင်းကို ရှာကြည့်ပါ။

ဂျပန်နိုင်ငံတွင်ပညာသင်ကြားမှုမြှင့်တင်ရေးအကြောင်းအရာများ ထုတ်ပြန်သည့်နေရာ

ဂျပန်နိုင်ငံရှိ Ministry of Education, Culture, Sports, Science and Technology တွင် ပညာသင်ကြားမှုနှင့် ဆက်စပ်သည့် သတင်းအချက်အလက် ထုတ်ပြန်မှုနှင့် ထူးချွန်သောပညာသင်ကျောင်းသားရရှိရေးကို ရည်ရွယ်သည့် အလုပ် ခန့်အပ်သည့် လုပ်ရှားမှုကို မြှင့်တင်ဖို့အတွက် ပညာတော်သင် ဆောင်ရွက်မှုကို လုပ်ဆောင်ပေးနေပါသည်။ သတင်း၊ အချက်အလက် စုစည်းမှုနှင့် ပညာတော်သင်ဆွေးနွေးတိုင်ပင်မှုကို လုပ်ဆောင်ကြရအောင်။

Myanmar, Yangon
Okayama University
http://www.okayama-u.ac.jp/user/myanmar/index.html

Zambia, Lusaka
Hokkaido University
https://www.hokkaido-university-lusakaoffice-zm.com/

India, New Delhi
University of Tokyo
https://www.u-tokyo.ac.jp/adm/utindia/ja/index.html

Brazil, Sao Paulo
University of Tsukuba
http://www.global.tsukuba.ac.jp/overseas/s%C3%A3o-paulo?language=ja

Russia・CIS Region
・Hokkaido University ・University of Tsukuba ・Niigata University
in preparation

Middle East and Northern Africa
Kyushu University
https://jmena.jp

သတင်းအချက်အလက်စုစည်းထားခြင်း

ဂျပန်နိုင်ငံတွင် ပညာသင်သွားရောက်ရန်အတွက် အခြေခံသတင်းအချက်အလက်များ

JASSO Website

https://www.jasso.go.jp/ryugaku/study_j/

- ကျောင်းရှာဖွေခြင်း • ပညာသင်ဆုသတင်းအချက်အလက်ရှာဖွေခြင်း
- ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)
- JASSO မှ ဦးစီးပြုလုပ်သည့် Study In Japan Fair စသည်
  https://www.jasso.go.jp/ryugaku/study_j/event/

- ဂျပန်နိုင်ငံ ပညာတော်သင်လေ့လာမှုမြှင့်တင်ရေး စာရွက်စာတမ်းများ၊ ပုံနှိပ်ထုတ်ဝေမှု၊ ဂျပန်နိုင်ငံပညာရေးအဖွဲ့အစည်းမှ လက်ကမ်းစာစောင်များနှင့် ဂျပန်ပညာတော်သင်နှင့် သက်ဆိုင်သော စာအုပ်စာတမ်းများကို ကြည့်ရှုနိုင်ပါသည်။
  https://www.jasso.go.jp/ryugaku/study_j/sjrf/

Japan Version English Version

ဂျပန်သံရုံး (သို့မဟုတ်) ကောင်စစ်ဝန်ရုံးနှင့် နိုင်ငံရပ်ခြားရှိ ဂျပန်သံရုံးစာရင်း (နိုင်ငံခြားရေးရာဝန်ကြီးဌာန)

https://www.mofa.go.jp/mofaj/annai/zaigai/list/

- ဂျပန်ပညာတော်သင်သတင်းအချက်အလက် • ဂျပန်အစိုးရပညာသင်ဆုအချက်အလက်

* ပြည်ပပညာတော်သင်နှင့်ပတ်သက်ပြီး ဆွေးနွေးမှုပြုလုပ်ပေးသော သံရုံးနှင့် အထွေထွေကောင်စစ်ဝန်ရုံးလည်း ရှိပါသည်။

အခြားအောက်ပါဝက်ဆိုက်တ်များတွင်လည်း သတင်းအချက်အလက် ရှာဖွေနိုင်ပါသည်။

JAPAN STUDY SUPPORT

https://www.jpss.jp/ja/

- ကျောင်းရှာဖွေခြင်း
- ပညာသင်ဆုသတင်းအချက်အလက်ရှာဖွေခြင်း
- ကျောင်းဝင်ခွင့်စာမေးပွဲသတင်းအချက်အလက်များ
- ဂျပန်နိုင်ငံတွင် နေထိုင်ခြင်း

ကျွန်ုပ်တို့ Japan Student Services Organization (JASSO) သည် ကျောင်းသားအားလုံးအတွက် ဂျပန်ပညာတော်သင်သွားရောက်ရာတွင် အထောက်အပံ့ဖြစ်စေနိုင်ဖို့ကို မျှော်မှန်းလျက်ရှိပါသည်။

Independent Administrative Institution ဖြစ်သည့် (JASSO) အဖွဲ့အစည်းသည် Ministry of Education, Culture, Sports, Science and Technology မှ တာဝန်ပေးအပ်ထားသည့်အဖွဲ့အစည်းတစ်ခုလည်းဖြစ်ပါသည်။ ကျောင်းသားများအတွက်အထောက်အပံ့ဖြစ်စေရန် လမ်းပြပေးထားသည့် အဓိကအဖွဲ့အစည်းတစ်ခုအနေဖြင့် ပညာသင်ဆုလုပ်ငန်း၊ ပညာတော်သင်ကျောင်းသားများကိုအထောက်အပံ့ပေးသည့်လုပ်ငန်းနှင့် ကျောင်းသားဘဝနေထိုင်မှုအတွက်အထောက်အပံ့ပေးသည့် လုပ်ငန်းစသည့် အထွေထွေလုပ်ငန်းဆောင်တာကို လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိပြီး၊ နောင်တစ်ခေတ်၏ လူ့ဘောင်အဖွဲ့အစည်းအတွက် ဆောင်ရွက်မည့် တွေးခေါ်မျှော်မြင်မှုရှိသည့် လူသားအရင်းအမြစ်ကို ပျိုးထောင်ခြင်းနှင့်အတူ နိုင်ငံအချင်းချင်းနားလည်နိုင်မှု၊ ယဉ်ကျေးမှုဖလှယ်မှု တို့အတွက် မျှော်မှန်းလျက်ရှိပါသည်။

1 ပညာသင်ဆုဆိုင်ရာလုပ်ငန်း	စီးပွါးရေးအရ ကျောင်းပြီးဆုံးရန်အတွက် အခက်အခဲရှိသော ထူးချွန်သော ဂျပန်လူမျိုးကျောင်းသားများအတွက် ပညာသင်ဆုအနေဖြင့် ချေးပေးခြင်းနဲ့ထောက်ပံ့ခြင်းကို လုပ်ဆောင်လျက်ရှိပါသည်။ တဖန်၊ ကျောင်းသားများ၏လိုအပ်ချက်အလိုက် ပညာသင်ဆုစနစ်ကို လုပ်ဆောင်ခြင်းနဲ့ လျှောက်ထားရန်လုပ်ငန်းဆောင်တာကို ပြုပြင်ပြောင်းလဲခြင်း။ ပညာသင်ဆုဆိုင်ရာနဲ့ပတ်သက်ပြီး အချက်အလက် ထောက်ပံ့ခြင်း၊ သင့်တော်သော အချက်အလက်ကို စုဆောင်းပေးပါသည်။
2 ပညာတော်သင်ကျောင်းသားများကို အထောက်အပံ့ပေးသည့်လုပ်ငန်း	ပညာတော်သင်ကျောင်းသားအတွက် ပညာသင်ဆုထောက်ပံ့ပေးခြင်း။ ပညာတော်သင်ကျောင်းသားပေါင်းစုံနဲ့ယဉ်ကျေးမှုဖလှယ်ခြင်း ပရိုဂရမ်များက လုပ်ဆောင်ခြင်းနဲ့ ဂျပန်ပညာတော်သင်စာမေးပွဲစသည်တို့အတွက် ကျောင်းဝင်ခွင့်လုပ်ဆောင်ချက်များကို ပြုပြင်ပြောင်းလဲခြင်း။ ပညာတော်သင် ဆိုင်ရာအချက်အလက်များစုဆောင်းခြင်းနှင့်ထောက်ပံ့ခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိပါသည်။
3 ပညာတော်သင်ကျောင်းသားများကိုအထောက်အပံ့ပေးသည့် လုပ်ငန်းနဲ့ ကျောင်းသားဘဝနေထိုင်မှုအတွက် အထောက်အပံ့ပေးသည့် လုပ်ငန်း	တက္ကသိုလ်အသီးအသီးတွင် ကျင်းပသည့် ကျောင်းသားများအတွက် ပံ့ပိုးပေးသည့် လုပ်ဆောင်ချက်အမျိုးမျိုးကို သိရှိစေဖို့အတွက်၊ ကျောင်းသားဘဝနေထိုင်မှုပံ့ပိုးခြင်းနဲ့ပတ်သက်သည့် အကျိုးဖြစ်ထွန်းစေမည့်လုပ်ရှားမှုများအတွက် သတင်းအချက်အလက်ကို စုဆောင်းခြင်း။ ခွဲခြမ်းစိတ်ဖြာခြင်းနှင့်အတူ၊ သတင်းအချက်အလက်ထောက်ပံ့ခြင်းကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။ တဖန်၊ အမျိုးမျိုးသော လေ့ကျင့်ရေး လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ခြင်းမှတစ်ဆင့် တက္ကသိုလ်စသည်တို့တွင် ကျောင်းသားဝန်ဆောင်မှုအတွက် ပြီးပြည့်စုံမှုရှိစေရန် ထောက်ပံ့လျက်ရှိပါသည်။

Independent Administrative Institution
日本学生支援機構
JASSO Japan Student Services Organization
TEL: 03-5520-6111
FAX: 03-5520-6121
〒135-8630 Tokyo-to, Kōtō -Ku, Aomi2-2-1
infoja@jasso.go.jp

Oversea Office (JASSO Japan International Education Exchange Information Center)

Indonesia TEL (+62) 21-252-1912

JASSO Japan Educational Information Center, Jakarta
Summitmas Tower I, 2nd Floor, Jalan Jenderal
Sudirman KAV 61-62 Jakarta 12190 INDONESIA
info@jasso.or.id
http://www.jasso.or.id/
https://www.facebook.com/jasso.indonesia

Thai TEL (+66) 2-661-7057

JASSO Japan Educational Information Center, Bangkok
10F Serm-mit Tower, 159 Asok-Montri Rd.,
Bankok 10110 THAILAND
info@jeic-bangkok.org
https://www.jeic-bangkok.org/
https://www.facebook.com/JASSO.Thailand

Vietnam TEL (+84) 24-3710-0226

JASSO Vietnam Office
4th Floor, CornerStone Building, 16 Phan Chu Trinh,
Hoan Kiem, Hanoi, VIETNAM
info@jasso.org.vn
https://www.jasso.org.vn/
https://www.facebook.com/JASSO.Vietnam

Korea TEL (+82) 2-765-0141

JASSO Japan Educational Information Center, Seoul
#702 Garden Tower, 84 Yulgok-ro, Jongno-gu,
Seoul 03131 REPUBLIC OF KOREA
jasso@jasso.or.kr
http://www.jasso.or.kr/
https://www.facebook.com/JASSO.Korea

Malaysia TEL (+60) 3-2287-0812

JASSO Japan Educational Information Center, Kuala Lumpur
A-7-5, Northpoint Offices, Mid Valley City,
No.1, Medan Syed Putra Utara, 59200 Kuala Lumpur, MALAYSIA
enquiry@studyinjapan.org.my
http://www.studyinjapan.org.my/
https://www.facebook.com/JASSO.Malaysia

Oversea Office တွင် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

- အီးမေးလ်၊ အင်တာဗျူး၊ ဖုန်း၊ စာ စသည်တို့ဖြင့် ဆက်သွယ်လာသည်များကို ဆွေးနွေးမှုပြုလုပ်ပေးခြင်း။
- ကျောင်းလမ်းညွှန်၊ ကျောင်းကိုက်လိုင်း၊ ဂျပန်ပညာတော်သင် ကိုးကားစာအုပ်များကို ကြည့်ရှုပေးခြင်း။
- ဒေသတွင်းဆွေးနွေးပွဲများရဲ့ သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်း။

MEMO

OJEIC OKAYAMA UNIVERSITY
JAPAN EDUCATIONAL INFORMATION CENTER,
MYANMAR

ဂျပန်သို့ သွားလိုသူများအတွက် ကူညီပံ့ပိုး ဆောင်ရွက်ပေးနေပါသည်။ ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရန် သတင်းအချက်အလက်များနှင့် လုပ်ထုံးလုပ်နည်းများ၊ ဗီဇာနှင့်တကွ အခြားနေထိုင်စားသောက်ရေး စသည့် မည်သည့်ကိစ္စရပ်မဆို ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ ဆွေးနွေးတိုင်ပင်မှုအားလုံး ကို အခမဲ့ ဝန်ဆောင်မှုပေးပါသည်။ ဂျပန်နိုင်ငံ အစိုးရ ပညာရေးဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော

Services and Activities

* ဂျပန်သို့ ပညာသင်သွားလိုသူများအတွက် တိုင်ပင်ဆွေးနွေးပေးခြင်း။
* ဂျပန်အဆင့်မြင့်ပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို သိရှိနိုင်ရန် လမ်းညွှန်စာအုပ်များ ထားရှိခြင်း၊ Facebook မှ သတင်းပေးခြင်း စသည်ဖြင့် ပံ့ပိုးပေးခြင်း။
* Study in Japan Fair ကျင်းပပေးခြင်း။

- မြန်မာနိုင်ငံရှိတက္ကသိုလ်များ၊ အထက်တန်းကျောင်းများအား ဂျပန်ပညာသင်ခြင်းဆိုင်ရာ အကြောင်းအရာများကို မိတ်ဆက်ပေးခြင်း။
- ဂျပန်နိုင်ငံရှိတက္ကသိုလ်၊ ကောလိပ်ကျောင်းများသို့ မြန်မာနိုင်ငံမှ ပညာသင်သွားရောက်မှုနှင့် အခြေခံပညာ အထက်တန်းပညာရေး အချက်အလက်များ ပို့ဆောင်ပေးခြင်း။
- အခြားသော ပညာသင်ကျောင်းသား ဖလှယ်ရေး တိုးမြှင့်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း။

OJEIC

Okayama University Japan Educational Information Center, Myanmar

Yangon Office
The Japan Foundation, Yangon
1st Floor, No.70, Nat Mauk Lane (1),
Bahan Tsp, Yangon
Phone : 09-261 841 054

Opening Days : Monday to Saturday
Opening Hours : 9:00-17:00

Mandalay Office
MABA Office, 1st Floor, Room 3, Block 1,
Unit #6, Water Street, Mingalar Mandalay,
Chan Mya Thar Si Tsp, Mandalay
Phone : 09-459 343 340

Opening Days : Monday to Friday
Opening Hours : 9:30-16:30

Web: http://www.okayama-u.ac.jp/user/myanmar/index.html
Facebook: https://www.facebook.com/StudyinJapanOfficeYangon